ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် နယုန်လပြည့်ကျော် ၅ ရက်၊ စနေနေ့၊ 25, Saturday June 2016 (စဇ၀၃)

သုစရိုက်တရားနှင့်ပြည့်စုံစေ

သန့်ရှင်းကြည်လင်သောစိတ်ဖြင့်ပြုသော ကာယကံ၊ ဝစီကံ၊ မနောကံ ကုသိုလ်ကောင်းမှုတို့သည် ဘယ်သောအခါမျှ ပျောက်ကွယ်သွားခြင်းမရှိကုန်။ အရိပ်သည် အရိပ်ပိုင်ရှင် (လူ) ကို မစွန့်မူ၍ နောက်နားမှ အစဉ်လိုက်နေသကဲ့သို့ ချမ်းသာသည် ထိုသူ၏နောက်သို့ အစဉ်လိုက်၏။ ထို့ကြောင့် အကုသိုလ် ဒုစရိုက်များကို ရှောင်ကြဉ်၍ ကုသိုလ်သုစရိုက် တရားတို့နှင့် သာလျှင် ပြည့်စုံစေရာ၏။

ယမကဝဂ်(ဓမ္မပဒ-၂)

စိုက်ပျိုးရေးနှင့် စာရင်းအင်းဆိုင်ရာကဏ္ဍများ၌ ကမ္ဘာ့ဘဏ်မှ နည်းပညာအကူအညီပေးရေးဆွေးနွေး

သတင်း စာမျက်နှာ - ၃

မြန်မာအလုပ်သမားများ လူကုန်ကူးခံရခြင်း၊ နှိပ်စက်ခံရခြင်းမရှိစေရန် တာဝန်ရှိပုဂ္ဂိုလ်များက ကြပ်မတ်ဆောင်ရွက်ပေးစေလို

ဒေါ်အောင်ဆန်းစုကြည်

မြန်မာအလုပ်သမားများသည်လည်း ထိုင်းအလုပ်သမားများကဲ့သို့ တန်းတူအခွင့်အရေးရရှိရန် ဆောင်ရွက်သွားမည်

ဗိုလ်ချုပ်ကြီးပရာယွတ်ချန်အိုချာ(ငြိမ်း)

ဗန်ကောက် ဇွန် ၂၄

ထိုင်းနိုင်ငံတွင် လာရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသားများကို ထိုင်းနိုင်ငံသားများနှင့်တန်းတူ ကျန်းမာရေး၊ ပညာရေး စောင့်ရှောက်မှုများပေးရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာ(ငြိမ်း)နှင့် တွေ့ဆုံစဉ် ပြောကြားလိုက်သည်။

ထိုင်းနိုင်ငံသို့ ရောက်ရှိနေသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဇွန် ၂၄ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ဗန်ကောက်မြို့ရှိ အစိုးရအိမ်တော်၌ တွေ့ဆုံစဉ် ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်ပြီး ယင်းအပေါ် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်က ပညာရေးအတွက် ဘတ်သန်း ၅၀၀၊ ကျန်းမာရေးကဏ္ဍအတွက် ဘတ်သန်း ၅၀၀ အစိုးရက ချမှတ်ပေးထားပါကြောင်း၊ မြန်မာအလုပ်သမားများ သည်လည်း ထိုင်းအလုပ်သမားများကဲ့သို့ တန်းတူ အခွင့်အရေးရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ထိုင်းနိုင်ငံတွင်ရောက်ရှိနေသည့် မြန်မာအလုပ်သမားများ တရားဝင်အလုပ်လုပ်ကိုင်ခွင့်များ ရရှိစေလိုပါကြောင်း၊ ငါးဖမ်းသင်္ဘောများတွင်ရောက်နေသည့် မြန်မာ အလုပ်သမားများ လူကုန်ကူးခံရခြင်း၊ နှိပ်စက်ခံရခြင်း မရှိစေရန်လည်း နယ်မြေခံတာဝန်ရှိ ပုဂ္ဂိုလ်များက ကြပ်မတ်ဆောင်ရွက်ပေးစေလိုကြောင်း၊ ထို့ပြင် နှစ်နိုင်ငံနယ်နိမိတ်တိုင်းတာရေးလုပ်ငန်းများကိုလည်း ဆောလျင်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နယ်နိမိတ်ဆိုသည်မှာ နိုင်ငံနှစ်နိုင်ငံကို ခွဲခြားထားခြင်း မဟုတ်ဘဲ နှစ်နိုင်ငံအတူတကွ Share လုပ်သည့်နေရာ ဖြစ်ကြောင်း၊ မည်ကဲ့သို့ ချစ်ကြည်ရင်းနှီးစွာ နေထိုင်သွားမည်ကို **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာ(ငြိမ်း)တို့ အစိုးရအိမ်တော်၌ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

မဇ္ဈိမပဋိပဒေါ အလယ်ကျသော တူရူလမ်း

နိုင်ငံရပ်ခြား စကားပုံတစ်ခုရှိသည်။ လေပြင်းမုန်တိုင်း မည်မျှပင် တိုက်တိုက် နွဲ့နှောင်းပျော့ပျောင်းသော သစ်ပင် သစ်ကိုင်း၊ နွယ်မြက် တို့သည် အဆိုပါလေမုန်တိုင်းနှင့် လိုက်ဖက်ညီ ပြုမူလှုပ်ရှားသည်ဖြစ်၍ မုန်တိုင်းအထပ်ထပ်၏ ဒဏ်ရာဒဏ်ချက်များ၌ပင် ရှင်သန်ရပ်တည်နိုင်သည်ဟု ဆိုထားသည်။

စကားပုံတွင် ထိုသို့ဆိုသဖြင့် အလိုက်သင့်အလျားသင့် ပြုမူနေထိုင်ခြင်းဟု သဘောပေါက်သည်။ တစ်နည်းဆိုပါလျှင် မီးစဉ်ကြည့်ကရမည်ဟုလည်း နားလည်နိုင်သည်။ နှစ်ဖက်ရင်ဆိုင်မှုတစ်ခုတွင် မီးစဉ်ကြည့်ကရမည်ဟူသော အစွန်းတရားကတစ်ဖက်၊ မိမိသဘောတရား အပေါ်တွင် ခိုင်မာပြတ်သားပြီး မိမိ၏မူဝါဒအပေါ် ထိပါးလာသူမှန်သမျှ ရန်သူကဲ့သို့သဘောထားကာ တုံ့ပြန်မည်ဟူသော အစွန်းတရားက တစ်ဖက် ဤအစွန်းတရားနှစ်ပါး၏ သွေဖည်ရာ နှစ်ရပ်အကြားရှိ တူရူလမ်းကိုသာ ရွေးချယ်တတ်ရန်လိုပေသည်။

ထိုအစွန်းတရားနှစ်ပါး၏ သွေဖည်ရာနှစ်ရပ်ကြား တူရူလမ်းမှာ မဇ္ဈိမပဋိပဒေါအလယ်ကျသောတူရူလမ်း ဖြစ်ပေသည်။ မဇ္ဈိမပဋိပဒေါ အလယ်ကျသော ထိုလမ်းစဉ်မှာ မြတ်စွာဘုရားရှင်ဟောကြားထားသော ဘေးမသီ၊ ရန်မခ နှစ်ဖက်ငြိမ်းအေးချမ်းသာသော လမ်းစဉ်ပင်ဖြစ်သည်။ ခေတ်အမြင်အရဆိုလျှင် မိမိ၏အခြေခံမူဝါဒအပေါ်တွင် ပြတ်သားပြီး မိမိလုပ်ကိုင်ဆောင်ရွက်မည့် နည်းဗျူဟာပိုင်းဆိုင်ရာစနစ်တွင် ပျော့ပျောင်းရမည်ဟု ဆိုလိုခြင်း ဖြစ်သည်။

ထိုသဘောတရားအမြင်အပေါ်တွင် ဆက်စပ်တွေးခေါ်စရာများလည်း ရှိကောင်းရှိမည်။ မျက်မှောက်ကာလတွင် လူတိုင်းလူတိုင်း နိုင်ငံရေးကို လုပ်ကိုင်ဆောင်ရွက်နေကြသည်ဟု ဆိုရမည်ဖြစ်သည်။ နိုင်ငံရေးနှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုမည်ဆိုလျှင် နက်နဲကျယ်ပြောလှသည်။ နိုင်ငံရေးဆိုသည်မှာ တိုင်းပြည်အရေးအရာများကို ဦးဆောင်ဦးရွက်ပြုသူများကိုသာဆိုလိုရမည်မဟုတ်၊ လူမှုဘဝပတ်ဝန်းကျင်တွင်လည်း မိမိအကျိုး၊ အများအကျိုးအတွက် နိုင်ငံရေးကို ဆောင်ရွက်ကြရသည်။

လိုရင်းအချုပ် အများပိုင်ပုဒ်အားဖြင့်ဆိုလျှင် နိုင်ငံရေးဆိုသည်မှာ မိမိတို့အား မုန်းတီးသည့်သူနည်းပြီး ချစ်သူ၊ ခင်သူ၊ ကြင်နာသူများနိုင်သမျှများအောင် လုပ်ဆောင်ခြင်းကို နိုင်ငံရေးဟုပင် ရှင်းရှင်းလင်းလင်းဆိုရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် မိမိတို့အသိုက်အဝန်း၊ မိမိတို့၏နိုင်ငံသာမက မျက်မှောက်လူသားကမ္ဘာကြီးမှာ တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဟူသော လမ်းကြောင်းမှလွဲ၍ အခြားရွေးချယ်စရာလမ်းကြောင်းမရှိဟု ဆိုချင်သည်။ ယနေ့အချိန်အခါတွင် တစ်ဦးနှင့်တစ်ဦး မုန်းဖို့သာလွယ်ကူသည်။ ချစ်ခင်ကြင်နာဖို့အတွက် ခက်ခက်ခဲခဲကြိုးပမ်းယူရသော ကာလဖြစ်သည်။

ထို့ကြောင့် စစ်နှင့်ငြိမ်းချမ်းရေး ဂန္ထဝင်စာအုပ်ကြီးကို ရေးသားခဲ့သော စာရေးဆရာကြီးက ငြိမ်းချမ်းရေးသည် စစ်ပွဲတစ်ပွဲထက် ပို၍အသိပညာ၊ ဉာဏ်အမြော်အမြင်၊ ဆင်ခြင်တုံတရား၊ ဗဟုသုတ၊ စိတ်ရှည်သည်းခံမှု၊ စာနာထောက်ထားမှု၊ နားလည်ခွင့်လွှတ်မှု စသော Moral Ethics ကိုယ်ကျင့်အသိပညာ အဘိဓမ္မာရှိမှုဖြစ်ပေမည်ဟု အသိပေးထားပါသည်။

ငြိမ်းချမ်းသော လူမှုပတ်ဝန်းကျင်ကို တည်ဆောက်နိုင်မှသာလျှင် အမှန်တကယ် လူသားအကျိုးပြုဝါဒီ ဖြစ်ပေလိမ့်မည်။ ယခုအခါ နိုင်ငံရေးနယ်ပယ်မျိုးစုံတို့တွင် ကြိုတင်လက်ဦးမှုရယူရေး၊ တစ်ဦးနှင့်တစ်ဦး ရန်တို့မူရေး၊ မိမိတို့၏အယူဝါဒများအား တရားသေဆုပ်ကိုင်ရေးတို့အပေါ်တွင်မူတည်၍ မိမိတို့၏ ဒေါသ၊ မောဟ၊ မာန၊ ပညတ်များ အသီးသီးပေါ်ထွက်နေသည်ကို တွေ့ရသည်။ ယင်းတို့သည် မည်သည့်အခါမျှ မငြိမ်းချမ်းနိုင်သော စိတ်နေသဘောများသာဖြစ်သည်။

မဇ္ဈိမပဋိပဒေါအလယ်ကျသောတူရူလမ်းစဉ်သဘောဖြစ်သော Live and Let Live ဟူသော ကိုယ်လည်း ရှင်သန်နေ၊ သူတစ်ပါးလည်း ရှင်သန်စေဟူသော သဘောထားဖြင့် အပြန်အလှန်ဆက်ဆံကြမည်ဆိုပါလျှင် ငြိမ်းချမ်းသော၊ ဖွံ့ဖြိုးတိုးတက်သော မေတ္တာရှေးရှု လူသားအကျိုးပြုမည်ဖြစ်ပါကြောင်း။ ။

တိုင်းရင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နိုင်မည့်အစီအမံများ ဆွေးနွေး

နေပြည်တော် ဇွန် ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် Burma News International (BNI) ၏ အမှုဆောင်ဒါရိုက်တာဖြစ်သူ ဒေါ်နန်းဖော့ဂေနှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းရင်းမီဒီယာကဏ္ဍာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နိုင်မည့် အစီအမံများ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် တိုင်းရင်းမီဒီယာအဖွဲ့များအကြား အပြန်အလှန် လက်တွဲလုပ်ဆောင်နိုင်မည့် မီဒီယာနှင့်သက်ဆိုင်သည့် ကိစ္စရပ်များနှင့် သတင်းရယူရာတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ပံ့ပိုးပေးနိုင်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဗိုလ်ချုပ်အောင်ဆန်း ရှားပါးဓာတ်ပုံလှုဒါန်း

ရန်ကုန် ဇွန် ၂၄

ရှေးဟောင်းသမိုင်းဝင် ပိုးချည်ဖြင့်ရက်လုပ်ထားသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးအား လာရောက်ပေးအပ်လှူဒါန်းရာ အဆိုပါဓာတ်ပုံသည် အများပြည်သူနှင့် သက်ဆိုင်သော သမိုင်းဝင်ဓာတ်ပုံတစ်ပုံဖြစ်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် ဆက်လက်ထိန်းသိမ်းထားရှိနိုင်ရန်အတွက် ဗဟန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးအသစ်သို့ သွားရောက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါဓာတ်ပုံသည် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် တိုင်းပြုပြည်ပြု ပါလီမန်လွှတ်တော်အမတ် ဦးမဲကျော်ဦးနှင့် ဇနီးဖြစ်သူ ဒေါ်သိန်းတင်(သံတွဲ) တို့က စနစ်တကျထိန်းသိမ်းထားနိုင်ခြင်းကြောင့် စမ်းချောင်းမြို့နယ် Khit Ligh Trading Real Estate Services Co.,Ltd. မြေးဖြစ်သူ မန်နေဂျင်းဒါရိုက်တာ ဒေါ်သိန်းခင်က ယခုလိုလာရောက်ပေးအပ်နိုင်ခြင်းဖြစ်ကြောင်း သိရသည်။ ဓာတ်ပုံအရွယ်အစားမှာ အလျား ၃ ပေ ၂ လက်မ နှင့် အနံ ၂ ပေ ၈ လက်မရှိသော ရှေးဟောင်းသမိုင်းဝင် ဗိုလ်ချုပ်အောင်ဆန်း၏ ရှားပါးသောဓာတ်ပုံဖြစ်သည့်အတွက် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ တွဲဖက်အတွင်းရေးမှူး ဦးသန်းနှင့် ကော်မတီဝင်များသည် ယနေ့ညနေပိုင်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦးနှင့် အတွင်းရေးမှူး ဦးဥာဏ်ဝင်းတို့အား ဆက်လက်ပေးအပ်လှူဒါန်းလိုက်ကြောင်း သိရသည်။

(စောသိန်းဝင်း)

မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအား အကောက်ခွန်ရှင်းလင်းထုတ်ပေးမှု အခြေအနေ

ရန်ကုန် ဇွန် ၂၄

အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့သည့် ၂၅-၁၀-၂၀၁၁ ရက်နေ့မှ ၂၄-၆-၂၀၁၆ ရက်နေ့အထိ ၅၆ လတာကာလအတွင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ ၅၅၂၈၃၁ စီးဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန်(CD) ၃၈၂၉၀၀ ဒသမ ၂၉ ကျပ်သိန်း၊ ကုန်သွယ်ရေးလုပ်ငန်းခွန် (CT) ၆၆၇၉၅၅ ဒသမ ၀၃ ကျပ်သန်း စုစုပေါင်း ၁၄၅၀၈၅၅ ဒသမ ၃၁ ကျပ်သန်းအား ကောက်ခံရရှိပြီးဖြစ်သည်။

အဆိုပါအကောက်ခွန် (CD)နှင့် ကုန်သွယ်လုပ်ငန်းခွန် (CT)များ စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်များအနက် ယာဉ်အို၊ ယာဉ်ဟောင်းအစားထိုးလဲလှယ်ရေးစီမံချက်အတွက် ၁၃၈၄၉၈ စီး၊ ကားအရောင်းပြခန်းများအတွက် ၁၂၄၃၁၁ စီး၊ သင်္ဘောသားပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၁၈ စီး နိုင်ငံခြားရေးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက်အစီး ၇၃၀၊ ပြည်ပနေ အလုပ်လုပ်ကိုင်သူများ ပါမစ်ဖြင့်တင်သွင်းမှုများအတွက် ၄၃ စီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာ ဝယ်ယူသူပါမစ်ဖြင့် တင်သွင်းမှုများအတွက် အစီး ၂၈၄၀၄၀ တို့ဖြစ်ကြောင်း သိရသည်။

(ဝင်းမြင့်)

စာအုပ်စာပေ လူမှုတ်ဆွေ

မြေးမှ် နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလွဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အယ်ဒီတာ်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလွဲ

ပုံနှိပ်မြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)မြင့်
ကြေးရုံသတင်းစာတိုက်က ထုတ်ဝေသည်။

၁၉၉၇ခုနှစ် ခစ် တွင် တောင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆-၃၆၁၂၅၊ ၀၆-၃၆၁၃၀၀၊ ဖက်စ် ၀၆-၃၆၁၃၀၀၊
ရန်ကုန်မုံရွာ - အမှတ် ၇၇ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅ ဒီဇိုင်/ဌေးရောင်း ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၅

စိုက်ပျိုးရေးနှင့် စာရင်းအင်းဆိုင်ရာကဏ္ဍများ၌ ကမ္ဘာ့ဘဏ်မှ နည်းပညာအကူအညီပေးရေး ဆွေးနွေး

နေပြည်တော် ဇွန် ၂၄
နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ကမ္ဘာ့ဘဏ်အုပ်စု၏ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် လုပ်ငန်းဆိုင်ရာ အရာရှိချုပ် မစ္စဆရီမူရာနီ အင်ဒရာ ဝါကီ ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့အား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကမ္ဘာ့ဘဏ်အကြား ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ စိုက်ပျိုးရေးနှင့် စာရင်းအင်းဆိုင်ရာကဏ္ဍများ၌ ကမ္ဘာ့ဘဏ်မှ နည်းပညာအကူအညီပေးရေးတို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ မြစ်ကြီးနားမြို့ရှိ အကျဉ်းထောင်၊ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်လေ့လာ

မြစ်ကြီးနား ဇွန် ၂၄

ကုလသမဂ္ဂ(UN)၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီနှင့်အဖွဲ့သည် ရန်ကုန်မြို့မှ တစ်ဆင့် မြစ်ကြီးနားမြို့သို့ ယနေ့နံနက် ၉ နာရီ ၁၀ မိနစ်တွင် ရောက်ရှိကြပြီး ပြည်နယ်အစိုးရအဖွဲ့နှင့် သွားရောက် တွေ့ဆုံသည်။

တွေ့ဆုံစဉ် မစ္စယန်ဟီလီက ခရီးစဉ်အတွက် ကူညီပေးသည့် ပြည်နယ်အစိုးရအဖွဲ့အား ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) ကျင်းပနိုင်ရေး ဆောင်ရွက်နေမှုများကို မိမိအနေဖြင့်စိတ်လှုပ်ရှားမိပါကြောင်း၊ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ တာဝန်ပေးအပ်ချက်အရ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေကို လာရောက်လေ့လာခြင်းဖြစ်ပြီး ပြည်နယ်အစိုးရအဖွဲ့နှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ)မှ ငြိမ်းချမ်းရေးဆွေးနွေးမှုများ အဆင်ပြေသွားပါက လူ့အခွင့်အရေးကိစ္စရပ်များလည်း ပြေလည်သွားမည်ဖြစ်ပါကြောင်းနှင့် လူ့အခွင့်အရေးလုပ်ငန်းများ ဆောင်ရွက်မှုတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် မစ္စယန်ဟီလီနှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ရှိ အကျဉ်းထောင်၊ လယ်ကုန်းရပ်ကွက် ဇီးအွန်နှစ်ခြင်းအသင်းတော်ဝင်းအတွင်းရှိ IDP စခန်းနှင့် ဂျာမိုင်ကောင်းရပ်ကွက် RC အသင်းတော်ဝင်းအတွင်းရှိ IDP စခန်းများသို့ သွားရောက်လေ့လာပြီး စစ်ဘေးရှောင် မိသားစုများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

မစ္စယန်ဟီလီနှင့်အဖွဲ့သည် ဇွန် ၂၅ ရက်တွင် မြစ်ကြီးနားမှ လားရှိုးမြို့သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

သံတွဲရေကြီးမှု ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဇွန်လကုန်တွင် ပြီးစီးအောင် ဆောင်ရွက်နေ

သံတွဲ ဇွန် ၂၄

သံတွဲမြို့နယ်အတွင်းရှိ ရေကြီးရေလျှံမှုဒဏ် ခံစားခဲ့ရသည့် ကျေးရွာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇွန်လကုန်တွင် လုပ်ငန်းများအားလုံး ပြီးစီးနိုင်ကြောင်း သိရသည်။

သံတွဲမြို့နယ်တွင် ဇွန်လ ဒုတိယပတ်အတွင်းက ရက်ရှည်မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် ကျေးရွာအုပ်စု ငါးအုပ်စုရှိ ကျေးရွာ ၁၈ ရွာ၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး လူနေအိမ် ထောင်နှင့်ချီ၍ ရေနစ်မြုပ်ခဲ့ကာ ကျေးရွာစာသင်ကျောင်း တစ်ကျောင်းနှင့် လူနေအိမ် ၂၁၀ ခန့် ရေစီးဖြင့် မျောပါပျက်စီးခဲ့သည်။

ရေကြီးရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ကျေးရွာများတွင် ဆောင်ရွက်နေသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများသည် ၂၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သံတွဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်က ပြောသည်။

"စာသင်ကျောင်းတွေကတော့ အားလုံးနီးပါး ပြန်ဖွင့်နိုင်ပါပြီ။ ရေကြီးမှုကြောင့် ပျက်စီးသွားတဲ့ နေအိမ်တွေကို ပြုပြင်တာတို့ အိမ်အသစ်ဆောက်တာတို့ စတဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကတော့ ၂၅ ရာခိုင်နှုန်းလောက် ပြီးစီးနေပါပြီ။ ဒီလကုန်လောက်ဆိုရင်တော့ အားလုံးပြီးစီးဖို့အတွက် ရည်မှန်းချက်ထားဆောင်ရွက်နေပါတယ်"ဟု ၎င်း ကပြောသည်။

ရေကြီးရေလျှံမှုများကြောင့် နေအိမ်အမိုးအကာ ပျက်စီးမှုများကို ပြန်လည်ပြုပြင်ခြင်း၊ နေအိမ်ပြိုပျက်သွားသူများနေထိုင်နိုင်ရန် ရေလွတ်သည့် နေရာများတွင် ယာယီတဲထိုးခြင်း၊ ထိခိုက်ပျက်စီးသွားသည့် စာသင်ကျောင်းများကို ပြန်လည်ပြုပြင်တည်ဆောက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နေအိမ်တိုင်းတွင် ယင်လုံအိမ်သာရှိအောင် တည်ဆောက်ခြင်း စသည်တို့ကို ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ်တွင် ရက်ရှည်မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်စဉ်များ နှစ်စဉ်ပေါ်ပေါက်လေ့ရှိပြီး ယမန်နှစ်ဇွန်လအတွင်းကလည်း သံတွဲ၊ တောင်ကုတ်နှင့် အမ်းမြို့တို့တွင် ရက်သတ္တတစ်ပတ်ကြာအောင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် လူသေဆုံးမှု၊ နေအိမ်နှင့် လမ်းတံတား ပျက်စီးမှုများ ရှိခဲ့သည်။ **(သုတ)**

ရေကြောင်းသတိပေးချက် ထုတ်ပြန်

နေပြည်တော် ဇွန် ၂၄

မြန်မာ့ရေနံနှင့်သဘောဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Statoil International Ltd; ကုမ္ပဏီသည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD-10 တွင် 2D Seismic တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV. POLARCUS AMANI (Call Sign: C6ZD3)ဖြင့် မေ ၂၆ ရက်မှ ဇွန် ၃၀ ရက်အထိ ဆောင်ရွက်မည်ဖြစ်သော်လည်း တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ရာသီဥတုဆိုးရွားသဖြင့် တိုင်းတာရေးလုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိချေ။

2D Seismic Survey ဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းများကို ဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်းဖြစ်သည်-

Point	Latitude	Longitude
A	18˚ 15'00''N	91˚ 12'00''E
B	18˚ 15'00''N	92˚ 09'00''E
C	17˚ 30'00''N	92˚ 09'00''E
D	17˚ 30'00''N	91˚ 03'00''E

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD-10 တွင် 2D Seismic တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV. POLARCUS AMANI (Call Sign: C6ZD3)ဖြင့် ဇွန် ၃၀ရက်မှ ဇူလိုင် ၃၁ ရက်အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဘန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ထားကြောင်း သိရသည်။

(ကြေးမုံ)

အီးယူမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရန် ပြည်သူ့ဆန္ဒခံယူပွဲရလဒ်ထွက်ပေါ်

လန်ဒန် ဇွန် ၂၄
ဥရောပသမဂ္ဂ (အီးယူ)မှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရန် လူထုဆန္ဒခံယူပွဲ ရလဒ်ပေါ်ထွက်လာခဲ့ပြီးနောက် ကမ္ဘာတစ်ဝန်းရှိ ဘဏ္ဍာရေးစျေးကွက်များ၌ စျေးကျမှု ရုတ်ခြည်းဖြစ်ပေါ်ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ဗြိတိန်နိုင်ငံ၌ ဇွန် ၂၃ ရက်က လူထုဆန္ဒခံယူပွဲ ကျင်းပခဲ့ရာတွင် အီးယူ၏ အဖွဲ့ဝင်နိုင်ငံအဖြစ်မှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရေးဘက်မှ ထောက်ခံမဲ ၅၁ ဒသမ ၉ ရာခိုင်နှုန်း၊ အီးယူ၏ အဖွဲ့ဝင်နိုင်ငံအဖြစ် ဗြိတိန်နိုင်ငံ ဆက်လက်ရှိနေရေးဘက်မှ ထောက်ခံမဲ ၄၈ ဒသမ ၁ ရာခိုင်နှုန်းရလဒ် ထွက်ပေါ်ခဲ့သည်။

ဒုတိယကမ္ဘာစစ် နောက်ပိုင်း တစ်ခုတည်းသော ဥရောပတိုက်အဖြစ် ရပ်တည်ရေးဟူသော ရည်မှန်းချက်နှင့် အတူ ဥရောပနိုင်ငံများ စည်းလုံးညီညွတ်မှုရှိရန် ဦးတည်ကြိုးပမ်းနေမှုများမှာ ယင်းရလဒ်ကြောင့် ဆုတ်ယုတ်မှုများ ဖြစ်ပေါ်ရကြောင်း နိုင်ငံရေးလေ့လာဆန်းစစ်သူများက ပြောကြားသည်။ လူထုဆန္ဒခံယူပွဲ ရလဒ်၏ လတ်တလော အကျိုးဆက်အဖြစ် အစုရှယ်ယာ စျေးနှုန်းများ ကျဆင်းခြင်း၊ လန်ဒန်ငွေကြေးစျေးကွက်တွင် ပေါင်စတာလင်ငွေ တန်ဖိုး ကျဆင်းခြင်းတို့ကို တွေ့မြင်ရသည်။

လူထုဆန္ဒခံယူပွဲ ရလဒ်အရ ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှု လုပ်ငန်းစဉ်ကို နှစ်နှစ်ထက်မနည်း အချိန်ယူကာ ဆောင်ရွက်ရမည်ဖြစ်သည်။

ဆန္ဒခံယူပွဲရလဒ်အရ ကမ္ဘာ့ဘဏ္ဍာရေး မြို့တော်အဖြစ် မြို့တော်လန်ဒန်၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ မေးခွန်းထုတ်မှုများ ဖြစ်ပေါ်လာရကြောင်း၊ ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း ရာထူးမှ နုတ်ထွက်ပေးရန်လည်း ဖိအားပေးမှုများ ဖြစ်ပေါ်လာရကြောင်း သတင်းတွင် ဖော်ပြသည်။

အီးယူမှ ဗြိတိန်နုတ်ထွက်သွားသည့်အတွက် အီးယူတွင် စီးပွားရေးအရ သိသိသာသာထိခိုက်နစ်နာသွားနိုင်မည်ဖြစ်သည်။ ဗြိတိန်သည် အီးယူအဖွဲ့တွင် ဂျာမနီပြီးလျှင် ဒုတိယမြောက် စီးပွားရေးအင်အားအကြီးမားဆုံး နိုင်ငံဖြစ်သည့်အတွက် အီးယူအဖွဲ့၏ ဂျီဒီပီ ၁၇ ရာခိုင်နှုန်းကျော် လျော့ကျသွားဖွယ်ရှိသည်ဟု ယူဆရသည်။ ထို့ပြင် ဗြိတိန်သည် အီးယူအဖွဲ့သို့ ဘဏ္ဍာထည့်ဝင်မှုတွင် ဂျာမနီနှင့် ပြင်သစ်တို့ပြီးနောက် တတိယမြောက်အများဆုံး ထည့်ဝင်သည့် နိုင်ငံဖြစ်သောကြောင့် အီးယူ၏ ဘဏ္ဍာ၁၂ ရာခိုင်နှုန်း ဆုံးရှုံးရသည်။

ဗြိတိန်နုတ်ထွက်သွားမှုသည် အီးယူ၏ ကုန်သွယ်မှုသဘောတူညီချက်များအပေါ်တွင်လည်း သက်ရောက်မှုများရှိခဲ့ပြီး အီးယူသည် နိုင်ငံများ၊ ဒေသများနှင့် ကုန်သွယ်မှုသဘောတူစာချုပ် ၃၀ ကျော်ချုပ်ဆိုထားသည်။

အီးယူသည် ယခုနှစ်တွင် အမေရိကန်၊ ဂျပန်နိုင်ငံတို့နှင့် လွတ်လပ်စွာကုန်သွယ်မှုကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရေးအတွက် စေ့စပ်ညှိနှိုင်းမှုများကို အလေးထားဆောင်ရွက်လျက်ရှိသည်။ အဆိုပါ စေ့စပ်ညှိနှိုင်းမှုတွင် ဗြိတိန်နိုင်ငံက အဓိကအခန်းကဏ္ဍမှပါဝင်နေပြီး ဗြိတိန်နိုင်ငံ နုတ်ထွက်သွားမှုကြောင့် အီးယူ၏ အင်အားလျော့နည်းသွားနိုင်သည်ဟု ပညာရှင်များက သုံးသပ်ကြသည်။ ရိုက်တာ။

ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ ဆိုင်ကယ်စီးနင်းသော ကမ္ဘောဒီးယားဝန်ကြီးချုပ် ဒဏ်ရိုက်ခံရ

ဖနောင်ပင် ဇွန် ၂၄
ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်သည် ပြီးခဲ့သည့်ရက်သတ္တပတ်က နိုင်ငံအနောက်တောင်ပိုင်း ခိုကောင်ပြည်နယ်၌ ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ ဆိုင်ကယ်စီးနင်းခဲ့သောကြောင့် ဇွန် ၂၄ ရက်က ယာဉ်ထိန်းရဲတပ်ဖွဲ့ထံသို့ ဒဏ်ကြေးငွေတစ်ရပ် ပေးဆောင်ခဲ့ရသည်။

ဝန်ကြီးချုပ် ဟွန်ဆန်သည် ဇွန် ၂၄ ရက်နံနက်ပိုင်းက ဖနောင်ပင်မြို့တော် လွတ်လပ်ရေးကျောက်တိုင်အနီးရှိ ၎င်း၏ နေအိမ်မှ မိတာ ၅၀၀ ခန့် အကွာတွင်ရှိသော ရဲစခန်းတစ်ခုသို့ ဆိုင်ကယ်စီးဦးထုပ် ကျကျနနဆောင်းကာ ဒဏ်ကြေးငွေသွားဆောင်ခဲ့သည်။ ခိုကောင်ပြည်နယ် ဆရီအမ်ဘယ်ခရိုင်မှ ယာဉ်ထိန်းရဲအရာရှိ ဆွန်နမ်၏ ဇွန် ၁၈ ရက်စွဲဖြင့် ထုတ်ပေးခဲ့သော ယာဉ်ထိန်းလက်မှတ်ဖြတ်ပိုင်းတစ်ခုအရ မော်တော်ယာဉ်ဥပဒေ ပုဒ်မ၃ခွဲ ၆ ကို ချိုးဖောက်ခဲ့သည့်အတွက် ရီရယ်လ် ၁၅၀၀၀ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၅ ဒေါ်လာ) ကို ဝန်ကြီးချုပ်က ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ခဲ့ရခြင်းဖြစ်သည်။

ဒဏ်ကြေးငွေပေးဆောင်ပြီးနောက် မီဒီယာများသို့ ဟွန်ဆန်က ပြောကြားရာတွင် ဝန်ကြီးချုပ်နှင့် ဥပဒေပြုအမတ်များပင်ဖြစ်စေကာမူ စည်းကမ်းချိုးဖောက်သူမည်သူ့ကိုမဆို ဥပဒေက သက်ညာမည်မဟုတ်ကြောင်း ပြောကြားသည်။

"ကျွန်တော်တို့ကျူးလွန်ခဲ့တဲ့ အမှားကိုဖုံးကွယ်ဖို့ ဝန်ကြီးချုပ် ဖြစ်စေကာမူ လွှတ်တော်ဆိုင်ရာ ကင်းလွတ်ခွင့်ကို အသုံးပြုလို့မရနိုင်ပါဘူး။ ယာဉ်စည်းကမ်းဥပဒေကို လေးစားလိုက်နာခြင်းက အခြားလူတွေရဲ့အသက်ကို လေးစားခြင်းပါ။ ဒါကြောင့် ဥပဒေကို ညီတူညီမျှ ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်" ဟု ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

ဒဏ်ကြေးငွေပေးဆောင်ရမှုမှာ ဟွန်ဆန်သည် ဇွန် ၁၈ ရက်က ခိုကောင်ပြည်နယ်သို့ ခရီးထွက်ခဲ့ပြီး မမျှော်လင့်ဘဲ လမ်းမကြီးပေါ်ရှိ ဆိုင်ကယ်တက္ကစီ မောင်းနှင်သူတစ်ဦးထံ သွားရောက်လည်ပတ်ခဲ့ကာ အဆိုပါ ဆိုင်ကယ်ပိုင်ရှင်နှင့်အတူ မော်တော်ဆိုင်ကယ်အား ဦးထုပ်မဆောင်းဘဲ မိတာ ၂၅၀ ခန့် အပျော်သဘော စီးနင်းခဲ့သောကြောင့်ဖြစ်သည်။ ဆိုင်ကယ်စီးနင်းချိန်အတွင်း ဆိုင်ကယ်စီးဦးထုပ်မဆောင်းထားသောကြောင့် ဖေ့စ်ဘွတ်အသုံးပြုသူများ၏ သရော်လှောင်ပြောင်မှုများဖြစ်ပေါ်ပြီးနောက် ဇွန် ၂၀ ရက်တွင် ဟွန်ဆန်က ၎င်း၏အမှားအတွက် လူသိရှင်ကြား တောင်းပန်ခဲ့သည်။ **ဆင်ဟွာ။**

အရှေ့တောင်အာရှဒေသ၏ အိုင်အက်စ်အဖွဲ့ငယ် ဖိလစ်ပိုင်တောင်ပိုင်း၌ ထူထောင်လိုက်ပြီဟုဆို

မနီလာ ဇွန် ၂၄
အရှေ့တောင်အာရှဒေသ၏ အစ္စလာမ္မစ်နိုင်ငံတော် (အိုင်အက်စ်)အဖွဲ့ငယ်ကို ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ ဖွဲ့စည်းထူထောင်လိုက်ပြီဟု အစ္စန်းရောက် စစ်သွေးကြွအုပ်စုတစ်စုက ထုတ်ပြန်ကြေညာလိုက်ကြောင်း လုံခြုံရေးတာဝန်ရှိသူများက ဇွန် ၂၄ ရက်တွင် ပြောကြားသည်။

အရှေ့အလယ်ပိုင်းဒေသရှိ အိုင်အက်စ်အဖွဲ့အတွက် မိမိတို့ တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း အရှေ့တောင်အာရှ အိုင်အက်စ်အဖွဲ့ငယ်ဟူ၍ အမည်ပေးထားသော အုပ်စုတစ်ခုက ဗီဒီယိုခွေ အသုံးပြု၍ ထုတ်ပြန်ကြေညာထားသည်ဟု ဖိလစ်ပိုင် စစ်ထောက်လှမ်းရေး အရာရှိတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အိုင်အက်စ်အဖွဲ့ကို ထောက်ခံသူများအနေဖြင့် တစ်ခုတည်းသော အဖွဲ့အစည်းအတွင်း အညီအညွတ် ရပ်တည်ကြရန်လည်းကောင်း၊ အရှေ့ အလယ်ပိုင်းဒေသသို့ သွားရောက်၍ တိုက်ခိုက်ကြမည့်အစား ဒေသတွင်းမှာပင် တိုက်ခိုက်မှုများ ပြုလုပ်သွားရန်လည်းကောင်း ယင်းအုပ်စုငယ်က တိုက်တွန်းထားသည်။ အင်ဒိုနီးရှားနိုင်ငံ မြို့တော် ဂျကာတာ၌ ဇန်နဝါရီလအတွင်းက အိုင်အက်စ်အဖွဲ့၏ တိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့ချိန်မှစ၍ ဒေသတွင်းရှိ အာဏာပိုင်များက လုံခြုံရေးကို တပ်လှန့်ထားကြောင်း သတင်းတွင် ဖော်ပြသည်။

အရှေ့တောင်အာရှဒေသ အိုင်အက်စ်အဖွဲ့ငယ်၏ ဝါဒဖြန့်ချိရေး ဗီဒီယိုတွင် စစ်ဝတ်စုံဝတ်ဆင်ထားပြီး လက်နက်များ ကိုင်ဆောင်ထားသော လူငယ်လူရွယ်များနှင့် ကလေးအချို့ကို တွေ့မြင်ရကြောင်း ရိုက်တာ သတင်းဌာနက ရေးသားဖော်ပြသည်။ **ရိုက်တာ။**

ဂျာမနီနိုင်ငံရှိ ရုပ်ရှင်ရုံတစ်ရုံ၌ ဓားစာခံဖမ်းဆီးသူကို အသေဖမ်းဆီးရမိ

ဗန်ဟိန်း ဇွန် ၂၄
ဂျာမနီနိုင်ငံ အနောက်ပိုင်း ဗန်ဟိန်းမြို့၌ မျက်နှာဖုံးစွပ်သေနတ်သမားတစ်ဦးက ရုပ်ရှင်ရုံတစ်ရုံတွင် ဓားစာခံဖမ်းဆီးမှု ပြုလုပ်ခဲ့ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များသည် အဆိုပါ ရုပ်ရှင်ရုံအတွင်းသို့ စီးနင်းဝင်ရောက်ကာ သေနတ်သမားကို အသေဖမ်းဆီးနိုင်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ရိုင်ဖယ်သေနတ် သို့မဟုတ် သေနတ်ရှည်တစ်လက် ကိုင်ဆောင်ထားသူ လူတစ်ဦးသည် ဖရန့်ဖတ်မြို့အနီးရှိ ဗန်ဟိန်းမြို့၌ တည်ရှိသော ကီနိုပိုလစ် အမည်ရှိ ရုပ်ရှင်ရုံအတွင်း ဓားစာခံဖမ်းဆီးခဲ့ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များက တစ်ကိုယ်တော် သေနတ်သမားကို ပစ်သတ်နိုင်ခဲ့ပြီး အခြားမည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာမရကြောင်း ဟက်ဆေးပြည်နယ် ပြည်ထဲရေးဝန်ကြီး ပီတာဘတ်က ဒေသဆိုင်ရာ ပါလီမန်အမတ်များအား ပြောကြားသည်။

သေနတ်သမားမှာမည်သူမည်ဝါဖြစ်ပြီး မည်သည့်ရည်ရွယ်ချက်ဖြင့် ဓားစာခံဖမ်းဆီးသည်ကို ရဲတပ်ဖွဲ့က အတည်ပြု ပြောကြားခြင်းမရှိပေ။

လက်နက်အပြည့်အစုံ တပ်ဆင်ထားသော ရဲတပ်ဖွဲ့ဝင်များက ရုပ်ရှင်ရုံအတွင်းသို့ စီးနင်းဝင်ရောက်ပုံကို ဒေသဆိုင်ရာ ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ပြသခဲ့သည်။ **ရိုက်တာ။**

လွှတ်တော်ဖွဲ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကမ္ဘာ့ဘဏ်၏ ကူညီပံ့ပိုးမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် ဇွန် ၂၄
ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ကမ္ဘာ့ဘဏ်၏ ဦးဆောင် ညွှန်ကြားရေးမှူးနှင့် လုပ်ငန်းဆိုင်ရာအရာရှိချုပ် မစ္စ ဆရီ မူရာနီအင်ဒရာဝါတီနှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး **(ယာပုံ)**လွှတ်တော်ဖွဲ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကမ္ဘာ့ဘဏ်၏ ကူညီပံ့ပိုးမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

(သတင်းစဉ်)

■

✱ ကျောဖုံးမှ

အလားတူ ကျောက်မျက်အတွဲ စုစုပေါင်း ၅၁၂ တွဲမှ အခြေခံဈေး ယူရိုငွေ ၅၀၀ မှ ၂၀၀၀ အထိ တန်ဖိုးသတ်မှတ်သည့် ကျောက်မျက်အတွဲ ၃၅၃ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ အခြေခံဈေး ယူရိုငွေ ၂၀၀၀ နှင့်အထက် တန်ဖိုးသတ်မှတ်သည့် ကျောက်မျက်အတွဲ ၁၅၉ တွဲကို ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း ပြသရောင်းချသွားမည်ဖြစ်သည်။

ထို့အတူ ကျောက်စိမ်းအတွဲ စုစုပေါင်း ၆၀၆၂ တွဲမှ အခြေခံဈေး ယူရိုငွေ ၄၀၀ မှ ၂၀၀၀၀ အထိ တန်ဖိုးသတ်မှတ်သည့် ကျောက်စိမ်းအတွဲ ၅၈၉၆ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ အခြေခံဈေးယူရိုငွေ ၂၀၀၀၀ နှင့်အထက် တန်ဖိုးသတ်မှတ်သည့် ကျောက်စိမ်းအတွဲ ၁၆၆ တွဲကို ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

○ အာဆီယံမှ

မြန်မာအမျိုးသမီး ဖူဆယ်အသင်းတွင် အုပ်ချုပ်သူ ဦးကြည်မင်းသိန်း၊ နည်းပြချုပ် ဦးဌေးမြင့်၊ လက်ထောက်နည်းပြ ဒေါ်သီတာကြည်၊ ဂိုးနည်းပြ ဒေါ်ဇာလီဝင်း၊ ကစားသမားများ အဖြစ် သူဇာထွေး၊ ဇင်မင်းထွန်း(ဂိုး)၊ ဆုမြတ်မွန်၊ စန္ဒာထွေး၊ ဝတ်ရည်ထွန်း၊ ပပဝင်း၊ ယုယုဦး၊ မေသက်ဖြူ၊ နန်းခမ်းမိုး၊တင့်တင့်ထွန်း၊ ခင်မာလင်း၊ ကေသီစိုး၊ မိဆက်၊ ဆုပိုပိုကျော်၊ ဘေဝါထူး၊ နီလာမြင့်၊ ဝါဝါခိုင်၊ ခိုင်မာဦး၊ ခိုင်နှင်းသန့်(ဂိုး)နှင့် ပြည့်ပြည့်ဇော်(ဂိုး)တို့ ပါဝင်ကြသည်။ **(ရွှင်းထက်ဇော်)**

နိုင်ငံနှင့် ပြည်သူအကျိုးကို ဖြူဖြူစင်စင် ဖြောင့်ဖြောင့်တန်းတန်း မှန်မှန်ကန်ကန် ဝိုင်းဝန်းဖော်ဆောင်ပေးရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မှာကြား

ရန်ကုန် ဇွန် ၂၄
ပြည်သူများခံစားနေရသည့် ဒုက္ခများကို နည်းမှန်လမ်းမှန်ဖြင့် ကုစားပေးရန် လိုအပ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို လိုအပ်သည်ထက်ပို၍ ခံစားမနေသင့်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဧရာရွှေဝါခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် ယနေ့နံနက် ၁၀ နာရီတွင် တွေ့ဆုံစဉ် **(ယာပုံ)** ထိုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များ အရည်အချင်းပြည့်ဝမှသာ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်များမှာလည်း အားကောင်းမောင်းသန်ဖြစ်လာမည်ဖြစ်ကြောင်း၊ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကတာဝန်မှာ ဥပဒေပြုရေးတာဝန်ဖြစ်ကြောင်း။

မိမိတို့သည် ဥပဒေပြုသူများဖြစ်သည့်အတွက် ဥပဒေကိုလေးစားလိုက်နာရန် လိုအပ်ကြောင်း၊ အထူးသဖြင့် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် တည်ဆဲဥပဒေများကို လိုက်နာရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတွင် အချုပ်အခြာအာဏာသည် ပြည်သူထံမှဆင်းသက်ကြောင်း၊ ယင်းမှာ ဒီမိုကရေစီ၏ အခြေခံမူဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကိစ္စများကို စောင့်ကြည့်ထိန်းညှိနိုင်သော်လည်း ဝင်ရောက်စွက်ဖက်ခြင်းမျိုးမဖြစ်စေရန် သတိပြုရမည်ဖြစ်ကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လုပ်ပိုင်ခွင့်နှင့်တာဝန်များကို သိရှိရန် လိုအပ်ကြောင်း၊ လုပ်ပိုင်ခွင့်အပိုင်း၌ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများနှင့် ဥပဒေကြမ်းများ တင်သွင်းခွင့်ရှိကြောင်း၊ မေးခွန်းမေးခြင်း၊ အဆိုတင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ စည်းကမ်းချက်၊ ကန့်သတ်ချက်များကို သိရှိရန်လိုကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့် ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းများကိုလည်း လေးစားလိုက်နာရန် လိုအပ်ကြောင်း။

မိမိတို့အနေဖြင့် ဆောင်ရွက်ခွင့်ရသည့်အချိန်တွင် မျိုးဆက်သစ်များအတွက် ဒီမိုကရေစီအခြေခံအုတ်မြစ်များ တည်ဆောက်ပေးရေး၊ လူအခွင့်အရေးအခြေခံအုတ်မြစ် ဆောင်ရွက်ပေးရေး၊ အနာဂတ်ကာလတွင် ဒီမိုကရေစီစနစ် ဆက်လက်ရှင်သန်ရေးတို့ကို ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံနှင့်ပြည်သူအကျိုးကို ဖြူဖြူစင်စင် ဖြောင့်ဖြောင့်တန်းတန်း မှန်မှန်ကန်ကန် ဝိုင်းဝန်းဖော်ဆောင်သွားကြစေလိုကြောင်း၊ တရားမျှတသော လူအဖွဲ့အစည်းတည်ဆောက်ရေးနှင့် အဂတိကင်းရှင်းသော လူ့အသိုင်းအဝိုင်းတည်ဆောက်ရန် လိုကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရန် အခွင့်သာခိုက်တွင် လိပ်ပြာသန့်သန့်ဖြင့် သမိုင်းဝင်အောင်ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက ကိုယ်စားလှယ်များ၏မေးမြန်းတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

မြန်မာအပြည်ပြည်ဆိုင်ရာ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၄
မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍသည် ပြောင်းလဲတိုးတက်မှုများစွာ ဖြစ်ပေါ်နေရာ ကျောင်းသားလူငယ်များ၏ အရည်အသွေးနှင့်ကိုက်ညီသောလမ်းကြောင်းကို မှန်ကန်စွာ ရွေးချယ်နိုင်စေရန်အပြင် အလုပ်အကိုင်လိုအပ်သူများအတွက် အဆက်အသွယ်နှင့် အခွင့်အလမ်းရရှိစေရန် ရည်ရွယ်ကာ ဒုတိယအကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ-၂၀၁၆ [The 2nd Myanmar International Education & Career Fair 2016] ဖွင့်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇွန် ၂၄ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုသင်တန်းကျောင်း (Trade Training Institute)မှ Assistant Director ဦးသိန်းမြင့်ဝေ၊ Metro Computer Myanmar Co.,Ltd မှ ဒါရိုက်တာ Takashi Kawasaki နှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်အောင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။ **(ယာပုံ)**

ပြပွဲတွင် ပြည်တွင်းပြည်ပမှ တက္ကသိုလ်နှင့် ကောလိပ်များ၊ ပုဂ္ဂလိကကျောင်းများ၊ ပညာရေးသင်တန်းကျောင်းများ၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှု သင်တန်းကျောင်းများနှင့် နည်းပညာဆိုင်ရာ သင်တန်းကျောင်းများ၊ နိုင်ငံခြားဘာသာ သင်တန်းကျောင်းများ၊ နိုင်ငံခြားတက္ကသိုလ်ဝင်ခွင့် သင်တန်းကျောင်းများ၊ အနုပညာနှင့် ပတ်သက်သော သင်တန်းကျောင်းများ၊ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ သင်တန်းကျောင်းများ၊ ပညာရေးအတိုင်ပင်ခံ သင်တန်းကျောင်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းများ၊ လေကြောင်းပညာဆိုင်ရာ သင်တန်းကျောင်းများ၊ ပညာရေး ဝန်ဆောင်မှုလုပ်ငန်းများနှင့် စာအုပ်စာပေများ၊ စာရေးကိရိယာအမျိုးမျိုးတို့ကို ပညာရေးကဏ္ဍ ပိုမိုမြင့်မားမှုအတွက် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ စီစဉ်ကျင်းပမည်ဖြစ်သည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ အလုပ်ရှာဖွေရေးလုပ်ငန်းများလည်း ထူးချွန်ဝန်ထမ်းများလိုအပ်သော ကုမ္ပဏီများကို စုံလင်စွာ ပြသထားသည်။

ပြပွဲကာလအတွင်း လူငယ်ကျောင်းသားများကို သင့်တော်သည့် ပညာရေးလမ်းကြောင်းများကို လမ်းညွှန်ပေးခြင်း၊ ပညာရေးအခွင့်အလမ်းများနှင့် ပညာရေးဆိုင်ရာ အချက်အလက်များကို အကြံပြုပေးခြင်းတို့အပြင် အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း လေ့လာသိရှိနိုင်မည်ဖြစ်သည်။

ပြပွဲရက်များအတွင်း လာရောက်လေ့လာသူများ၊ ကျောင်းသားလူငယ်များကို ခင်မောင်ညို(ဘောဂဗေဒ)မှ ဇွန် ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ပြီး သက်ဆိုင်ရာ ပညာရေးကျောင်းများမှ ပညာရှင်များကလည်း နေ့စဉ်ပညာရပ်အလိုက် ဟောပြောသွားမည်ဖြစ်သည်။

ယင်းအပြင် နေ့စဉ်မိုဘိုင်းဖုန်း ဟန်းဆက်သုံးလုံးနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများကို ကံစမ်းမဲဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး ပြပွဲကို ဇွန် ၂၄ ရက်မှ ၂၆ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

■

စဉ်လာဆုံးမ သြဝါဒ ရှောင်ကြမူးယစ်ဆေး

မောင်ကျေးရူး

ဗုဒ္ဓ၏ သြဝါဒ

ရှင်တော်မြတ်ဘုရားက ငါးပါးသီလ၊ ရှစ်ပါးသီလတို့တွင် "သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယामိ"ဟူသော သိက္ခာပုဒ်ကို ထည့်သွင်းပြဋ္ဌာန်းတော်မူခဲ့သည်။ မြန်မာလို မူးယစ်မေ့လျော့စေတတ်သော အရက်သေစာတို့ကို သောက်စားခြင်းမှ ရှောင်ကြဉ်ပါ၏ဟု အဓိပ္ပာယ်ရသည်။

ပရိတ်ကြီးပါဠိတော် မဂ်လသုတ် အပိုဒ်(၁၁)တွင်လည်း "မဇ္ဇပါနာစ သံယမော" သေရည်အရက်ကိုသောက်ခြင်းမှ ကောင်းစွာရှောင်ကြဉ်ရခြင်းဟု ဗုဒ္ဓကထည့်သွင်းဟောကြားခဲ့ပြန်၏။

မူးယစ်မေ့လျော့စေတတ်သော အရက်သေစာတို့ကို သောက်စားမီ၀ဲပါက ကုသိုလ်ကောင်းမှုပြုရန်၊ တရားအားထုတ်ရန် မေ့လျော့နေတတ်ပြီး အမှား၊ အမှန်၊ အဆိုး၊ အကောင်းမခွဲခြားနိုင်သဖြင့် မကောင်းမှုအကုသိုလ်များကို ကျူးလွန်တတ်ကြသည်။ အရက်သေစာတို့ကို ရှောင်ကြဉ်မှသာ ကောင်းမှုကို အားထုတ်နှလုံးသွင်းနိုင်စေရန် ရည်ရွယ်ရင်းဖြစ်ပေ၏။

သုရာမေရယမဇ္ဇဆိုသည်မှာ

မူးယစ်မေ့လျော့စေသော အရက်သေစာဟူရာ၌ သောက်၊ ရှူ စားသုံးသူကို မူးယစ်မေ့လျော့စေသော သောက်စရာ၊ ရှူစရာ၊ စားစရာဟူသမျှကို ခေါ်သည်။ ထန်းရည်၊ ဓနိရည်၊ ဗျစ်ရည်၊ အရက်အမျိုးမျိုး၊ ဆေးခြောက်ကိုကင်း၊ ဘိန်းဘင်းကစော်၊ လျော်စာဘိန်းဖြူ၊ အယ်လ်အက်စ်ဒီ၊ အပ်ဖြင့်အသားထဲ ထိုးသွင်းရသော ပက်သဒင်းအစရှိသည့် မူးယစ်ဆေးရည်များလည်း အကျုံးဝင်၏။ ကာလ၊ ဒေသအလျောက် အခေါ်အဝေါ် မည်သို့ကွဲပြားစေကာမူ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေး၀ါးဟူသမျှသည် သုရာမေရယမဇ္ဇချည်းဖြစ်ပါ၏။

ရှေးက စာဆိုတော်များ၏ ဆုံးမသြဝါဒ

အင်း၀ခေတ် ရှင်မဟာသီလ၀ံသ စကားပုံတွင် "သုရာမေရယစသည်၌ ဆိပ်မျိုးပြည့်သော ရေကဲ့သို့"ဟူ၍ တွေ့ရ၏။ မူးယစ်မေ့လျော့စေတတ်သော အရက်သေစာတို့ကို အဆိပ်ရည်နှင့် ခိုင်းနှိုင်းညွှန်ပြခဲ့သည်မှာ သဘာ၀ကျလှ၏။

ရှင်မဟာရဋ္ဌသာရကလည်း လက်သစ်တောင်တာ အစချီသော ဆုံးမစာတွင် "သေနှင့် အရက်၊ စီးပွားဖျက်ကို၊ တစ်စက်ကယ်မျှ၊ မသောက်ကြနှင့် ရှောင်ကြပါလေ၊ ရှင်တော်ဟောသည့် အဆိပ်ရေ"ဟု ရေးစီညွှန်ပြခဲ့ပြန်သည်။ အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေတတ်သော အဆိပ်ရည်နှင့် တူသည်။ အရက်သေစာတို့ကို မသောက်ဘဲရှောင်ကြပါဟူ၍ အဓိပ္ပာယ်ရ၏။

ရခိုင်သူမြတ်သည် လောကသာရပျို့တွင် "ခိုးဝှက်မမူ၊ မယူသေစ၊ အိမ်ရာမမှား၊ မုသားမဆို. . . "ဟု ရေးဖွဲ့ခဲ့၏။ သူ့ပစ္စည်းမခိုးရ၊ အရက်သေစာ မသောက်စားရ၊ သူတစ်ပါးမယားမပြစ်မှားရ၊ လိမ်လည်မပြောရဟု အဓိပ္ပာယ်ရသည်။

တွင်းသင်းမင်းကြီးမဟာစည်သူက ကြောက်ကြီးကိုးလုံး သံပေါက်တွင် "သေနှင့်အရက်၊ လူကိုဖျက်၊ အရှက်ရမည်ကြောက်" ဟုဆိုထား၏။ အဓိပ္ပာယ်ရှင်းလှပေသည်။ "ဓားကိုဖျက်ဝါးမျက်၊ လူကိုဖျက်အရက်"ဟူသော မြန်မာစကားပုံနှင့် နှိုင်းယှဉ်ကြည့်သင့်၏။

မဂ်လသုတ်ဆုံးမစာတွင် "မဇ္ဇပါန၊ ယစ်မျိုးစ၊ ရှောင်ကြလူတကာ" ဟု ဖတ်ရှုရသည်။ မူးယစ်မေ့လျော့စေသည်မှန်သမျှ လူတိုင်းရှောင်ကြပါဟူ၍ တိုက်တွန်းထားခြင်းဖြစ်၏။

ဆရာတော်ဦးဗုဒ်က ဥစ္စာပျက်ကြောင်းတရားခြောက်ပါးကို ပြဆိုရာ၌ "သေစာသောက်စား၊ လမ်းသွားခါမဲ့၊ ရှုဲ့သဘင်၊ ပျော်ရွှင်အန်လောင်း၊ မကောင်းမိတ်ဖျင်း၊ ပျင်းရိခြင်း၊ ယိုယွင်းဥစ္စာပျက်ကြောင်းတည်း"ဟု ရေးစီခဲ့သည်။ အရက်သေစာသောက်စားခြင်းကို ထိပ်ကတင်ထား၏။

ပျက်စီးလွယ်သူလေးယောက်ကို ဆရာတော်ဦးဗုဒ်က "သောက်ထုပ် သေရက်၊ ညဉ့်နက်လမ်းသွား၊ ရှုစားသဘင်၊ ပျော်ရွှင်အစာ"ဟူ၍ ထောက်ပြထားပြန်သည်။ အရက်သောက်သူပင် ရှေ့ကလာ၏။ အရက်သောက်လွန်းသော ဂီတရုပ်ရှင်အနုပညာသည်များ အကြွေစာ၍ နှမြောဖွယ်ကောင်းလေစွ။

စိန္တကျော်သူ ဦးသြ၏ သြဝါဒထူးပျို့တွင် "မသောက်အပ်ထွေရှောင်ပါ လေလော့၊ မေရယ ငါး၊ သုရာ ငါးနှင့် . . . " ဟု တွေ့ရသည်။ သေရည်ငါးမျိုး၊ အရက်ငါးမျိုးကိုမသောက်အပ်၍ ရှောင်ရှားရန် တားမြစ်ခဲ့ခြင်းဖြစ်၏။

ဆားတုံဆရာတော်သည် ပုတ္တောဝါဒဆုံးမစာ၌ "သောက်စားယစ်၀၊ လူဗာလက၊ စသည်လူတွင်၊ လူလေပင်နှင့် ပျော်ရွှင်စကား လူမိုက်များတို့၊ ပေါင်းငြားရံခါ၊ နီးယှဉ်လာလည်း၊ ဝေးစွာသားလှ၊ ခွာနိုင်မှတည့်"ဟု ရေးစပ်သီကုံးခဲ့၏။ သောက်စားမူးယစ်တတ်သော လူမိုက်များကို မပေါင်းသင်းဘဲ ဝေးစွာရှောင်ရန် ညွှန်ပြထားသည်။

ဆီးဘန်နီဆရာတော်သည် ခတ္တောဝါဒဆုံးမစာ၌ တပင်ရွှေထီးနှင့် စပ်လျဉ်း၍ "မိစ္ဆာမျိုးနွယ်၊ ကုလားငယ်ကို၊ နီးဝယ်ယုံကြည်၊ ထားမိသည်နှင့် သေရည်သေရက်၊ ချက်ဆက်ပွဲတော်၊ သောက်တော်ခေါ်က၊ မူးမော်မိုက်ယစ်၊ ထိုခါခေတ်ဝယ်၊ စစ်တောင်းစားမတ်၊ လုပ်ကြံသတ်၍ သတ်ဖြတ်ဇီ၀ိန်၊ ထုံးကိုချိန်လျက်"ဟု ရေးဖွဲ့ထောက်ပြခဲ့သည်။

တောင်ငူဘုရင်တပင်ရွှေထီးသည် ပေါတူဂီလူမျိုးခြားကို ယုံမှတ်၍ အနီးမှာထား ခစားစေရာမှ သင်းတိုက်သောအရက်ကိုသောက်မိကာ ယစ်မူးနေစဉ် စစ်တောင်းစားအမတ် လုပ်ကြံသတ်ဖြတ်ခြင်းခံရဖူးသောထုံးကို နှလုံးမူ၍ သမိုင်းသင်ခန်းစာယူရန် ဖြစ်ပါ၏။

လယ်တီဆရာတော်ဘုရားကြီးက "အရိုင်းတွင် အရက်၊ အခက်တွင် ပိဋ္ဌကတ်၊ အမြတ်တွင် နိဗ္ဗာန်၊ အမြန်တွင် သိဒ္ဓော"ဟု စကားပုံပြုလုပ်ခဲ့သည်။

ရှေးစာဆိုများခေတ်က အဆိုးရွားဆုံးမူးယစ်ဆေး၀ါးမှာ ဘိန်းမည်းသာ ဖြစ်ခဲ့သည်။ စီးပွားရေးထိခိုက်ပျက်ပြားရုံသာမက လူ့အသက်ကိုပါရန်မူသော ဘိန်းဖြူကိုသာ ရှေးစာဆိုများတွေ့မြင်ရလျှင် မည်သို့များရေးဖွဲ့ကြမည်မသိ။ ဘိန်းဖြူအပါအဝင် အစွမ်းထက်လှသော မူးယစ်ဆေး၀ါးစိတ်ကြွဆေးများ အန္တရာယ်မြင်ကွင်းကြောင့် ရင်တွင်းမှ တုန်လှုပ်ချောက်ချားပြီး ဘုရား တကြမည်မှာ သေချာ။

ရှေးစာဆိုများခေတ်က အဆိုးရွားဆုံးမူးယစ်ဆေး၀ါးမှာ ဘိန်းမည်းသာ ဖြစ်ခဲ့သည်။ စီးပွားရေးထိခိုက်ပျက်ပြားရုံသာမက လူ့အသက်ကိုပါရန်မူသော ဘိန်းဖြူကိုသာ ရှေးစာဆိုများ တွေ့မြင်ရလျှင် မည်သို့များရေးဖွဲ့ကြမည်မသိ။ ဘိန်းဖြူအပါအဝင် အစွမ်းထက်လှသော မူးယစ်ဆေး၀ါးစိတ်ကြွဆေးများ အန္တရာယ်မြင်ကွင်းကြောင့် ရင်တွင်းမှ တုန်လှုပ်ချောက်ချားပြီး ဘုရား တကြမည်မှာ သေချာ။

မူးယစ်ဆေး၀ါးအလွဲသုံးမှုနှင့် တရားမ၀င်ရောင်း၀ယ်မှုတိုက်ဖျက်ရေးနေ့ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲကျင်းပ

လင်းခေး ဇွန် ၂၄

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည် ဆိုင်ရာမူးယစ်ဆေး၀ါးအလွဲသုံးမှုနှင့် တရားမ၀င်ရောင်း၀ယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ နှင့် သတင်းလက်ကမ်းစာစောင် ဖြန့်ဝေခြင်း လုပ်ငန်းများကို ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်အိသက်ခိုင်ဦးစီးသော ဝန်ထမ်းများသည် ဇွန်၂၃ နံနက် ၉ နာရီခွဲက

လင်းခေးမြို့ တောင်ရွာ အခြေခံမူလတန်းကျောင်း (မူလွန်)တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်ရာတွင် လင်းခေးခရိုင် ပြန်/ဆက်ဦးစီးဌာနမှ ဒုတိယဦးစီးမှူးက မူးယစ်ဆေး၀ါး အန္တရာယ်အကြောင်း သိကောင်းစရာ၊ စာပေဖတ်ရှုလေ့လာခြင်းနှင့် စာဖတ်လိုသည့် အလေ့အထရှိခြင်းမှ ရရှိလာနိုင်မည့် အကျိုးကျေးဇူးများအကြောင်းကို ဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား ကျောင်းသူ လေးများက စာအုပ်ဖတ်ခြင်း၊ ဌားရမ်းခြင်းနှင့် မူးယစ်ဆေး၀ါး အန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းများအား လေ့လာကြည့်ရှုခဲ့ကြကြောင်းနှင့် ဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းခင်ရီ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၄၈ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်း

ရန်ကုန် ဇွန် ၂၄

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်၅၃ ရပ်ကွက် ဒဂုံသီရိစေ့ားတွင် မိုးသည်းထန်စွာ ရွာသွန်းသည့်အခါ ရေလွှမ်းမှုများရှိသဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် စည်ပင်သာယာစေ့ားများဌာန ခရိုင်မှူး၏စီစဉ်မှုဖြင့် ဇွန် ၂၃ ရက်က ဌာနခွဲမှူး ဦးရဲထွန်းနောင်၊ ဌာနစုမှူး ဦး၀င်းမော်သိန်း တို့ကြီးကြပ်လျက် စေ့ားရှေ့ ပုဂံလမ်း တစ်လျှောက်ရေစီးဆင်းမှု ကောင်းမွန်စေရေး ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းပေးခဲ့ကြသည်။

"စေ့ားက မြေနိမ့်ပိုင်းဖြစ်တော့ ရေ၀ပ်တယ်။ မိုးများတဲ့အခါ စေ့ားရောင်း စေ့ား၀ယ် အခက်အခဲဖြစ်စေတဲ့အတွက် ရေစီးဆင်းမှုကောင်းအောင် လူအင်အားနဲ့ မြောင်းဆယ်နုန်းဆယ် လုပ်ပေးရတာပါ"ဟု စေ့ားတာ၀နှ်ခံ ဦးအောင်လင်းဦးက ပြောသည်။

၁၉၇

ပန်းလှိုင်မြစ်ရေလမ်းကြောင်းအား ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ရေလမ်းသတိပေးချက် ထုတ်ပြန်

နေပြည်တော် ဇွန် ၂၄

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ပန်းလှိုင်ရေတံခါးစီမံကိန်းတွင် အင်ဂျင်နီယာဘူမိဗေဒ စူးစမ်းလေ့လာရေးလုပ်ငန်းများအား လှိုင်မြစ်နှင့် ပန်းလှိုင်မြစ်ကြောင်းနှစ်ခုဆုံရာနေရာမှ ပန်းလှိုင်မြစ်ကြောင်းအထက် ပေ(၃၀၀၀)အတွင်း PONTOON များ ကျောက်ချရပ်နား၍ လွန်တူးစက်များတင်ပြီး အောက်ခံမြေသားစမ်းသပ်မှုများ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မည့်ရက်များမှာ ဇွန် ၂၇ ရက်မှ ဇူလိုင် ၃ ရက်အထိ ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ လုပ်ငန်းဆောင်ရွက်မည့်ရက်များအတွင်း ပန်းလှိုင်မြစ်ရေလမ်းကြောင်းအား ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း **ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန** မှ ရေလမ်းသတိပေး ရှိုးဆော်ထားကြောင်း သိရသည်။

(ကြေးမုံ)

နောက် နှစ်ရက်အတွက် ခန့်မှန်းချက်

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မြန်မာပြည်သယ်ယူပို့ဆောင်ရေးစနစ်များနှင့် နိုင်ငံပိုင်လုပ်ငန်းများ

ဒေါက်တာကျော်လတ်

လွန်ခဲ့သောရက်များက မြန်မာပြည်တွင်သင့်လျော်သော မြို့ပတ်ဝန်းကျင်တို့ကိုရွေးချယ်၍ Development regions ခေါ်ဖွဲ့ဖြိုးမှုနယ်မြေများ သတ်မှတ်ကြပြီး ထိုနယ်မြေများတွင် မိမိတို့တိုင်းပြည်တွင်နှစ်စဉ်တိုးပွားလျက်ရှိသော လုပ်သားအင်အားသုံးသိန်းခန့် အလုပ်အကိုင်များရရှိနိုင်ရန် စက်ရုံအလုပ်ရုံများပေါ်ပေါက်ရန်ကြိုးစားသင့်ကြောင်း တင်ပြခဲ့ပါသည်။ ထိုဆောင်းပါးတွင်ပင် ဖွံ့ဖြိုးမှုနယ်မြေများ အချင်းချင်း ဆက်သွယ်မှုလမ်းကြောင်းများ အဆင့်မြင့်စွာ ပေါ်ပေါက်ရန်လည်းလိုအပ်ကြောင်း တင်ပြခဲ့ပါသည်။ တိုင်းဒေသကြီးများနှင့်ပြည်နယ်များ အချင်းချင်းလွယ်ကူချောမွေ့သော သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးစနစ်များ ဖွံ့ဖြိုးစေခြင်းသည် စီးပွားရေးရှုထောင့်မှသာမဟုတ်ပါဘဲ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရှုထောင့်မှ လည်းအကျိုးရှိစေရန်ဖြစ်ပါသည်။

ပြည်တွင်းသယ်ယူပို့ဆောင်ရေးစနစ်များတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် ရထားသယ်ယူပို့ဆောင်ရေးစနစ်တို့သည် သယ်ယူပို့ဆောင်ရေးစနစ်အားလုံးတို့တွင်ဈေးအသက်သာဆုံး၊ စွမ်းအင်လိုအပ်ချက်အနည်းဆုံးဆိုသည်မှာ အများအသိပင် ဖြစ်ပါသည်။ တိကျစွာနှိုင်းယှဉ်ရန်ကိန်းများမှာ မိမိတို့တိုင်းပြည်မှမရရှိသဖြင့် အခြားနိုင်ငံတို့မှ ကိန်းများဖြင့်တင်ပြရပါမည်။ Freight transportation ခေါ်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းအတွက် စွမ်းအင်လိုအပ်ချက်တွင် ရေကြောင်းဖြင့် သယ်ယူပို့ဆောင်ခြင်းတွင် BTU 217 per ton mile၊ ရထားဖြင့် သယ်ယူပို့ဆောင်ခြင်းတွင် BTU 289per ton mile၊ ကုန်တင်ကားကြီးများဖြင့် သယ်ယူခြင်း Road transport တွင်- BTU 3357 per ton mile၊ လေကြောင်းဖြင့်သယ်ယူခြင်းတွင် BTU 9600 အသီးသီးဖြစ်ကြသည်။ (Energy efficiency in transportation, From Wikipedia, the free encyclopedia)

အကြမ်းအားဖြင့် ရေကြောင်း သို့မဟုတ် ရထားဖြင့်သယ်ဆောင်ခြင်းသည် ကုန်းလမ်းသယ်ယူပို့ဆောင်ခြင်း(ကုန်တင်ကာကြီးများ)ထက် ၁၁ ဆခန့် စွမ်းအင်သက်သာစေသည်။ ဥပမာပေးတင်ပြရသော် ရန်ကုန်မှ နေပြည်တော်သို့မိုင် ၂၂၀ ခန့်အတွက် ကုန်တန်ချိန်၈၊်တန်ကို ကုန်တင်ကားကြီးနှင့်ပို့လျှင်ဓာတ်ဆီဂါလန် ၂၀ ခန့် လိုအပ်လျှင် ရထားနှင့်ပို့သော် ၁ ဒသမ ၈ ဂါလန်သာ လိုအပ်ပါမည်။ သို့သော် ပစ္စည်းများသယ်ယူရန်ငွေကျေးကုန်ကျစရိတ်များမှာ အထက်တွင်တင်ပြထားသောစွမ်းအင်လိုအပ်ချက်များ အချိုးအတိုင်းတိုက်ရိုက်ယှဉ်၍မရပေ။ ရထားစနစ်နှင့် ရေကြောင်းစနစ်တို့တွင် တစ်ဆင့်ခံသယ်ယူခြင်းများနှင့် Storage cost ခေါ်ထားသိုခြင်းအတွက် ကုန်ကျစရိတ်များပိုမိုလာကြသည်။ သို့သော်လည်း ရေကြောင်းဖြင့် သယ်ယူပို့ဆောင်ခြင်း၊ သို့မဟုတ်ရထားဖြင့် သယ်ဆောင်ခြင်းတို့သည် ကုန်ကားကြီးများနှင့် သယ်ယူပို့ခြင်းများထက် လေးဆခန့်သက်သာသေးသည်ဟုအခြားနိုင်ငံများမှအတွေ့အကြုံများကဆိုကြသည်။ (Economical & Ecological Comparison of Transport Modes, PLANCO Consulting, GmbH, Essen)

တင်ပြခဲ့သည်များမှာ Freight transport ခေါ်ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးသာဖြစ်ပြီး လူများသယ်ယူပို့ဆောင်ခြင်းကို Passenger mileဖြင့်တွက်ကြသည်။ အခြားနိုင်ငံများမှ ကိန်းများအရ တစ်မြို့မှတစ်မြို့သွားရထားစီးခရီးသည်များအတွက် 2435BTU per passenger mile၊ ဘတ်စ်ကားများ- 4242 BTU per passenger mile၊ တက္ကစီ- 15645 BTU per passenger mile အသီးသီးဖြစ်ကြသည်။ လူများခရီးသွားလာခြင်းများနှင့်ပတ်သက်၍ မြန်မာပြည်အတွင်းကုန်ကျစရိတ်မှာ ရန်ကုန်မှမန္တလေးသို့ရထားဖြင့်သွားလျှင် ရိုးရိုးတန်း ကျပ် ၄၆၀၀ နှင့်အထူးတန်း ကျပ် ၉၃၀၀၊ အထူးတန်းအိပ်စင် ကျပ် ၁၂၇၅ ဘတ်စ်ကားဖြင့်သော်ရိုးရိုး ကျပ်၁၃၂၀၀ နှင့်အထူးကား ကျပ်၂၂၀၀၀ တို့ဖြစ်ရာ ကုန်ကျစရိတ်သည် နှစ်ဆကျော်ခန့် ပင်ပိုမိုသက်သာကြောင်း တွေ့ရှိရသည်။



ပုံ(၁)-မြန်မာ့မီးရထားပြည်တွင်းရေကြောင်းနှင့် ကုန်းလမ်းပို့ဆောင်ရေးစနစ်တို့ နှစ်စဉ်သယ်ယူကြသော ကုန်တန်ချိန်မိုင်ပေါင်းနှိုင်းယှဉ်ခြင်း- Source: Statistical Yearbook 2010, Table-13.01 ကိုအခြေခံတွက်ချက်ပါသည်။

အထက်ပါ အခြေခံအချက်များကို လေ့လာခဲ့ကြပြီး မိမိတို့မြန်မာပြည်အခြေအနေကိုဆက်လက်လေ့လာကြပါမည်။ အချက်အလက်များနှင့် ပတ်သက်၍အားကိုးရန်မှာ အမြဲတစေ(၄-၅)နှစ်ခန့် နောက်ကျမှထွက်သည့် Statistical Yearbook 2010 သာရှိပါသည်။ ပူးတွဲပါပုံအရအောက်ပါအတိုင်းသုံးသပ်နိုင်ပါမည်-

၁. Freight transport ခေါ် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးတွင် ၁၉၉၀ ပြည့်နှစ်တွင် Freight ton milesသန်းပေါင်း ၇၀၉ ခန့်မှ ရထားစနစ်သည် ၄၃% ခန့်၊ ရေကြောင်းသည် ၄၆% ခန့်နှင့်ကုန်းကြောင်း(Road transport)သည် ၁၀. ၈% သယ်ယူခဲ့ကြသည်။

၂. ထိုမှနှစ်ပေါင်း (၂၀)အတွင်း ၂၀၁၀ ခုနှစ်တွင်တစ်တိုင်းတစ်ပြည်လုံးအတိုင်းအတာအရ Freight ton milesသန်းပေါင်း ၁၆၆၁ သန်းခန့် သို့တိုးပွားသယ်ယူခဲ့ကြပြီး ရထားစနစ်သည် ၃၉% ခန့်၊ ရေကြောင်းသည် ၄၁% ခန့်နှင့်ကုန်းလမ်း(Road transport)သည် ၁၉% ခန့်သယ်ယူခဲ့ကြသောအချိုးသို့ ပြောင်းလဲသွားသည်။ ကုန်တင်ကားကြီးများဖြင့် သယ်ယူခြင်းသည် တန်ချိန်အားဖြင့်လေးဆခန့်၊ ရာခိုင်နှုန်းအရနှစ်ဆခန့်ကြီးထွားလာသော်လည်း ရထားသယ်ယူပို့ဆောင်ရေးစနစ်သည် ၁၉၉၁ ခုနှစ်တွင် Freight ton milesသန်းပေါင်း ၃၀၆. ၉ သန်း သယ်ယူခဲ့ရာမှ ၂၀၀၁ ခုနှစ်တွင် အမြင့်မားဆုံးတန်သန်း ၇၅၀ အထိမြင့်မားခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ၆၅၈. ၃ သို့ ပြန်လည်လျော့ကျသွားကြောင်း တွေ့ရှိရသည်။ ရာခိုင်နှုန်းအားဖြင့် လျော့နည်းသွားသည်။ တန်ချိန်အားဖြင့်အတက်၊ အကျရှိခဲ့သည်။

၃. ကုန်းလမ်းသယ်ယူပို့ဆောင်ရေးသည် ၂၀၀၃ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်များအတွင်းနှစ်စဉ် ၅. ၀၀၇% နှင့် ပိုမိုတိုးတက်သယ်ဆောင်လျက်ရထားသယ်ယူပို့ဆောင်ရေးစနစ်သည် ထိုနှစ်များအတွင်းနှစ်စဉ် ၁. ၀၄၅% ဖြင့်သာတိုးပွားသယ်ဆောင်နိုင်ခဲ့သည်။ ယခုအခြေအနေအတိုင်း တိုးတက်မှုနှုန်းများ ဆက်လက်ကွာခြားနေပါလျှင် နောင် ၂၀၃၀ ပြည့်နှစ်ခန့်တွင် ကုန်းလမ်းဖြင့် သယ်ယူပို့ဆောင်ရေးသည်ရထားသယ်ယူပို့ဆောင်ရေးစနစ်ထက် ကုန်ပစ္စည်းများ ပိုမိုသယ်ယူနိုင်ပေလိမ့်မည်။ (ထိုကဲ့သို့နှုန်းထားများတွက်ခြင်းမှာ Exponential-အထပ်ကိန်းများဖြင့်တွက်ရပါသည်)

၄. ထိုသည်မှာ အထွေထွေကုန်စျေးနှုန်းတက်ခြင်းကိုအထောက်အကူပြုပေတော့မည်။ ထိုနှင့်တွဲ၍များစွာသောအခြားဆိုးကျိုးဆက်များ ရှိပါမည်။

အထက်ပါတို့၏ အဓိကအကြောင်းမှာ ရေကြောင်းသယ်ယူရေးဆိုသည်မှာ ရေလမ်းရှိသည့်နေရာများတွင်သာ လုပ်ကိုင်နိုင်သဖြင့် ထိုစနစ်သည် တိုးမြှင့်ရန်ကန့်သတ်မှုရှိသည်။ သို့သော်ရထားသယ်ယူပို့ဆောင်ရေးသည် (၂၀၀၀-၀၁)ခုနှစ်တွင် အလွန်မြင့်မားစွာသယ်ယူခဲ့ပြီး ပြန်လည်ကျဆင်းခြင်း၊ အဆင်းအတက်များခြင်းများနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး(Road transport)တွင် ထိုနှစ်များအတွင်းလေးဆကျော်တိုးမြင့်လာသည်တို့မှာ Transportation economics ခေါ် သယ်ယူပို့ဆောင်ရေးကဏ္ဍစီးပွားရေးရှုထောင့်မှ ကောင်းသောလက္ခဏာမဟုတ်ပေ။ ရထားသယ်ယူပို့ဆောင်ရေးလျော့ကျ၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး မြင့်တက်လာခြင်းသည်မိမိတို့မြန်မာပြည်တွင်း သယ်ယူပို့ဆောင်ရေးစရိတ်များတိုးမြှင့်လာခြင်း၊ ထိုနှင့်ဆက်စပ်၍ အထွေထွေကုန်ပစ္စည်းစျေးများ မြင့်တက်ခြင်း၊ နိုင်ငံခြားသို့ပို့ကုန်များလည်းစျေးကြီးလာနိုင်ခြင်းစသော ဆိုးကျိုးဆက်များ ရှိနိုင်သည်။ တစ်ဖန်စိုးရိမ်စရာအခြားတစ်ချက်မှာ Statistical Yearbook 2010 မှ ကိန်းများသည် သက်ဆိုင်ရာအစိုးရလက်ထက်တွင် ထုတ်ပြန်ထားခြင်းများဖြစ်သည်။ ထိုကိန်းတို့တွင် ပုဂ္ဂလိကကဏ္ဍမှအသေးစားနှင့်အလတ်စားကုန်များ၊ တန် ၂၀ မှတန် ၅၀ ခန့် သယ်ယူပို့ဆောင်ခြင်းများ ပါဝင်မှုရှိ၊ မရှိဖော်ပြမထားပေ။

စာရေးသူသီးခြားရရှိသော ကိန်းများအရ ပုဂ္ဂလိကအသေးစားနှင့် အလတ်စားသယ်ယူပို့ဆောင်ခြင်းအားလုံးတို့သည် ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးစနစ်များဖြင့်သာသယ်ယူကြသည်။ သို့သော် ယခုဤဆောင်းပါးတွင် အစိုးရထုတ်ပြန်သောကိန်းများကို သုံးသပ်ချက်အရပင်လျှင် နောင် ၂၀၃၀ ပြည့်နှစ်ခန့်တွင် ကုန်းလမ်းဖြင့် သယ်ယူပို့ဆောင်ရေးသည် ရထားသယ်ယူပို့ဆောင်ရေးစနစ်ထက် ကုန်ပစ္စည်းများပိုမိုသယ်ယူနိုင်ပေလိမ့်မည်ဆိုသည်မှာ မဖြစ်သင့်မဖြစ်ထိုက်၊ တိုင်းပြည်တွင်ကုန်စျေးနှုန်း ပိုမိုမြင့်တက်ခြင်းနှင့်တွဲ၍ များစွာသော အခြားဆိုးကျိုးများပေါ်ပေါက်နိုင်ပေမည်။

တစ်ဖန် မြန်မာပြည်တွင်းခရီးသည် သယ်ယူပို့ဆောင်ခြင်းကိုလေ့လာပါလျှင်အစိုးရမှထုတ်ပြန်သောကိန်းများအရ ၂၀၁၀ ပြည့်နှစ်တွင်ရထားနှင့်ခရီးသွားသူပေါင်းမှာPassenger mileမိုင်သန်းပေါင်း ၃၃၀၀ ကျော်၊ ပြည်တွင်းရေကြောင်း Passenger mileမိုင်သန်းပေါင်း ၈၂၀ ကျော်နှင့် Road transportation ကုန်းလမ်းမိုင်သန်းပေါင်း ၃၈ ခန့်ဟု ပါရှိရာ ရထားစီး၍ခရီးသွားလာသူတို့မှာ အခြားစနစ်များထက်အဆပေါင်းများစွာ ပိုမိုကြောင်းတွေ့ရှိရသည်။ အကြောင်းတို့တွင် အထက်တွင်တင်ပြခဲ့သည့် ကုန်ကျစရိတ်သက်သာခြင်းကြောင့်ဖြစ်ပေမည်။ ဤအချက်တွင်လည်း ရထားဖြင့်ခရီးသွားချိန်မှာဘတ်စ်ကားဖြင့် ခရီးသွားချိန်ထက်နှစ်ဆခန့်ပိုမိုကြန့်ကြာပါသဖြင့် မြန်မာပြည်ရထားစနစ်၏ အားနည်းသောအချက်တစ်ရပ်ဖြစ်ပေသည်။(ရထားခရီး-ရန်ကုန်မှ မန္တလေးလမ်းအရှည် ၃၆၅ မိုင်ကို ၁၅ နာရီ၊ ဘတ်စ်ကားဖြင့် ၇ နာရီခန့်)

အထက်တွင် တင်ပြခဲ့သည်တို့အတွက်အဖြေမှာ မိမိတို့၏ ရထားသယ်ယူပို့ဆောင်ရေးစနစ်ကို ကြိုးစားမြေတောင်မြှောက်၊ မြှင့်တင်ကြရပေမည်။ မိမိတို့၏ ရထားစနစ်သည်နိုင်ငံပိုင်ဖြစ်သည်။ မိမိတို့တိုင်းပြည်၏လွန်ခဲ့သော နှစ်များက အခြေအနေမှာ အသေးစားနှင့် အလတ်စားပုဂ္ဂလိကလုပ်ငန်းရှင်တို့သည် အစိုးရဌာနများနှင့် ဆက်ဆံရာတွင်အခက်အခဲများရှိကြသည်။ အစိုးရဌာနများတွင် အစစအရာရာချုပ်ကိုင်မှုများကြသည်။ ဝန်ထမ်းများ သီးခြားကိုယ်စီတာဝန်ခွဲဝေကြရခြင်းစနစ်တို့ အားနည်းသည်။ ထို့အတွက်နှောင့်နှေးကြန့်ကြာကြရသည်။ ထိုသည်ကို အခြေခံ၍ပုဂ္ဂလိကအသေးစားနှင့် အလတ်စားသယ်ယူမှုများအားလုံးတို့သည် ပုဂ္ဂလိကကုန်ကားကြီးများ၊ ပုဂ္ဂလိကရေကြောင်းများဖြင့်သာ သယ်ယူကြသည်။ မိမိတို့တိုင်းပြည်တွင် ယခုအစိုးရအပြောင်းအလဲများ၊ နောက်တိုင်းပြည်အတွက်အကျိုးရှိသော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သော ရထားစနစ်ကိုတိုးချဲ့မြေတောင်မြှောက်သင့်ပေသည်။ ရထားစနစ်သည်မြန်မာပြည်ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတွင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးစနစ်နှင့်သာမက လေကြောင်းစနစ်နှင့် လည်းပြိုင်ဆိုင်သင့်သည်။ အထက်တွင်တင်ပြခဲ့သည့် Passenger transport ခရီးသည်သယ်ယူခြင်းတွင်လည်း ရထားနှင့်ခရီးသွားခြင်းသည် ဘတ်စ်ကားဖြင့် ခရီးသွားချိန်ထက်များစွာ ပိုမိုကြန့်ကြာသောအားနည်းချက်ကို ရေရှည်အားဖြင့် ပြင်ဆင်ရန်ကြိုးစားသင့်သည်။ ယခုမန္တလေး-ရန်ကုန်အမြန်ရထားနှုန်းသည်ပင် တစ်နာရီမိုင် ၂၅ မိုင်ခန့်၊ တစ်နာရီမိုင်ကီလိုမီတာ ၄၀ သာရှိသည်။ များစွာသောနိုင်ငံများတွင် ပျမ်းမျှတစ်နာရီမိုင် ၁၂၅ မိုင်ခန့်၊ (ကီလိုမီတာ-၂၀၀) ဆိုသည်မှာ ပုံမှန်သာဖြစ်သည်။ ထူးခြားစွာတရုတ်ပြည်တွင် ဂျာမနီပြည်၏ ပူးပေါင်းမှုဖြင့်တစ်နာရီမိုင် ၂၅၀ ခန့်၊ တစ်နာရီကီလိုမီတာ ၄၀၀ နှင့်ပင် ပြေးဆွဲလျက်ရှိသည်။ တစ်တိုင်းတစ်ပြည်လုံးအတိုင်းအတာဖြင့် ရင်းနှီးမြှုပ်နှံကြပြီး အမြန်နှုန်းဖြင့် သွားနိုင်သောရထားစနစ်များသို့ ပြောင်းလဲသင့်ကြပေသည်။

ထိုသို့တင်ပြပြီးနောက် နိုင်ငံပိုင်လုပ်ငန်းများနှင့်ပတ်သက်၍ ဆက်လက်ဆွေးနွေးလိုပါသည်။ တင်ပြခဲ့သောအချက်များကြောင့် မိမိတို့၏ ရထားစနစ်၊ သို့မဟုတ် အခြားနိုင်ငံပိုင်လုပ်ငန်းတို့သည် အဆင်မပြေ အရှုံးပေါ်မည်ဆိုသည်မှာမဖြစ်သင့်ပေ။ ရထားစနစ်နှင့်အဓိကသယ်ယူပို့ဆောင်ရေးစနစ်တို့သည် ကမ္ဘာပေါ်တွင်များစွာသောစျေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံးကြသောတိုင်းပြည်တို့တွင်လည်း နိုင်ငံပိုင်အဖြစ်ထားရှိကြသည်။ မြန်မာပြည်တွင်လည်း ၁၉၆၂ ခုနှစ်မတိုင်မီ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများစွာတို့မှာ အောင်မြင်ခဲ့သည်။ ထို ၁၉၆၂ ခုနှစ် အာဏာသိမ်းမှုမတိုင်မီ ၁၉၆၀-၆၁ ခုနှစ်တွင် Burma Railways ခေါ် မြန်မာ့မီးရထားသည် ရရှိငွေကျပ်သန်းပေါင်း ၁၂၅၁. ၄ နှင့်အသုံးငွေကျပ်သန်းပေါင်း ၁၀၈၀. ၄ သန်း၊ ထို့ကြောင့် ကျပ်သန်း ၁၇၁ သန်း၊ သို့မဟုတ် ၁၃. ၆% အမြတ်ရှိခဲ့သည်။ အလားတူပင် Inland Water Transport ခေါ်ပြည်တွင်းရေကြောင်းသည် ထိုနှစ်တွင်ပင် ရရှိငွေကျပ် သန်းပေါင်း ၃၇၀. ၆ သန်းနှင့် အသုံးငွေကျပ်သန်းပေါင်း ၃၁၂. ၁ သန်း၊ ထို့ကြောင့်ကျပ်သန်း ၅၈. ၅ သန်း၊ သို့မဟုတ် ၁၅. ၈% အမြတ်ရှိခဲ့သည်။ ထို ၁၉၆၂ ခုနှစ်မတိုင်မီက နိုင်ငံပိုင်လုပ်ငန်းတို့မှာ အနှုံး၊ အမြတ်ကိုတာဝန်ယူကြရသည်။ ဗဟိုအစိုးရထံမှငွေချေးနိုင်ကြ၍ ပြန်လည်လည်ပေးဆပ်ကြရသည်။ မြန်မာ့မီးရထားဆိုလျှင် ပြည်တွင်းစစ်ကြောင့် ၁၉၅၀ ပြည့်နှစ်ကအနှုံးပေါ်ခဲ့ပြီး အစိုးရထံငွေချေးရသည်။ ၁၉၅၄ ခုနှစ်နောက်ပိုင်းအမြတ်ပေါ်၍ပြန်ဆပ်နိုင်ခဲ့သည်။ သို့သော်ဝန်ခံရမည်မှာ UBA ခေါ် မြန်မာ့လေကြောင်းသည် နိုင်ငံပိုင်ပြုလုပ်ခဲ့သောအချိန်မှစ၍ နှစ်စဉ်ကျပ်သန်း ၃၀ မှ ၄၀ ခန့် အနှုံးပေါ်ခဲ့သည်။ အကြောင်းမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုရှေးရှု၍ ဝေးခေါင်သောအရပ်များသို့ ပြေးဆွဲခဲ့ခြင်းကြောင့်ဖြစ်သည်။ သို့သော် ထိုဒီမိုကရေစီအစပျိုးချိန်ခေတ်တွင် Boards and Corporations ခေါ် နိုင်ငံပိုင်လုပ်ငန်းပေါင်း ၂၃ ခုရှိခဲ့ရာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှု၍လည်းကောင်း၊ တိုင်းပြည်ရေရှည်ဖွံ့ဖြိုးမှုကို ရှေးရှု၍လည်းကောင်း အရှုံးခံစိုက်ထုတ်ရသော လုပ်ငန်များမှလွဲ၍ နှစ်စဉ်အမြတ်ပေါ်ခဲ့သည်။ ၁၉၆၀-၆၁ ခုနှစ်တွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းအားလုံးတို့မှ ရရှိငွေကျပ်သန်းပေါင်း ၂၁၀၄၁. ၆ နှင့် Operation cost ခေါ် လည်ပတ်မှုကုန်ကျငွေကျပ်သန်း ၁၉၈၃၉. ၁၊ ထို့ကြောင့် ထိုနှစ်တွင် အမြတ် ၁၂၀၂. ၅ သို့မဟုတ် ၆% ကျော်ရရှိခဲ့သည်။ (ထိုကိန်းတို့မှာ Statistical Yearbook 1961 မှ ဖြစ်သည်)

နောက်ဆုံးတင်ပြလိုသည်မှာ ထိုစဉ်ကနိုင်ငံပိုင်လုပ်ငန်းများအောင်မြင်ခဲ့သည့် အဓိကအကြောင်းများမှာအောက်ပါတို့ဖြစ်သည်-

၁. နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတို့သည်သက်ဆိုင်ရာဝန်ကြီးဌာနတို့အောက်တွင်ရှိကြသော်လည်း စီးပွားရေးလုပ်ငန်းတို့၏ အနှုံး/အမြတ်တို့ကိုတာဝန်ခံကြရသည်။

၂. ဗဟိုချုပ်ကိုင်မှုလျော့နည်း၍အစိုးရဌာနများနှင့် ပုဂ္ဂလိကအသေးစားလုပ်ငန်းရှင်တို့ဆက်ဆံမှုလွယ်ကူချောမွေ့ကြသည်။ လာဘ်ပေးလာဘ်ယူခြင်းများနည်းပါးကြသည်။

၃. သက်ဆိုင်ရာဝန်ကြီးတို့သည် အသေးစိတ်တွင် ဝင်ရောက်စွက်ဖက်ခြင်းမရှိကြဘဲ Professionals ခေါ် တစ်သက်လုံး ထိုလုပ်ငန်းများသာ လုပ်ကိုင်ခဲ့သူတို့ကို လေးစားကြသည်။ တာဝန်ပေးကြသည်။ ပြည်သူ့ကိုယ်စားလှယ်များသည် နိုင်ငံရေးရှုထောင့်နှင့် သက်ဆိုင်ရာဘာသာရပ်ဆိုင်ရာရှုထောင့်တို့ ပေါင်းစပ်ဆောင်ရွက်ကြသည်။ ယခုအခြေအနေတွင် ယခင်ဒီမိုကရေစီအစပျိုးခေတ်မှ အချို့သင့်လျော်သောနည်းများကို နမူနာထားလုပ်ဆောင်ကြလျှင် နိုင်ငံပိုင်လုပ်ငန်းများအောင်မြင်နိုင်ပေမည်။ ။



အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာဒွန်ပရာမွတ်ဝိနိုင်းတို့ နယ်စပ်ဖြတ်ကျော်မှုဆိုင်ရာ သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးကြစဉ်။

❒ **ရှေ့ဖုံးမှ**

နှစ်နိုင်ငံအစိုးရများက ဆောင်ရွက်သွားရန်လိုကြောင်း၊ နှစ်နိုင်ငံပြဿနာများကို ဖြေရှင်းရာတွင်လည်း ညှိနှိုင်းစေ့စပ်ဖြေရှင်းရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်က ထိုင်းနိုင်ငံတွင် တရားဝင်လာရောက်အလုပ်လုပ်နိုင်ရန် ထိုင်းအစိုးရက အကူအညီပေးသွားမည်ဖြစ်ကြောင်း၊ အလုပ်သမားများ ဒုက္ခရောက်သည့် အချိန်တွင် ဆက်သွယ်၍ရမည့် Hot Line ဖုန်းနံပါတ်များ ပေးသွားမည်ဖြစ်ကြောင်း၊ ဖုန်းများတွင် အသုံးပြုနိုင်သည့် Application များပြုလုပ်၍ ဒုက္ခရောက်ချိန်တွင် အကူအညီတောင်းခံနိုင်ရန် မြန်မာစကားနားလည်သည့် အော်ပရေတာများကို ရွေးချယ်ခန့်ထား ပေးသွားမည်ဖြစ်ကြောင်း။

ဒုက္ခသည်စခန်းတွင် ရောက်ရှိနေသည့် ဒုက္ခသည်များနေရပ်သို့ ပို့ဆောင်ရေးအတွက်လည်း နှစ်နိုင်ငံအစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၎င်းတို့၏နေရပ်တွင် အလုပ်အကိုင်အခွင့်အလမ်းများ၊ လူမှုရေး၊ ကျန်းမာရေးအခြေအနေများကို ဖော်ထုတ်ပေးပြီးသည့်အချိန်တွင် ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းများကို စတင်သွားမည်ဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးအပါအဝင် နှစ်နိုင်ငံကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရချင်းသာမက အခြေခံလူမှုအဖွဲ့အစည်းများအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် ထိုင်းနိုင်ငံသို့ရောက်ရှိနေသည့် မြန်မာအလုပ်သမားများ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင်လည်း တန်းတူစောင့်ရှောက်မှုရရှိနိုင်ရေး၊ ဒုက္ခသည်စခန်းများမှ မြန်မာနိုင်ငံသားများ နေရပ်ပြန်ခေါ်နိုင်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးသာမက နှစ်နိုင်ငံ၏ အရေးကြီးသော စီမံကိန်းတစ်ခုဖြစ်သည့် ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းများနှင့် အထူးစီးပွားရေးဇုန် စီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သွားရေး၊ အာဆီယံ မူဘောင်အတိုင်း နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်သွားရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံလက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် နှစ်နိုင်ငံအကြီးအကဲများ၏ ရှေ့မှောက်၌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီး ဗိုလ်ချုပ်ကြီး စီရိရှိုင်းဒစ်စကူတို့က မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းနားလည်မှုစာချွန်လွှာ၊ အလုပ်သမားများ အလုပ်ခန့်ထားရေးဆိုင်ရာ သဘောတူညီချက် စာချုပ်တို့ကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာဒွန်ပရာမွတ်ဝိနိုင်းတို့က နယ်စပ်ဖြတ်ကျော်မှုဆိုင်ရာ သဘောတူညီချက် စာချုပ်ကိုလည်းကောင်း လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

ယင်းသဘောတူညီချက်များနှင့် နားလည်မှု စာချွန်လွှာများအရ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများကိစ္စကို နှစ်နိုင်ငံနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပြီး ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ လူမှုဘဝလုံခြုံရေး၊ ကျန်းမာရေးနှင့် ဘဝအာမခံချက် အကျိုးခံစားခွင့်များ ပိုမိုရရှိနိုင်မည်ဖြစ်သည်။

ထို့ပြင် နှစ်နိုင်ငံသဘောတူညီချက်၌ အလုပ်ခန့်ထားခြင်းဆိုင်ရာ သဘောတူ စာချုပ်ပါကာလနှင့် သတ်မှတ်ချက်များ ပြီးဆုံးသည့် အလုပ်သမားများကို နေရပ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးလုပ်ငန်း အစီအစဉ်များ ထိရောက်မှုရှိရေး၊ အလုပ်သမားများအား ဥပဒေအရ အကာကွယ်ပေးမှုများ ရရှိခံစားနိုင်ရေး၊ အလုပ်ခန့်ထားခြင်းအတွက် လက်ခံသည့် နိုင်ငံ၏နယ်မြေအတွင်း ဝင်ရောက်လာသည့် အလုပ်သမားများသည် လူမျိုးနှင့် ဘာသာ၊ ကျား/မ ခွဲခြားမှုမရှိဘဲ တန်းတူညီမျှမှုအပေါ် အခြေခံ၍ မိမိနိုင်ငံသားများနှင့် တန်းတူအခွင့်အရေး ရရှိစေရေး စသည့်အချက်များပါဝင်သည်။

နှစ်နိုင်ငံနားလည်မှုစာချွန်လွှာနှင့် သဘောတူညီချက် စာချုပ်များ လက်မှတ်ရေးထိုးအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ်က တည်ခင်းချေခံသည့် ညစာစားပွဲသို့တက်ရောက်သည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာ(ငြိမ်း)သည် ဝန်ကြီးချုပ် တာဝန်ယူပြီးနောက် ၎င်း၏ ပထမဆုံးချစ်ကြည်ရေး ခရီးစဉ်အဖြစ် ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး နှစ်ရက်ကြာ လာရောက်ခဲ့သည်။ အဆိုပါ ခရီးစဉ်တွင် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏အရေးကို ထည့်သွင်းဆွေးနွေးခဲ့သည်။

ထို့အတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည်လည်း ပထမဆုံးပြည်ပခရီးစဉ်အဖြစ် ထိုင်းနိုင်ငံသို့ရောက်ရှိနေခြင်းဖြစ်ပြီး မြန်မာရွှေ့ပြောင်း အလုပ်သမားများနှင့် ဒုက္ခသည်များ၏အရေးကို ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံနှင့် ကုန်သွယ်ဖက်နိုင်ငံများတွင် ထိုင်းနိုင်ငံသည် အဆင့် ၂ နေရာတွင်ရှိပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅၇၀၇ ဒသမ ၆၅ သန်းနှင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၄၅၁၁ ဒသမ ၃၃ သန်းအထိ ရှိခဲ့သည်။**(သတင်းစဉ်)**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာ(ငြိမ်း)တို့ သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံဆွေးနွေး

ဗန်ကောက် ဇွန် ၂၄

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာဒွန်ပရာမွတ်ဝိနိုင်းနှင့် ယနေ့နံနက် ဒေသစံတော်ချိန် ၁၀ နာရီခွဲတွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနခွဲ တွေ့ဆုံ၍ ပညာရေးကဏ္ဍမြှင့်တင်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(ဝဲပုံ)**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ထိုင်းတက္ကသိုလ် အသီးသီးမှ ကျောင်းသား ကျောင်းသူများနှင့် အဆိုပါဝန်ကြီးဌာနခွဲ ဆက်လက်တွေ့ဆုံပြီး (Myanmar-ASEAN and the World, The Way Forward) ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံး၌ ငြိမ်းချမ်းရေး အပြည့်အဝမရှိသေးမီကာလအတွင်း ပဋိပက္ခဖြစ်ပွားနေသည့် အဖွဲ့များအကြား ယုံကြည်မှုကို ဦးစွာတည်ဆောက်ရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပဋိပက္ခကို ချစ်ကြည်ရင်းနှီးမှုအဖြစ်သို့လည်းကောင်း၊ ပဋိပက္ခကို အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုအဖြစ်သို့လည်းကောင်း ပြောင်းလဲရန် ကြိုးပမ်းနေပါကြောင်း စသည်ဖြင့် ဆွေးနွေးဟောပြောသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ထိုင်းနိုင်ငံခြားရေးဝန်ကြီးက တည်ခင်းချေခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

(သတင်းစဉ်)

■

(၅၃)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် အရည်အသွေးမြင့် ကျောက်မျက်များကို ပိုမိုပွင့်လင်းမြင်သာစွာပြသရောင်းချလျက်ရှိ

နေပြည်တော် ဇွန် ၂၄

(၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် အရည်အသွေးမြင့် ကျောက်စိမ်းအရိုင်းတုံးများ၊ ကျောက်မျက်ရတနာများနှင့် အချောထည် လက်ဝတ်ရတနာများကို ဇွန် ၂၄ ရက်မှ ဇူလိုင် ၆ ရက်အထိ နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမတွင် ပြသထားရှိပြီး ပိုမိုပွင့်လင်းမြင်သာစွာ ရောင်းချလျက်ရှိကြောင်း မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီမှ သိရသည်။

ပုလဲအတွဲ ၃၃၅တွဲကို ဇွန် ၂၄ ရက်တွင် ပြသထားပြီး ဇွန် ၂၅ ရက်နှင့် ၂၆ ရက်နေ့များတွင် စျေးပြိုင်တင်ဒါစနစ်ဖြင့်ရောင်းချသွားမည်ဖြစ်သည်။ ဇွန် ၂၄ ရက်မှ ၂၆ ရက်အတွင်း တင်ဒါကျောက်မျက်ရတနာအတွဲ ၅၁၂ တွဲကို ပြသထားရှိပြီး ဇွန် ၂၇ ရက်တွင် စျေးပြိုင်တင်ဒါများဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ကျောက်စိမ်းအတွဲ ၆၀၆၂တွဲကို ဇွန် ၂၈ ရက်မှဇူလိုင် ၆ ရက်အတွင်း တင်ဒါစနစ်၊ စျေးပြိုင်စနစ်များဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ဇွန် ၂၇ ရက်မှစ၍ ညနေပိုင်းတွင် ရောင်းရမှုအခြေအနေများကို သတင်းစာရှင်းလင်းပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း ကော်မတီမှသိရသည်။

ကျောက်မျက်ရတနာကုန်သည်များသည် ကျသင့်ငွေများကို မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် The Central Committee of 53rd Emporium အမည်ဖြင့် ဖွင့်လှစ်ထားသည့် EEM-400033 သို့ ပေးချေရမည်ဖြစ်သည်။

ကျောက်စိမ်းအရိုင်းတွဲ ၅၈၂၂တွဲနှင့် အချောထည် ကျောက်စိမ်းတွဲ ၂၄၀ စုစုပေါင်း ကျောက်စိမ်းအတွဲ ၆၀၆၂တွဲအနက် စျေးပြိုင်စနစ်ဖြင့် ၁၆၆ တွဲကိုလည်းကောင်း၊ တင်ဒါစနစ်ဖြင့် ၅၈၉၆ တွဲကိုလည်းကောင်း ဇွန် ၂၆ရက်မှ စတင်ရောင်းချသွားမည်ဖြစ်သည်။

ပြီးခဲ့သည့် (၅၀)ကြိမ်ကျောက်မျက်ပြပွဲတွင် ကျောက်စိမ်းအတွဲ တစ်သောင်းဝန်းကျင်၊ (၅၁)ကြိမ်တွင် ၇၅၀၀ ဝန်းကျင်၊ (၅၂)ကြိမ်တွင် ၈၉၀၀ တွဲကျော်၊ ယခုပွဲတွင် ၆၀၆၂တွဲ ပြသရောင်းချခဲ့သည်။ ကျောက်စိမ်းအရိုင်းများ ပြသခွင့်ကို ကန့်သတ်ခဲ့ရာမှ ကျောက်စိမ်းအချောထည်များ ပိုမိုရောင်းချလာသဖြင့် မြန်မာ့ကျောက်မျက်စျေးကွက်မှာ တိုးတက်မှုရှိလာကြောင်း ကျောက်စိမ်းလုပ်ငန်းကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ကျောက်မျက်ရောင်းချမှုနှင့်ပတ်သက်၍ ဗဟိုကော်မတီနှင့် သဘာပတိအဖွဲ့၊ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတို့က ကြီးကြပ်ကိုင်တွယ်သွားမည်ဖြစ်ပြီး ပွင့်လင်းမြင်သာမှုရှိစေရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက မြန်မာ့ကျောက်မျက်ရောင်းချမှုစာရင်းများကိုဖော်ပြထားပြီးဖြစ်၍ ကျောက်မျက်ရတနာအသင်းက ထုတ်ဝေသည့် စာအုပ်များတွင်လည်း ထိုစာရင်း၊ ကိန်းဂဏန်းများကို ကိုးကားပြီး ထည့်သွင်းဖော်ပြနိုင်ရန် တိုက်တွန်းသွားမည်ဟုလည်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

ထို့အပြင် ကျောက်မျက်ရတနာများကိုစနစ်တကျ ထုတ်လုပ်သွားရန် သက်တမ်းကုန်ကျောက်စိမ်းလုပ်ကွက်ကုမ္ပဏီများကို သက်တမ်းမတိုးပေးတော့ဘဲ နိုင်ငံတကာ အဆင့်မီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက် (EITI Plan)ကို ရေးဆွဲသွားမည်ဖြစ်ပြီး အဆိုပါ စီမံချက်ရေးဆွဲပြီးမှသာ ကျောက်မျက်လုပ်ကွက်သတ်မှတ်ချက်များကို ပြင်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

(သန့်ဇင်ဝင်း)

ဝေါမြို့နယ် သူရဲ့သမိန်ကျေးရွာ ပုံမှန်အတိုင်းအေးချမ်းလျက်ရှိ

ဝေါ ဇွန် ၂၄

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်ရှိ သူရဲ့သမိန်ကျေးရွာတွင် ရွာသူရွာသားအချို့ ခိုက်ရန်ဖြစ်ပွားခဲ့သည့် အပေါ် သက်ဆိုင်ရာက ထိန်းသိမ်းညှိနှိုင်းဆောင်ရွက်ခဲ့သဖြင့် အခြေအနေမှာ ပုံမှန်အတိုင်းပြန်လည် အေးချမ်းသွားပြီ ဖြစ်ကြောင်း အဆိုပါ မြို့နယ်မှ ရဲတပ်ဖွဲ့မှူး ရဲမှူး အုန်းလွင်က ယနေ့နံနက်ပိုင်းတွင် မြန်မာ့သတင်းစဉ်သို့ ပြောကြားသည်။

"ကျွန်တော်တို့အနေနဲ့ ရွာသူရွာသားတွေ အချင်းချင်း ထပ်ပြီး ပြဿနာမဖြစ်အောင် လုံခြုံရေးတွေ တိုးမြှင့် ချထားတယ်။ နောက်ထပ် ထပ်ပြီးဖြစ်စရာ အကြောင်းမရှိတော့ပါဘူး။ အခုဖြစ်ပွားခဲ့တဲ့ ကိစ္စက အဆောက်အအုံ ဆောက်လုပ်မှုနဲ့ ပတ်သက်ပြီး ဖေ့စ်ဘုတ်ပေါ်တင်တဲ့ ကိစ္စကနေ ပတ်ဝန်းကျင်ကိုထိခိုက်တဲ့ ဆဲဆိုရာကနေ စတင်ဖြစ်ပွားခဲ့တာပါ။ အခုတော့လည်း အေးချမ်းသွားပါပြီ။ သက်ဆိုင်ရာက ညှိနှိုင်းဆွေးနွေးမှုတွေ လုပ်ပေးနေပါတယ်"ဟု ရဲမှူးအုန်းလွင်က ပြောသည်။

ဆက်လက်၍ အဆိုပါကျေးရွာ အုပ်ချုပ်ရေးမှူး ဦးလှဆင့်က "ပြဿနာဖြစ်ပြီး သိပ်မကြာပါဘူး။ ရဲတပ်ဖွဲ့အနေနဲ့ လုံခြုံရေးအင်အား တိုးမြှင့်ချထားလိုက်တော့ အဲဒီညနေပိုင်းမှာပဲ အခြေအနေ ပြန်လည်တည်ငြိမ်သွားပါတယ်။ အိမ်မပြန်ရဲတဲ့သူ တချို့ကိုတော့ ရွာထဲကရဲစခန်းမှာပဲ စောင့်ရှောက်မှုပေးခဲ့ပါတယ်။ အခုမနက်မိုးလင်းတော့ ကိုယ့်အိမ်ကို ပြန်ရောက်နေကြပါပြီ။ အရင်က ဒီရွာမှာ အခုလိုပြဿနာမျိုး မရှိခဲ့ပါဘူး။ စိတ်အခန့်မသင့်လို့ ဖြစ်သွားတယ်လို့ မြင်ပါတယ်"ဟု ပြောသည်။

အဆိုပါကျေးရွာသည် ရပ်ကွက်ပေါင်း ၁၀ ရပ်ကွက်ရှိပြီး အိမ်ခြေ ၁၅၇၀ ခန့်တွင် လူဦးရေ ၉၀၀၀ ခန့် နေထိုင်လျက်ရှိသည့် တိုက်နယ်အဆင့်ရှိ ကျေးရွာကြီးတစ်ရွာဖြစ်ကြောင်း သိရသည်။

ဇော်ကြီး(ပဏီတ)

❖

မြန်မာ့နန်းတွင်း အကြောပြင် ဆေးပညာအကြောင်းဆွေးနွေးမည်

ရန်ကုန် ဇွန် ၂၄

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းရင်းဆေးရုံကြီး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေကြီး)တို့ ပူးပေါင်း၍ စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာ စုပေါင်းဆွေးနွေးပွဲကို လစဉ်ကျင်းပလျက်ရှိရာ ဇွန် ၂၈ရက် မွန်းလွဲ ၁နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ရန်ကုန်တိုင်းရင်းဆေးရုံကြီးအစည်းအဝေးခန်းမ၌ သမားတော်ဆရာကြီး ဦးသောင်းနိုင်(ဥက္ကဋ္ဌ-ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်း)က မြန်မာ့နန်းတွင်းအကြောပြင်ဆေးပညာအကြောင်းကို စာတမ်းဖတ်ကြားဆွေးနွေးမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ တိုင်းရင်းဆေးဆရာများ တက်ရောက်နိုင်ပြီး ဝိုင်းဝန်းဆွေးနွေးနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေစီးရေလာကောင်းမွန်ရေးအတွက် အုတ်ခုံခံကွန် ကရစ်တံတား၊ ကွန်ကရစ်ရေကျော်နှင့် အုတ်ရေမြောင်းများ အသစ်တည်ဆောက်ခြင်း၊ အဓိကရေဆိုးထုတ်မြောင်းများအတွင်းရှိ ရွှံ့ညွှန်များကို အဖွဲ့ပိုင်ယန္တရားများဖြင့် ဆယ်ယူစွန့်ပစ်ခြင်းတို့ ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၄ ရက်ကဘူးခါးရေဆိုးထုတ်မြောင်း(ပိုလ်ချုပ်လမ်းအပိုင်း)တွင် စက်ယန္တရားဖြင့် ရွှံ့ညွှန်များဆယ်ယူခြင်းဆောင်ရွက်နေစဉ်။ (၁၄၃)

အောင်လံမြို့နယ် ရေပြင်းကျေးရွာ အလက(ခွဲ)ကျောင်းမှ ကျောင်းသား ကျောင်းသူ ၄၀ ဖျားနာကာ အချို့မှာ အော့အန်မှုဖြစ်

အောင်လံ ဇွန် ၂၄

အောင်လံမြို့နယ် ရေပြင်းကျေးရွာ အလက(ခွဲ)ကျောင်းတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၁၆ ဦးရှိသည့်အနက် ဇွန် ၂၂ ရက် နံနက် ၈ နာရီခန့်တွင် ကျောင်းသား ကျောင်းသူ ၄၀ မှာ ဖျားနာပြီး အချို့မှာ အော့အန်မှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။ စိုးရိမ်ရသည်ဟု ယူဆရသော အသက် (၈)နှစ်အရွယ်ရှိ မောင်ဖြိုးခန့်ကျော်ကို အောင်လံမြို့ရှိ ဆေးရုံ ဆေးခန်းများသို့ပို့ရန် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းမူက မိဘများကို ညွှန်ကြားပြီး မြို့နယ်ပညာရေးမှူးထံသို့ သတင်းပို့အကြောင်းကြားခဲ့သည်။ ထို့ကြောင့် မြို့နယ်ပညာရေးမှူးဒေါ်ညွန့်ညွန့်ဆွေက မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးလွင်ထံ ဆက်လက်အကြောင်းကြားခဲ့ပြီး ဒေါ်ညွန့်ညွန့်ဆွေသည် ဒေါက်တာ မျိုးလွင်၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ရေပြင်း ကျေးရွာသို့ သွားရောက်၍ ကျောင်းပတ်ဝန်းကျင်အား စစ်ဆေးခြင်း၊ ခြင်ဆေးများဖျန်းပေးခြင်း၊ ရေသန့်ဆေးများခတ်ခြင်းတို့ကိုပြုလုပ်ပြီး ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာရှိ ပြည်သူများအား စမ်းသပ်ကုသပေးရာ သာမန်တုပ်ကွေးရောဂါ ဗိုင်းရပ်(စ်)ပိုးကြောင့်ဖြစ်ပွားရခြင်းသာဖြစ်ကြောင်း သိရသည်။ အဖြစ်မှန်များကို ပြည်သူများကိုရှင်းပြပြီး ကျန်းမာရေးအသိပညာပေးဟောပြောကာ ၎င်းရွာတွင်တစ်ပတ်ကြာ ဆေးခန်းဖွင့်လှစ်၍ စောင့်ကြပ်ကုသပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ယင်းဖြစ်စဉ်တွင် ကျောင်းသား ကျောင်းသူ ၂၄ ဦးမှာ အောင်လံမြို့ပေါ်ရှိ ပြင်ပဆေးခန်းများတွင်သွားရောက်ကုသကြကာ ကျောင်းသားတစ်ဦးမှာ မြို့နယ်ပြည်သူ့ဆေးရုံသို့ တက်ရောက်ကုသခဲ့ပြီး အားလုံးအခြေအနေ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

သိန်းလွင်(မြန်/ဆက်)

သက်ကြီးဘိုးဘွားများအား (၄၉)ကြိမ်မြောက် အခမဲ့ဆေးဝါးကုသပေး

ညောင်လေးပင် ဇွန် ၂၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ အသက်(၆၀)နှင့် အထက် သက်ကြီးဘိုးဘွားများအား မိခင်နှင့် ကလေးကျန်းမာရေးဌာနတွင် အပတ်စဉ် ကြာသပတေးနေ့တိုင်း အထွေထွေရောဂါများစစ်ဆေးကုသပေးလျက်ရှိရာ ဇွန် ၂၃ ရက်က သက်ကြီးဘိုးဘွား ၉၅ ဦး လာရောက်ကုသကြောင်း သိရသည်။

ထိုသို့ကုသပေးရာတွင် မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦးနှင့် ပြည်သူ့ဆေးရုံမှဝန်ထမ်းများ၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ကြူကြူအောင်နှင့် သားဖွားဆရာမများ၊ ပရဟိတအဖွဲ့များနှင့်အလှူရှင်များက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကုသပေးရာတွင် လိုအပ်သောဆေးဝါးများကို ပြည်သူ့ဆေးရုံမှ အထောက်အပံ့ပေးခြင်း၊ ပြည်သူ့ဆေးရုံတွင်မရှိသော ဆေးဝါးများကို အလှူရှင်များက ပြင်ပမှဝယ်ယူလှူဒါန်းပေးခြင်း၊ အာဟာရဒါန အလှူရှင်များအနေဖြင့် ကြိုတင်စာရင်းပေး၍ ဆေးကုသချိန်တွင် ကိုယ်တိုင်လှူဒါန်းခြင်းများရှိပြီး ဆေးကုသခြင်းမှာ ယခုအကြိမ် အပါအဝင် (၄၉) ကြိမ်မြောက်ရှိပြီး သက်ကြီးဘိုးဘွား လူနာပေါင်း ၄၇၉၀ အားဆေးဝါး ကုသပေးပြီးဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

သတ္တမအကြိမ် နိုင်ငံတော်သံယမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဧကာဒသမ အစည်းအဝေးကျင်းပမည်

နေပြည်တော် ဇွန် ၂၄

သတ္တမအကြိမ် နိုင်ငံတော်သံယမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဧကာဒသမအစည်းအဝေးကို ၁၃၇၈ ခုနှစ် ဝါဆိုလဆန်း ၅၊၆၊၇၊၈၊ ရက် (ဇူလိုင် ၉၊၁၀၊၁၁၊၁၂ ရက်)တို့တွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၇၈ ခုနှစ် ဝါဆိုလဆန်း ၉၊၁၀ ရက် (ဇူလိုင် ၁၃၊၁၄ ရက်)တို့တွင် အစည်းအဝေးကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံယမဟာနာယက ဆရာတော်ကြီးများသည် ၁၃၇၈ ခုနှစ် ဝါဆိုလဆန်း ၄ ရက် (ဇူလိုင် ၈ ရက်၊ သောကြာနေ့) အရောက်ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီး ဖြစ်ပါကြောင်း၊ ပင့်စာများအချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

မသန်စွမ်းကျောင်းသားကျောင်းသူများအား စာအုပ်နှင့်စာရေးကိရိယာများလှူဒါန်း

မန္တလေး ဇွန် ၂၄

မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ်နှင့် အမရပူရမြို့နယ်ရှိ မသန်စွမ်းကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာများပေးအပ်လှူဒါန်းပွဲကို ဇွန်၂၃ ရက်က အဆိုပါတက္ကသိုလ် အစည်းအဝေးခန်းမ၌ကျင်းပရာ အရှေ့တိုင်းပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာခိုင်ခိုင်သန်းနှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) အထက်မြန်မာပြည်တာဝန်ခံ ဒေါ်အေးနန္ဒာဌေးနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပါမောက္ခဒေါက်တာခိုင်ခိုင်သန်းက မသန်စွမ်းကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပုသိမ်ကြီးမြို့နယ်နှင့် အမရပူရမြို့နယ်ရှိ မသန်စွမ်းကျောင်းသားကျောင်းသူ ၃၃ ဦးအတွက် ငွေကျပ် ၁၈၀၀၀၀ တန်ဖိုးရှိ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများကို မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် အရှေ့တိုင်းပညာဌာန/ဌာနမှူးက ပေးအပ်ရာ ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) အထက်မြန်မာပြည် တာဝန်ခံက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

သာစည်မြို့နယ်ရှိ အိမ်ထောင်စုများအတွက် သန့်ရှင်းသည့်သောက်သုံးရေရရှိရေးစီမံချက် ဆောင်ရွက်

ရန်ကုန် ဇွန် ၂၄

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ရှိ အိမ်ထောင်စု ၆၁၇ စု လူဦးရေ ၂၈၇၇ ဦးအတွက် သန့်ရှင်းသည့် သောက်ရေသုံးရေရရှိရေးစီမံချက် အကောင်အထည်ဖော်နိုင်ရန် ၂၀၁၆ ခုနှစ် ဧပြီလမှစတင်ကာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း အူရီဒုံးမြန်မာမှ သိရသည်။

မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၄၈ ရာခိုင်နှုန်းကျော်မှာ သန့်ရှင်းသည့် သောက်ရေ၊ သုံးရေကို အလွယ်တကူ မရရှိနိုင်သေးကြောင်း သိရပြီး အူရီဒုံးမြန်မာအနေဖြင့် မြန်မာနိုင်ငံအတွင်း လုပ်ငန်းများ လုပ်ကိုင်နေစဉ်ကာလအတွင်း ဒေသအကျိုးအတွက် အရေးကြီးသည့်ကဏ္ဍတွင် ပူးပေါင်းပါဝင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

အူရီဒုံးမြန်မာအနေဖြင့် သန့်ရှင်းသည့် သောက်ရေ၊ သုံးရေရရှိရေးစီမံချက်အတွက် သိန်း ၃၀၀ ကျော် ပံ့ပိုးပေးခဲ့ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဦးဆောင်ကာ လုပ်ငန်းဆောင်ရွက်သည့် သန့်ရှင်းသည့် သောက်သုံးရေရရှိရေး စီမံချက်အတွက် လိုအပ်မည့် ကုန်ကျစရိတ်အတွက် ပံ့ပိုးကူညီပေးခြင်းဖြစ်ကြောင်း သိရသည်။

Chief Legal and Regulatory Officer Christopher Peirce က "သာစည်မြို့နယ်က တချို့ရွာတွေမှာဆိုရေရဖို့အတွက် သုံးမိုင်လောက်သွားရတယ်လို့ သိရပါတယ်။ ရေတွင်းမှာ ရေခပ်ဖို့တန်းစီနေတဲ့ လူတန်းရှည်ကြီးတွေရှိတယ်။ ဘုံပိုင်မှာရေခပ်တာ ရေတစ်ပုံးရဖို့အတွက် တစ်နာရီလောက် အချိန်ပေးနေကြရပါတယ်။ ထွက်လာတဲ့ရေကလည်း ရေငန်ဖြစ်နေလို့ သောက်ရေအတွက် အဆင်မပြေဘူး။ များသောအားဖြင့် အပြင်ကရေသန့် လာလှူတဲ့သူတွေရှိမှသာ သောက်ရေအတွက် အဆင်ပြေကြတယ်လို့ သိရပါတယ်"ဟု ပြောသည်။

မဲတောကျေးရွာတွင် ရေတွင်းနှစ်တွင်းရှိသော် ဒေသခံအများစုအတွက် အဆင်မပြေလှကြောင်း၊ တစ်တွင်းမှာ ရေငန်တွင်းဖြစ်နေ၍ ကျန်တစ်တွင်းကိုသာ အားထားနေကြရပြီး ရေခပ်ရာတွင် မိမိအလှည့်ရောက်ရန်အတွက် နာရီပေါင်းများစွာစောင့်ကြရကြောင်း သိရသည် ။ ဒေသခံလူထုအနေဖြင့် အခြားရေတွင်း၊ ရေလှောင်ကန်တို့ကို အလိုရှိနေကြပြီး ထိုမှတစ်ဆင့် အိမ်အရောက် ရေပိုက်သွယ်ချင်ကြသည်ဟု သိရသည်။ သို့ဖြစ်ရာ အူရီဒုံးမြန်မာအနေဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့်အတူ ပူးပေါင်း၍ အကောင်အထည်ဖော်မည်ဖြစ်ကြောင်း အူရီဒုံးမြန်မာက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါစီမံကိန်းကို ဇွန်လကုန်တွင် အပြီးသတ်နိုင်မည်ဟု ခန့်မှန်းထားပြီး အူရီဒုံးမြန်မာအနေဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းအပြင် နောင်တွင်လည်း ကုလသမဂ္ဂအဖွဲ့ အစည်းနှင့် လက်တွဲကာ ဒေသခံ လူထုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၀၀၁)

ပြည်ပတင်ပို့သည့် ပဲစေ့ကွက်အတက်အကျ ပြန်လှုပ်ခတ်လာ

ရန်ကုန် ဇွန် ၂၄

ပြည်ပတင်ပို့နေသည့် ပဲအမျိုးအစားများဖြစ်သည့် မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းစေ့းနှုန်းတို့မှာ စေ့းငြိမ်နေရာမှ ယခုတစ်ပတ်အတွင်းအတက်အကျ ပြန်လည် ဖြစ်ပေါ်လာသည်။

မတ်ပဲနှင့် ပဲစင်းငုံစေ့းနှုန်းများသည် အိန္ဒိယ စေ့းကွက်မှ အဝယ်လိုက်လာသဖြင့် တဖြည်းဖြည်း မြင့်တက်လာခြင်းဖြစ်ပြီး ပဲတီစိမ်းစေ့းများမှာ ရာသီပေါ်စကထက် စေ့းကျဆင်းနေသွားသည်ဟု ပဲစေ့းကွက်အသိုင်းအဝိုင်းက ဆိုသည်။

မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များ အသင်းမှ အတွင်းရေးမှူး ဦးမင်းကိုဦးက "မတ်ပဲနဲ့ ပဲစင်းငုံက ရာသီပေါ်ချိန် စေ့းစဖွင့်တဲ့အချိန်ကထက် စေ့းတက်နေတယ်။ မနှစ်က ကာလတူအချိန်ထက်ကိုစေ့းမြင့်နေတာကို တွေ့ရတယ်။ မတ်ပဲဆိုမတ်၊ ဧပြီလတွေက နယ်ပေါက်စေ့းကျပ် ၄၈၀၀၀ ကနေ အခုဆိုတစ်တင်းကို ကျပ် ၅၇၀၀၀ လောက် အဖွင့် စေ့းရှိတယ်" ဟုပြောသည်။

AMIA ၏ စေ့းကွက်စာရင်းများအရ ယခုနှစ်မတ်၊ ဧပြီလများအတွင်းက မတ်ပဲ FAQ/RC တစ်တန် ကျပ်၁၅ သိန်း၀နှုန်းကျင်ခန့်မှ ယခုဇွန်လတွင် ၁၈ သိန်းကျော်အထိ မြင့်တက်နေပြီး အလားတူ မတ်၊ ဧပြီလအတွင်းက ပဲစင်းငုံနီ RC သည် တစ်တန်လျှင် ကျပ် ၁၄ သိန်း၀နှုန်းကျင်မှ လက်ရှိတွင် ၁၅ သိန်း ကျော်အထိမြင့်တက်လာသည်ကိုတွေ့ရသည်။

'လှောင်ထားတဲ့သူတွေအနေနဲ့ကတော့ ဒါက အလောင်းအစားလုပ်သလို ပဲစေ့းကတက်လာနိုင်သလို ဒီထက်လည်း ထပ်ကျနိုင်တယ်'ဟု ဦးမင်းကိုဦးက ဆိုသည်။

ပြည်ပသို့တင်ပို့နေသည့် ပဲမျိုးစုံတွင် မတ်ပဲနှင့် ပဲစင်းငုံ ၇၀ ရာခိုင်နှုန်းခန့်ကို အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့နေရပြီး ပဲတီစိမ်းကိုမူ အရှေ့တောင်အာရှနိုင်ငံများမှ အများဆုံး၀ယ်ယူနေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များ အသင်းမှ သိရသည်။

ပဲတီစိမ်းကို အာရှနိုင်ငံအများအပြားတွင် စိုက်ပျိုးကြပြီး မြန်မာနိုင်ငံ၏ အဓိကဝယ်လက်ဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားပေါ်မူတည်ပြီး စေ့းနှုန်းအတက်အကျ ဖြစ်နေခြင်းဖြစ်သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်းက ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ၁၂ သိန်းကျော် တင်ပို့ခဲ့ပြီးလက်ရှိတွင် ပြည်ပသို့ ပဲမျိုးစုံတန်ချိန် နှစ်သိန်းကျော် တင်ပို့ထားကြောင်း သိရသည်။ **ဖြိုးလွင်အောင် (AMIA)**

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ပုဂ္ဂလိကရေနံဓာတ်ငွေ့ရည် အရောင်းဆိုင်များအား ယာယီလိုင်စင်ထုတ်ပေး

လားရှိုး ဇွန် ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှိ ပုဂ္ဂလိက ရေနံဓာတ်ငွေ့ရည် အရောင်းဆိုင်များအား ယာယီလိုင်စင်ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက လားရှိုးမြို့ရှိ ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်က အမှာစကားပြောကြားပြီး မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးကြီးမြင့်က ယာယီလိုင်စင်ခွင့်ပြုထုတ်ပေးခဲ့သည့် ရေနံဓာတ်ငွေ့ရည် လက်လီအရောင်းဆိုင်များအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စနစ်တကျဆောင်ရွက်လုပ်ကိုင်နိုင်ရန်အတွက် သတ်မှတ်ထားသော လိုက်နာရန် လိုအပ်သည့်စည်းကမ်းချက်များကို ကြိုတင်ပြင်ဆင် လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒီဇင်ဘာ ၃၁ ရက်မတိုင်မီ သက်ဆိုင်ရာတာဝန်ရှိသူများက ထပ်မံကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ပြီး သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီသည့် အရောင်းဆိုင်များအား တစ်နှစ်သက်တမ်းရှိသော လိုင်စင်အမျိုးအစား(ဃ) နှင့်(င)တို့ကို စိစစ်ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးကြီးမြင့်က ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှိ လားရှိုး၊ ကျောက်မဲ၊ မူဆယ်၊ ကွမ်းလုံနှင့်တန့်ယန်းမြို့တို့မှ ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင် ၁၈ ဆိုင်အား ယာယီလိုင်စင်များထုတ်ပေးခဲ့ကြောင်း သိရသည်။

ကိုစိုင်း(လားရှိုး)

မိုးကြိုရေသွင်းနှမ်းစိုက်တောင်သူများ ရိတ်သိမ်းလျက်ရှိ

ပေါက် ဇွန် ၂၄

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် နှမ်းကို မိုးကြိုရေသွင်းနှမ်း၊ မိုးဦးနှမ်းလျင်နှင့် မိုးနှောင်းနှမ်းကြီးတို့ စိုက်ပျိုးကြရာ မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် သီးချောက်(တ) ကျေးရွာ၌ မိုးကြိုရေသွင်းနှမ်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိပြီး ယခုအခါ နှမ်းစိုက်တောင်သူများ ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

မိုးကြိုရေသွင်းနှမ်းတစ်မျိုးဖြစ်သည့် စမုန်နက်နှမ်းမျိုးကို တပေါင်းလဆန်းတွင် ထွန်ရေးညက်ညက်ထွန်ယက်ကာ မြေဆီ၊ မြေဩဇာများထည့်၍ ရေသွင်းနှပ်ထားရပြီး မြေပလူဝမ်းပျောက်ချိန်တွင် ထွန်ယက်ကြပက်စိုက်ပျိုးလျက်ရှိရာ ယခုအချိန်တွင် အသီးများ၀င်းမှည့်အောင်မြင်ပြီး စေ့းကွက်အမိရိတ်သိမ်းလျက်ရှိသည်။

ဥက်တိုး(ပြန်/ဆက်)

ဘီလူး-အုန်းစံဆိုင်-နန့်မွန်းကားလမ်းပိုင်း ချောင်းကမ်းပါးအနီး ခရီးသွားများအန္တရာယ်ရှိနိုင်၍ သတိပေးဆိုင်းဘုတ်များတပ်ဆင်ပေးရန်လို

မိုးညှင်း ဇွန် ၂၄

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဘီလူး-အုန်းစံဆိုင်-နန့်မွန်းကားလမ်းပိုင်းရှိ မိုင်တိုင်အမှတ် (၉/၃)တွင် လမ်းဘေးချောင်းကမ်းပါး အနီးအက်ကွဲကြောင်းများကြောင့် ခရီးသွားမော်တော်ယာဉ်များ အန္တရာယ်ရှိနိုင်သဖြင့် လမ်းပိုင်းပြုပြင်ခြင်းများ အန္တရာယ်ရှိ သတိပေးဆိုင်းဘုတ်များ စိုက်ထူပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

ဘီလူး-အုန်းစံဆိုင်-နန့်မွန်း မော်တော်ကားလမ်းပိုင်းသည် လမ်းအရှည် ၁၄ မိုင်၊ အကျယ် ၂၄ ပေရှိသော ကျောက်ခင်းကားလမ်းမကြီးဖြစ်ပြီး အဆိုပါလမ်းပိုင်းကို ၂၀၁၄ ခုနှစ် ဇူလိုင် ၁၈ ရက်မှစတင်ကာ ကချင်ပြည်နယ် အစိုးရ ဘတ်ဂျက်ရန်ပုံငွေဖြင့် မိုးညှင်းခရိုင် လမ်းအထူးအဖွဲ့မှ အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး ဆောက်လုပ်ရေးအထူးအဖွဲ့(၁၄)နှင့် အင်ခိုင်ဗွမ်ကုမ္ပဏီ၊ သဒ္ဒါဖြူကုမ္ပဏီ၊ ရွှေလှခိုင်ကုမ္ပဏီ၊ မိတ်ကာဟုမ်းကုမ္ပဏီတို့မှ တာဝန်ယူဆောင်ရွက်ခဲ့သဖြင့် အဆိုလမ်းပိုင်းမှာ ယခုနှစ် မတ်လပိုင်းတွင် ကျောက်ချောလမ်းအဖြစ် ပြီးစီးခဲ့သဖြင့် ယခုအခါ ဒေသအတွင်း လျင်မြန်ချောမွေ့လွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ယခုအခါ မိုးတွင်းမိုးဦးရာသီတွင် မိုးအဆက်မပြတ်ရွာသွန်းလျက်ရှိရာ အဆိုပါလမ်းပိုင်းရှိ အုန်းစံဆိုင်မှနန့်မွန်းကျေးရွာအထိ ကားလမ်းအတက် အဆင်း ၁၀ မိုင်ခန့်မှာ တောင်တက် တောင်ဆင်းနှင့် မတ်စောက်သော ကမ်းပါးယံကွေ့များ ပေါများသဖြင့် မိုးရွာသွန်းမှုကြောင့် တောင်ကမ်းပါးယံမှ မြေလွှာလျော့ကျခြင်း၊ ချောင်းကမ်းပါးတစ်လျှောက် ဖို့မြေများပြိုကျခြင်းနှင့် လမ်းမြေသား အက်ကွဲကြောင်းများ ဖြစ်ပေါ်လာသဖြင့် မော်တော်ယာဉ်ကြီးများ၊ မော်တော်ဆိုင်များအတွက် သတိထားသွားလာရန်လိုအပ်သကဲ့သို့ လမ်းကွေ့များ၊ လမ်းအက်ကွဲကြောင်းများတွင် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ရန်လိုအပ်ကြောင်း၊ အထူးသဖြင့် မိုင်တိုင် (၉/၃)တွင် အရှည်ပေ ၅၀ ကျော်ခန့် အက်ကွဲကြောင်းမှာ မော်တော်ယာဉ်ကြီးများ၊ ယာဉ်ငယ်များနှင့် ဆိုင်ကယ်အတက်အဆင်းများအတွက် အန္တရာယ်ရှိနိုင်သဖြင့် ကြိုတင်ပြင်ဆင်မှုများ၊ သတိပေးဆိုင်းဘုတ်များ တပ်ဆင်ပေးရန်လိုအပ်ကြောင်း မိုးညှင်း-နန့်မွန်းမော်တော်ယာဉ်မောင်းတစ်ဦးထံမှ သိရသည်။ **(၀၅၈)**

ဖွံ့ဖြိုးမှုအခြေပြုစီမံကိန်းသုံးခုပါဝင်သော ဆယ်မာအူးလ်အွန်ဒုံစီမံကိန်း ပွင့်လင်းမြင်သာစွာဆောင်ရွက်

နေပြည်တော် ဇွန် ၂၄

ကျေးရွာနှင့် ကျေးရွာနေပြည်သူများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးတက်ရရှိရေးစသည့် စီမံကိန်းသုံးခုဖြင့်အခြေခံပြီး ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်မည့် ဆယ်မာအူးလ်အွန်ဒုံ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ တဲကြီးကုန်းကျေးရွာအုပ်စု တဲကြီးကုန်း၊ ဂုံမင်းအင်းနှင့် ရှားတောကျေးရွာများတွင် စတင်၍ဆောင်ရွက်လျက်ရှိသည်။

"လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနဲ့ပတ်သက်ပြီး အရှည်ပေ ၄၅၀ ရှိသော ရေမြောင်းတစ်ခုနှင့် အရှည်ပေ ၆၅၀ ရှိသောရွာပတ်လမ်း(ကွန်ကရစ်)တစ်ခုတို့ကို စတင်ဆောင်ရွက်နေပါတယ်။ တိုးတက်မှုစံနှုန်းနဲ့ကြည့်ပြီး အဆင့်လိုက်သတ်မှတ်ချက်တွေရှိလို့ အကောင်းဆုံးအဆင့်တစ်ခုရရှိဖို့ ကျေးရွာနေပြည်သူများနဲ့အတူ ပူးပေါင်းဆောင်ရွက်သွားမှာပါ" ဟု တဲကြီးကုန်းကျေးရွာမှ ဆယ်မာအူးလ်အွန်ဒုံကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းက ပြောသည်။

"ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းကို ဆောင်ရွက်နိုင်ဖို့ ကနဦးအနေနဲ့ ကျပ် ၂၃၃ သိန်းရထားပြီး စီမံကိန်းသုံးခုနဲ့ ဆောင်ရွက်ရမှာပါ။ ဆောင်ရွက်တဲ့အခါမှာလည်း အားလုံးအတူ ပူးပေါင်းပြီး ပွင့်လင်းမြင်သာစွာနဲ့ ဆောင်ရွက်သွားမှာပါ" ဟု တဲကြီးကုန်းကျေးရွာမှ ဆယ်မာအူးလ်အွန်ဒုံကော်မတီအတွင်းရေးမှူး ဦးလှမြင့်က ပြောသည်။ "ချေးငွေအနေနဲ့ ကျပ်ခြောက်သောင်းရပါတယ်။ ရတဲ့ငွေနဲ့ပဲ စျေးရောင်းဖို့ အရင်းအနှီးလုပ်သွားမှာပါ"ဟု ဝင်ငွေတိုးတက်ရရှိရေးစီမံကိန်းမှ ချေးငွေရရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းထဲမှ ကျေးရွာတစ်ရွာလျှင် ငွေကျပ် ၂၃၃ သိန်းချထားပေးပြီး လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးတွင် ၆၀ ရာခိုင်နှုန်း၊ ဝင်ငွေတိုးတက်ရရှိရေးတွင် ၃၅ ရာခိုင်နှုန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတွင် ၈၀ ရာခိုင်နှုန်း အသီးသီးခွဲဝေအသုံးပြုနိုင်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ကဏ္ဍတစ်ခုချင်းစီတွင် ကြီးကြပ်ရေးမှူးများဖြင့် အဆင့်ဆင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ထားရှိမှုမှတ်တမ်းများကိုလည်း ကြော်ငြာသင်ပုန်းတွင် ပွင့်လင်းမြင်သာစွာ ချပြထားရမည်ဖြစ်ကြောင်း သိရသည်။

သန့်မောင်(မြန်/ဆက်)

အစားအသောက်များဘေးအန္တရာယ်ကင်းရှင်းရေး ကျောင်းမုန့်ဈေးတန်းများစစ်ဆေး

မန္တလေး ဇွန် ၂၄

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (မန္တလေး)၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပညာရေးဌာနတို့ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး မြို့နယ်၂၈မြို့နယ်ရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများတွင် ဇွန်လစတုတ္ထပတ်မှစတင်၍အစားအသောက်များဘေးအန္တရာယ်ကင်းရှင်းရေး ကျောင်းမုန့်ဈေးတန်းများ စစ်ဆေးခြင်း၊ စားသုံးသူကာကွယ်ရေး၊ ဆိုးဆေးအန္တရာယ်ကင်းရှင်းရေးပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇွန်၂၂ ရက်က မန္တလေးမြို့ မဟာအောင်မြေမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအား အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(မန္တလေး)ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကျော်ကျော်ကအစားအသောက်များဘေးအန္တရာယ်ကင်းရှင်းရေးကို လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံက ဆိုးဆေးပါသောအစားအစာများနှင့် တစ်ဖက်နိုင်ငံမှ တရားမဝင်တင်သွင်းလာသောကလေးစားသောက်ကုန်များ ရောင်း ဝယ်မှုမပြုရေးကိုလည်းကောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျောင်းကျန်းမာရေးတာဝန်ခံကအာဟာရပြည့်ဝသော အစားအစာများကိုလည်းကောင်း ပညာပေးဟောပြောပြီး ကျောင်းမုန့်ဈေးတန်းများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

စားသုံးရန်မသင့်သော အစားအစာများ၊ ဆိုးဆေးပါသောအစားအစာများ ရောင်းချခြင်းမပြုရေး ကျောင်းဈေးသည်များအား ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

အမ်ပွီမြန်မာ့ဂုဏ်ရည်သင်္ဘောမှသင်္ဘောသားတစ်ဦး သံလွင်မြစ်အတွင်း ရေနစ်ပျောက်ဆုံး

ဘားအံ ဇွန် ၂၄

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားကပ်ကျေးရွာ အမှတ်(၃) ရပ်ကွက် ဆိပ်ကမ်း၌ ဂေါဒန်ကျောက်တင်ရန် ရပ်တန့်ထားသည့် အမ်ဗီမြန်မာ့ဂုဏ်ရည် သင်္ဘောပေါ်မှ သင်္ဘောသား ကိုကျော်မျိုးအောင် မုံရွာအုပ်စု သာပေါင်းမြို့နယ်သည် သင်္ဘောကုန်းပတ်ပေါ်တွင် သင်္ဘောသားများဖြစ်သော ဦးမျိုးဝေ၊ ဇင်ကိုရွှင်း၊ ကျော်သူဟိန်း၊ အောင်မြင့်မြတ်၊ သန့်ဇင်ဦးတို့နှင့်အတူ ဇွန် ၂၃ ရက် ညနေ ၅ နာရီခန့်က ဘောလုံးကန်ကြရာ ဘောလုံးမှာသံလွင်မြစ်အတွင်း ကျသွားသဖြင့် ကျော်မျိုးအောင်ကသင်္ဘောပေါ်မှခုန်ချပြီး လိုက်လံဆယ်ယူစဉ် ရေနစ်သွားခဲ့ကြောင်း သိရသည်။

ရေနစ်ရာသို့ အနီးဝန်းကျင်မှစက်လှေများဖြင့် လိုက်လံရှာဖွေလျက်ရှိပြီး ရေနစ်ပျောက်ဆုံးသွားသူအား ပြန်လည်ဆယ်ယူရရှိရေးအတွက် သံလွင်မြစ်အောက်ဖက်ရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့လည်း ဆက်သွယ်ထားကြောင်း သိရသည်။

ထွန်းထွန်းထွေး (ဘားအံ)

အမြန်လမ်းတွင် လိုက်ထရပ်ယာဉ် အရှိန်မထိန်းနိုင်ဘဲ ရပ်ထားသော ခရီးသည်တင်ယာဉ်အားဝင်တိုက်

နေပြည်တော် ဇွန် ၂၄

ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၁၈၆/၆)နှင့် (၁၈၆/၇)အကြား ရန်ကုန်မှ နေပြည်တော်သို့ အောင်သုခကျေးရွာ တောင်တွင်းကြီးမြို့နယ်နေသူ ယာဉ်မောင်းအောင်ဇော်ဌေး မောင်းနှင်လာသော လိုက်ထရပ်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လေအိတ်ပေါက်၍ လမ်းဘေး၌ရပ်ကာ ပြုပြင်နေသည့် ရာဇာအောင် ခရီးသည်တင်ယာဉ်နောက်ပိုင်းအား ဝင်ရောက်တိုက်မှုဖြစ်ပွားခဲ့သည်။

အဆိုပါယာဉ်တိုက်မှုကြောင့် လိုက်ထရပ်ယာဉ်ပေါ်ပါ ကိုဝေယံစိုးနှင့် ခရီးသည်တင်ယာဉ်မှ ယာဉ်မောင်း ဦးမျိုးနိုင်နှင့် ယာဉ်နောက်လိုက် ကိုသန်းစိုးတို့မှာ ဒဏ်ရာများရရှိခဲ့သည်။

အခင်းဖြစ်ပွားရာနေရာသို့ ပလွေးအမြန်လမ်းမကြီးရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ဒဏ်ရာရရှိသူများအား ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

လိုက်ထရပ်ယာဉ်မောင်းအား ပလွေးအမြန်လမ်းမကြီးရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

သန်းဦး (လေးမျက်နှာ)

မာတ်ပုံ - အမြန်လမ်းရဲတပ်ဖွဲ့

ရွှေစျေး၊ စက်သုံးဆီစျေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇွန် ၂၄

ရန်ကုန်(ရွှေစျေး) ၈၂၀၀၀ - ၈၂၀၀၀ မန္တလေး(ရွှေစျေး) ၈၁၉၅၀ - ၈၁၉၅၀

စက်သုံးဆီစျေးနှုန်း		**ရန်ကုန်**	**မန္တလေး**
(က) ဒီဇယ်	တစ်လီတာ	၅၃၀/၅၅၅ ကျပ်၊	၅၉၀ ကျပ်
(ခ) အောက်တိန်း 95	တစ်လီတာ	၆၅၀ ကျပ်၊	၃၃၀ ကျပ်
(ဂ) အောက်တိန်း 92	တစ်လီတာ	၅၆၀/၅၃၀ ကျပ်၊	၆၄၀ ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၅၃၀/၅၈၀ ကျပ်၊	၆၄၀ ကျပ်

ရန်ကုန် လက်ကားစျေး

ဒီဇယ် တစ်လီတာ ၅၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၅၀ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၅၁၀ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	- ၁၁၈၄.၀
(ခ)	ဥရောပ	တစ်ယူရို	- ၁၃၃၆.၈
(ဂ)	တရုတ်	တစ်ယွမ်	- ၁၈၀.၀၁
(ဃ)	ထိုင်း	တစ်ဘတ်	- ၃၃.၅၇၉
(င)	မလေးရှား	တစ်ရင်းဂစ်	- ၂၉၅.၀၈
(စ)	အိန္ဒိယ	တစ်ရူပီး	- ၁၇.၆၀၆
(ဆ)	ဂျပန်	တစ်ရာယန်း	- ၁၁၃၀.၄
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	- ၁၀၂.၈၇
(စျ)	ဩစတြေးလျ	တစ်ဒေါ်လာ	- ၈၉၂.၁၄
(ည)	စင်ကာပူ	တစ်ဒေါ်လာ	- ၈၈၁.၀၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ပြင်ဆင်ဖတ်ရှုပါရန်

ဇွန်၁၈ ရက်ထုတ်ကြေးမုံသတင်းစာ စာမျက်နှာ(၃)တွင်ဖော်ပြထားသော ပြည်မြို့နယ်သမဝါယမအသင်းစုလီမိတက် အရပ်ရပ်ဆိုင်ရာစည်းဝေးသတင်း ၏အောက်ဆုံးပိုဒ်တွင် **ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးစိန်လှက** (အစား) **ပြည်မြို့နယ်သမဝါယမအသင်းစုလီမိတက် အတွင်းရေးမှူး ဦးကြည်အေးနှင့်အဖွဲ့ဝင်ဦးခင်မောင်ကြည်တို့က** အလုပ်အမှုဆောင်အဖွဲ့၏အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားသည်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(၄၉၇)

လျှပ်စစ်သုံးလျှင် သတိယူဉ် ဝန်အားမမျှ မသုံးရ

စာချုပ်သက်တမ်းပြည့်၍ Miss A နှင့် လက်တွဲဖြုတ်လိုက်သည့် တေးသံရှင် မန်ဂျီယာ

၂၀၁၀ ခုနှစ်ကစတင်ကာ ကေပေါ့ပ်အဖွဲ့ Miss A တွင် အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်လှုပ်ရှားခဲ့သူ မန်ဂျီယာသည် ယခုအခါ စာချုပ်သက်တမ်းပြည့်ပြီဖြစ်၍ အဖွဲ့မှ နုတ်ထွက်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

Miss A အဖွဲ့မှ တရုတ်လူမျိုး ရက်ပ်ပါတေးသံရှင်နှင့် သရုပ်ဆောင်တစ်ဦးဖြစ်သူ အသက်(၂၇)နှစ်အရွယ် မန်ဂျီယာသည် တောင်ကိုရီးယား အနုပညာအေဂျင်စီတစ်ခုဖြစ်သည့် ဂျေဝိုင်ပီနှင့် မေ ၂၀ ရက်က စာချုပ်သက်တမ်းပြည့်ခဲ့ပြီဖြစ်ကာ နှစ်ဖက်စလုံးမှ ထပ်မံစာချုပ်ချုပ်ဆိုခြင်းမရှိဘဲ လမ်းခွဲခဲ့ကြကြောင်း သိရသည်။

ဂျေဝိုင်ပီအေဂျင်စီ၏ သတင်းထုတ်ပြန်ချက်အရ ဂျီယာ၏စာချုပ်သက်တမ်းပြည့်ကာ နုတ်ထွက်ခဲ့မှုကို အတည်ပြုပေးခဲ့ပြီး နောက်နောင်တွင်လည်း Miss A နှင့် မည်သည့်ပတ်သက်မှုမျိုးမှ ရှိတော့မည်မဟုတ်ဘဲ ဂျီယာက တစ်ကိုယ်တော် အနုပညာလှုပ်ရှားမှုများကိုသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် Miss A ၏ အခြားအဖွဲ့ဝင်များမှာ နုတ်ထွက်ဖွယ်မရှိကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင်ပါရှိခဲ့သော်လည်း ကိုရီးယားမီဒီယာတစ်ခုဖြစ်သည့် စတားနယူးစ်တွင် ဖော်ပြချက်အရ တရုတ်နိုင်ငံသား အဖွဲ့ဝင်တစ်ဦးဖြစ်သည့် Fei သည်လည်း ဂျေဝိုင်ပီမှနုတ်ထွက်ရန် လက်မှတ်ထိုးထားကြောင်း ဖော်ပြထားသည်။

ယခုလက်ရှိတွင် Miss A အဖွဲ့၌ ဆူဇီနှင့် မင်တို့နှစ်ဦးသာကျန်ရှိခဲ့ပြီး ၎င်းတို့နှစ်ဦးမှာလည်း ၂၀၁၇ ခုနှစ်တွင် စာချုပ်သက်တမ်း တိုး၊ မတိုးကို မဆုံးဖြတ်ရသေးကြောင်း သိရသည်။

ပတ်ယူချန်းအား သရုပ်ဆောင်တစ်ဦးအဖြစ် ပြန်လည်လက်ခံရန် ထုတ်လုပ်သူများ ငြင်းဆန်

တောင်ကိုရီးယား ကေပေါ့ပ်တေးသံရှင်တစ်ဦးလည်းဖြစ်ပြီး သရုပ်ဆောင်ပိုင်းဆိုင်ရာများတွင်လည်း ပါဝင်လှုပ်ရှားလျက်ရှိသူ ပတ်ယူချန်းအား တောင်ကိုရီးယားသရုပ်ဆောင်လောကသို့ တစ်ဖန်ပြန်လည်ဝင်ရောက်လိုပါက အပြုသဘောမဆောင်သည့် ဝေဖန်ချက်များဖြင့်သာ ငြင်းဆန်ရမည်ဖြစ်ကြောင်း တောင်ကိုရီးယားဒရမ်မာဇာတ်ကား ထုတ်လုပ်သူအများစုက ဆိုသည်။

ဇွန် ၁၇ ရက်က ထုတ်ပြန်သည့် ကိုရီးယားမီဒီယာတစ်ခု၏ သတင်းဖော်ပြချက်အရ "သရုပ်ဆောင်လောကကို ပြန်လည်ခြေဦးလှည့်ချင်ရင်တောင်မှ ကျွန်တော် တို့ရဲ့တို့ပြန်မှုက ဝမ်းနည်းစွာနဲ့ပဲ ငြင်းဆန်ရမှာပါ"ဟု အမည်မဖော်လိုသူ ဇာတ်ကား ထုတ်လုပ်သူတစ်ဦးက ဆိုသည်။

နှစ်ဦး(သို့မဟုတ်) နှစ်ဦးထက်ပိုသည့် အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာကျူးလွန်မှုကြောင့် တရားစွဲဆိုခြင်းခံထားရသူတစ်ဦးဖြစ်သူ ပတ်ယူချန်း၏ နာမည်ဂုဏ်သတင်းညှိုးနွမ်းရခြင်းသည် ယင်းအမှုကြောင့်လည်းဖြစ်သလို မကြာခင်က ၎င်း၏အေဂျင်စီဖြစ်သည့် C-JeS အင်နာတိန်းမန့်မှ ထုတ်ပြန်ခဲ့သည့် သတင်းဆောင်းပါးတစ်ပုဒ်ကြောင့်လည်းဖြစ်ကြောင်း ကိုရီးယားအနုပညာသတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

"သူ့ရဲ့အေဂျင်စီနဲ့ ပတ်ယူချန်းတို့ကြားမှာလည်း တင်းမာမှုလေးတွေ၊ ကောလာဟလလေးတွေရှိခဲ့တာကြာပါပြီ။ အဲဒီသတင်းဆောင်းပါးပေါ်ထွက်လာပြီးတဲ့နောက်ပိုင်းမှာပိုဆိုးခဲ့တာပါ"ဟု ရုပ်သံထုတ်လုပ်သူတစ်ဦးက ဆိုသည်။

ယခုလက်ရှိတွင် ပတ်ယူချန်းသည် အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာကျူးလွန်မှုကြောင့် စုံစမ်းစစ်ဆေးခြင်းခံနေရပြီး ၎င်း၏အေဂျင်စီအနေဖြင့်လည်း အနုပညာလောကမှ ထွက်ခွာမည်ဖြစ်သည်ဟု အခိုင်အမာဆိုနေကြောင်း သိရသည်။

Head & shoulders ၏ ပင်တိုင်မော်ဒယ်သစ်တစ်ဦးဖြစ်လာခဲ့သူ ဒါရာ

ကေပေါ့ပ် 2NE1 အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ တေးသံရှင်ဒါရာသည် အမေရိကန်နိုင်ငံထုတ် အလှကုန်ပစ္စည်းတစ်မျိုးဖြစ်သည့် Head & shoulders ၏ ပင်တိုင်မော်ဒယ်သစ်တစ်ဦးအဖြစ် ရွေးချယ်ခြင်းခံခဲ့ရပြီး ၎င်းသည် ယခုရက်သတ္တပတ်အတွင်း ပရိုမိုးရှင်းပွဲနှင့် ပရိသတ်တွေ့ဆုံပွဲများ ကျင်းပရန်အတွက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ သွားရောက်ခဲ့ကြောင်း သိရသည်။

"ဒါရာဟာ ယခုတစ်ပတ်အတွင်း H&S Brandရဲ့ ပရိုမိုးရှင်းပွဲအတွက် ထိုင်းကိုသွားပါမယ်။ နောက်ပြီး ဇွန် ၂၄ ရက်မှာ ဗန်ကောက်မြို့မှာ သူ့ရဲ့ ပရိသတ်တွေနဲ့ တွေ့ဆုံပွဲလေးတစ်ခု ကျင်းပပါမယ်"ဟု ဒါရာ၏ ပရိသတ်များအတွက် ရည်ရွယ်တည်ထောင်ထားပြီး ၎င်း၏ သတင်းအချက်အလက်နှင့် လှုပ်ရှားမှုများကို အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ပေးနေသည့် အင်တာနက် စာမျက်နှာတစ်ခုတွင် ဖော်ပြထားသည်။

တေးသံရှင် ဒါရာသည် ပြီးခဲ့သည့် လအနည်းငယ်အတွင်းက အခြားသော အလှကုန်ပစ္စည်းများ၏ မော်ဒယ်တစ်ဦးအဖြစ် အာရှနိုင်ငံအချို့သို့ သွားရောက်ကာ ပရိုမိုးရှင်းပွဲများ ကျင်းပခဲ့သည်။ တောင်ကိုရီးယားနွယ်ဖွားမင်းသမီးတစ်ဦးဖြစ်သော်လည်း ဖိလစ်ပိုင်တွင် ကြီးပြင်းလာခဲ့သူ ဒါရာသည် ယခုလက်ရှိတွင် ရုပ်သံဇာတ်လမ်းတွဲတစ်ခု ဖြစ်သည့် One More Happy Ending တွင် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

မျိုးစန္ဒာမောင်-စုစည်းဖော်ပြသည်။

ရုပ်မြင်သံကြားအစီအစဉ်များ

[၂၅- ၆ -၂၀၁၆ (စနေနေ့)]

မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀	-အဖွင့်
	-မိုးလေဝသအစီအစဉ်
	-ကာတွန်းအစီအစဉ်
	"Song of the Sea"
	(အပိုင်း-၁)
၆း၅၀	စတ္တောမ
၇း၁၀	ကက်ဆက်ဇာတ်လမ်း
	"မြည်ချစ်သော ကိုရင်ဩ"
	(ပထမပိုင်း)
၈း၂၀	MRTV Entertainment Music
၈း၄၀	အနုပညာမှ ပရဟိတသို့
	(အပိုင်း-၁)
၉း၀၀	နိုင်ငံတကာရုပ်ရှင်
	ဇာတ်ဝင်တေးများ
၉း၁၀	မြိတ်ကျွန်းစုသို့ (အပိုင်း-၁)
၉း၄၀	တေးဂီတအစီအစဉ်
၁၀း၀၀	ဂီတပညာရှင် ငယ်ငယ်လေး
၁၀း၂၀	မြန်မာရုပ်ရှင်
	"ခေါင်းစဉ်ကောင်းဖို့လိုတယ်"
၁၂း၀၀	-အစီအစဉ်ပြီး၏

*** နံနက် (၀း၃၀)နာရီ - Live : Euro 2016 "Croatia Vs Portugal" တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါမည်။**

မြန်မာ့ရုပ်မြင်သံကြား New Channel

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏
	ပရိတ်တရားတော်
၇း၃၅	Hyper Sports
၈း၃၅	"ပုံမှန်ကာကွယ်ဆေးထိုး
	အစီအစဉ်တွင် ကာကွယ်ဆေး
	အသစ်ပြင်းထန်အဆုတ်ရောင်
	ရောဂါပိုးကာကွယ်ဆေး
	(PCV) ထည့်သွင်း
	ထိုးနှံခြင်းအသိပေးဆွေးနွေးခန်း"
၉း၃၅	Business News
၁၀း၃၅	ကဗျာရိပ်မြဲ "ပြိုင်ပွဲ"
၁၁း၁၅	"ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်
	နှင့် ကျန်းမာရေး" (သင်္ဘားမွှေးနှင့်
	ဆူးပုပ်ရွက်)
၁၁း၃၅	ချစ်စရာအရွယ်ကစားကြမယ်
၁၂း၅၀	နိုင်ငံခြားဇာတ်လမ်းတွဲ
	"မင်္ဂလာပါဂင်ချီ" (အပိုင်း-၄၈)
၁း၃၅	"အမှောင်ထဲမှရုန်းထွက်လိုသူများ
	အတွက် နားခိုရာ"
၂း၃၀	"ယူရို ၂၀၁၆ အထူးအစီအစဉ်"
၂း၃၀	အနုပညာသတင်းအစီအစဉ်
၃း၄၅	Ooredoo MNL-1 2016
	ဘောလုံးပြိုင်ပွဲတိုက်ရိုက်
	ထုတ်လွှင့်မှုအစီအစဉ်(မကွေး
	ယူနိုက်တက် FC အသင်းနှင့်
	Horizon FC အသင်း)
၆း၃၅	Tasty Trip
၇း၁၅	"ဒီမိုကရေစီစိတ်ထား"
	(အပိုင်း-၃)
	(ထွန်းထွန်းဝင်း၊ ဇေယျ၊
	မျိုးသန္တာထွန်း၊ ခင်လေးနွယ်)
	(ဒါရိုက်တာ-ကြည်ပိုးထွန်း)
၈း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာ
	သတင်း၊ မိုးလေဝသအခြေအနေ
၉း၀၀	ပြည်တွင်းသတင်း
	-ဂီတတံခါးလေးဖွင့်ပါဦး
	-နိုင်ငံခြားဇာတ်လမ်းတွဲ
	"အချစ်တဲ့လား" (အပိုင်း-၅)

မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

MRTV- 4

၅း၀၀	ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊
	မင်္ဂလသုတ်
၅း၄၀	"ဘဝအရှိကို ဓမ္မအသိဖြင့်ညှိပါ"
	တရားတော်[ဆရာတော်
	အရှင်ဝိစိတ္တ
	(ကိုရီးယားပြန်ဆရာတော်)]
၁၀း၁၅	ခေတ်သစ်ယျိမေ
၁၁း၀၅	Star တို့ရဲ့လက်ရာ
၂း၃၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ
	"ကံကံ၏အကျိုး"
	(အတို့အလှည့်) (အပိုင်း-၂)
၃း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
	"ထာဝရချစ်သူသည်သာ"
	(အပိုင်း-၁၀၃)
၆း၁၅	Cartoon Series
	(Go Go Giggles)
၆း၁၀	Health Fix
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
	"ထာဝရချစ်သူသည်သာ"
	(အပိုင်း-၁၀၄)
၇း၂၀	Let's Talk
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
	"ကံကံ၏အကျိုး"(အတို့အလှည့်)
	(အပိုင်း-၃)
၈း၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
	"အချစ်သစ္စာတည်စေသော်"
	(အပိုင်း-၃၁)
၉း၄၀	The Journey of Love (Part-1)
၁၀း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
	"အသက်ကလေးရယ်ရှည်စေလို"
	(အပိုင်း-၁၀၃+၁၀၄)
၀း၀၅	"ဘဝအရှိကို ဓမ္မအသိဖြင့်ညှိပါ"
	တရားတော်[ဆရာတော်
	အရှင်ဝိစိတ္တ
	(ကိုရီးယားပြန်ဆရာတော်)]
၁း၃၀	World of Knowledge
	(Naked Science:
	Eath Evil Twin)

မြဝတီရုပ်မြင်သံကြား

၆း၀၃	တရားတော်
၁၀း၁၅	စာပေအလင်း စာပေသတင်း
၁၀း၃၀	Cooking Art
၁၁း၂၀	အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
၁၂း၀၀	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
	- အချစ်မြူနှင်း အချစ်
	တိမ်တိုက် အချစ်လေပြေ
	နေမင်း၊ အိန္ဒြာကျော်ဇင်နှင့်
	သရုပ်ဆောင်များ
	ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)
၁၂း၅၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
	- မေတ္တာအသင်ခ်ီ အပိုင်း(၇၂)
၁၄း၃၀	သံစဉ်များနှင့်ကမ္ဘာ
၄း၃၅	ချစ်သူစုံတွဲတူယှဉ်ခွဲ
၄း၅၀	သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀	**Run & Cook**
၅း၁၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
	- ဖေဖေကြီးကိုချစ်တယ်
	အပိုင်း(၃၂)
၅း၅၅	ရွှေလမ်းငွေလမ်းသူငြေးလမ်း
၆း၁၀	စားဖိုဆောင်ချစ်သူ
၆း၃၅	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
	- ချစ်သူတို့စိတ်ဝမ်းအေးချမ်းပါစေ
	အပိုင်း(၄၄)
	- VOA အင်္ဂလိပ်စာသင်ခန်းစာ
	- လူရွှင်တော်စတား
	- ယနေ့ညအတွက်မြဝတီ၏
	တေးလက်ဆောင်
	- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
	- အနားမည်ကြိုဂံ
	အပိုင်း(၉)

အင်လန်၏ စိတ်ပျက်ဖွယ်ရလဒ်ကို အဆုံးသတ်ရန် ရွန်းနီဆန္ဒရှိနေ

အင်လန်အသင်းခေါင်းဆောင်ရွန်းနီသည် အင်လန်လက်ရွေးစင်အသင်း၏ စိတ်ပျက်ဖွယ်ကောင်းသည့် အဓိကပြိုင်ပွဲများမှ ရလဒ်ပိုင်းဆိုးရွားမှုများကို အဆုံးသတ်ရန် ဆန္ဒရှိနေကြောင်း ပြောကြားခဲ့သည်။

အင်လန်အသင်းသည် ယူရိုပြိုင်ပွဲများတွင် ဝင်ခွင့်ရရှိကာ ပါဝင်ကစားခဲ့သော်လည်း နောက်ဆုံးပိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ၁၉၆၈ ခုနှစ်နှင့် ၁၉၉၆ ခုနှစ်တို့တွင် နှစ်ကြိမ်သာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့သည့်အသင်းဖြစ်သည်။

၁၉၉۶ ခုနှစ်က အင်လန်အသင်း အိမ်ရှင်အဖြစ် ကျင်းပခဲ့သည့် ပြိုင်ပွဲသည် အင်လန်အသင်း၏ ဆီမီးဖိုင်နယ်အဆင့် နောက်ဆုံးတက်လှမ်းခဲ့ခြင်းဖြစ်ပြီး ၎င်းနောက်တွင် အဓိကပြိုင်ပွဲများ၌ အုပ်စုအဆင့်နှင့်ပင် ပြိုင်ပွဲမှထွက်ခဲ့ရသည်ကများသည်။ ထို့ပြင် ယူရို ၂၀၀၈ ပြိုင်ပွဲတွင်မူ ခြေစစ်ပွဲပင် မအောင်မြင်ခဲ့သည်အထိ ရလဒ်ပိုင်းဆိုးရွားခဲ့သည်။

အသင်းခေါင်းဆောင်ရွန်းနီသည် ၂၀၀၃ ခုနှစ်မှ စတင်ကာ အင်လန်လက်ရွေးစင်အသင်းတွင် ပါဝင်ကစားခဲ့ပြီး အဓိကပြိုင်ပွဲကြီးခြောက်ခုတွင် ပါဝင်ကစားပေးခဲ့သည်။ အသင်းခေါင်းဆောင်ရွန်းနီသည် ပြင်သစ်မြေတွင် ယှဉ်ပြိုင်လျက်ရှိသည့် ယူရို ၂၀၁۶ ပြိုင်ပွဲတွင် အင်လန်အသင်းအတွက် အရေးပါသည့် ကွင်းလယ်ပိုင်းကို ထိန်းချုပ်ကစားနိုင်ခဲ့သူဖြစ်သည်။

သို့ရာတွင် ၂၀၁၅-၂၀၁۶ ဘောလုံးရာသီအတွက် ပရီမီယာလီဂ်ရွှေဖိနပ်ဆုရရှိထားခဲ့သည့် တိုက်စစ်မှူး ဟယ်ရီကိန်းမှာ ပုံမှန်ခြေစွမ်းပျောက်ဆုံးခဲ့ရသည်။ တိုက်စစ်မှူးရွန်းနီကမူ တိုက်စစ်မှူး ဟယ်ရီကိန်းဟာ မကြာမီ ပုံမှန်ခြေစွမ်းပြန်လည်ရရှိလာလိမ့်မည်ဟု ယုံကြည်ထားကြောင်း ပြောကြားခဲ့သည်။

ငွေကြေယ်

အင်လန်တိုက်စစ်မှူး ဗာဒီ လက်စတာစီးတီးအသင်းနှင့် စာချုပ်သက်တမ်းတိုး

အင်လန်တိုက်စစ်မှူး ဗာဒီသည် ပရီမီယာလီဂ် လက်ရှိချန်ပီယံ လက်စတာစီးတီးအသင်းနှင့် စာချုပ်သစ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်သည်။ အသက်(၂၉)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဗာဒီသည် ပြီးခဲ့သည့်ဘောလုံးရာသီက လက်စတာစီးတီးအသင်းအား ပရီမီယာလီဂ်ချန်ပီယံဖြစ်ရေး အကောင်းဆုံးစွမ်းဆောင်ခဲ့ပြီး အသင်းနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဗာဒီသည် ယူရို ၂၀၁۶ ပြိုင်ပွဲမစတင်မီက ပရီမီယာလီဂ်ပြိုင်ဘက် အာဆင်နယ်အသင်း၏ ပေါင်သန်း ၂၀ ဖြင့် ကမ်းလှမ်းမှုကိုလည်း ခံခဲ့ရသူဖြစ်သည်။ ထိုသို့ အာဆင်နယ်အသင်းက တိုက်စစ်မှူး ဗာဒီအား တစ်ပတ်လုပ်ခလစာ ပေါင် ၁၂၀၀၀၀ ဖြင့် ကမ်းလှမ်းခဲ့သော်လည်း လက်စတာစီးတီးအသင်းကမူ တိုက်စစ်မှူး ဗာဒီအား စာချုပ်သက်တမ်းတိုးခဲ့သည်။

တိုက်စစ်မှူး ဗာဒီသည် ၂၀၁၂ ခုနှစ်အတွင်းက လိဂ်ပြိုင်ပွဲသီးသန့်မရှိသည့် ဖလိုဝုဒ်တောင်းအသင်းမှ ပြောင်းရွှေ့ကြေး ပေါင်တစ်သန်းဖြင့် လက်စတာစီးတီးအသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး ၎င်း၏ ခြေစွမ်းပိုင်းကောင်းမွန်မှုကြောင့် လက်စတာစီးတီးအသင်းက ဖေဖော်ဝါရီလအတွင်းက သုံးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ချုပ်ဆိုထားခဲ့ပြီးဖြစ်သည်။

တိုက်စစ်မှူး ဗာဒီသည် လက်ရှိတွင် ပြင်သစ်မြေ၌ ကျင်းပလျက်ရှိသည့် ယူရို ၂၀၁۶ ပြိုင်ပွဲတွင် အင်လန်အသင်းနှင့်အတူ ပါဝင်ကစားလျက်ရှိပြီး အုပ်စုအဆင့်ပွဲစဉ်ဖြစ်သည့် ဝေလအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ပြင်သစ်ကွင်းလယ်ကစားသမား ကန်တီအား ခေါ်ယူရန် ဝင်းဂါးမျှော်လင့်

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် လက်စတာစီးတီးတိုက်စစ်မှူး ဗာဒီအား မခေါ်ယူနိုင်ခဲ့ခြင်းကြောင့် လက်စတာစီးတီးအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ကန်တီအား စာချုပ်ချုပ်ဆိုခေါ်ယူရန် မျှော်လင့်ထားကြောင်း သိရသည်။ အာဆင်နယ်အသင်းသည် တိုက်စစ်မှူး ဗာဒီအား ခေါ်ယူရန် ပြင်ဆင်ခဲ့ခြင်းကြောင့် ဗာဒီသည် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဆိုသည့်သတင်းများ ထွက်ပေါ်ခဲ့သည်။

ကွင်းလယ်ကစားသမား ကန်တီသည် လက်စတာစီးတီးအသင်းအား ပရီမီယာလီဂ်ဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး ပြင်သစ်မြေတွင် ယှဉ်ပြိုင်ကစားလျက်ရှိသည့် ယူရို ၂၀၁۶ ပြိုင်ပွဲတွင်လည်း အိမ်ရှင်ပြင်သစ်အသင်းအတွက် အကောင်းဆုံး ပါဝင်ကစားပေးနိုင်ခဲ့သူဖြစ်သည်။

အာဆင်နယ်အသင်းသည် ကွင်းလယ်ကစားသမားကန်တီအား ခေါ်ယူရန် မျှော်လင့်ထားသော်လည်း လက်ရှိတွင် ကွင်းလယ်ကစားသမား ဇာကာအား ခေါ်ယူထားခဲ့ပြီးဖြစ်သည်။ ထို့ပြင် ကန်တီသည်လည်း ၂၀၁۶-၂၀၁၇ ဘောလုံးရာသီအတွက် ခေါ်ယူရန်စီစဉ်ထားခဲ့သည့် ကွင်းလယ်ကစားသမားတစ်ဦးဖြစ်ကြောင်းလည်း အာစင်ဝင်းဂါးက ပြောကြားခဲ့သည်။

ပရီမီယာလီဂ်ကလပ် စပါးအသင်းသည် ဆောက်သမ်တန်အသင်း ကွင်းလယ်ကစားသမား ဗစ်တာ ဝမ်ယာမာအား ပြောင်းရွှေ့ကြေး ပေါင် ၁၁ သန်းဖြင့် ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ ခေါ်ယူလိုက်ပြီဖြစ်သည်။

ကွင်းလယ်ကစားသမား ဝမ်ယာမာသည် စပါးအသင်းနည်းပြ ပိုချက်တီနိုနှင့် ပြန်လည်ပူးပေါင်းသွားခဲ့ခြင်းဖြစ်ပြီး ပိုချက်တီနို ဆောက်သမ်တန်နည်းပြအဖြစ် ကိုင်တွယ်စဉ်က ဝမ်ယာမာသည် ပိုချက်တီနို၏လက်အောက်တွင် ကစားခဲ့ဖူးသူဖြစ်သည်။

ကင်ညာအသင်း ခေါင်းဆောင် ဝမ်ယာမာသည် ၂၀၁၃ ခုနှစ်အတွင်းက ဆဲတစ်အသင်းမှ ဆောက်သမ်တန်အသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၁၂ ဒသမ ၅ သန်းဖြင့် ရောက်ရှိလာခဲ့သူဖြစ်ပြီး ဆောက်သမ်တန်အသင်းနှင့်အတူ ပရီမီယာလီဂ်ပွဲစဉ် ၈၅ ပွဲ ပါဝင်ကစားပေးခဲ့ကာ သွင်းဂိုးလေးဂိုး အထိ သွင်းယူပေးနိုင်ခဲ့သည်။

ဝမ်ယာမာအား ငါးနှစ်စာချုပ်ဖြင့် စပါးအသင်းခေါ်ယူ

သို့ရာတွင် စပါးအသင်းက စိတ်ဝင်စားနေခဲ့ခြင်းကြောင့် ပြီးခဲ့သည့် ရွေရာသီ အပြောင်းအရွှေ့ကာလ ကတည်းက ဆောက်သမ်တန်အသင်းမှ ထွက်ခွာခွင့်ပြုရန် တောင်းဆိုခဲ့သူဖြစ်သော်လည်း ဆောက်သမ်တန်အသင်း၌သာ ဆက်ကစားခဲ့ပြီး ၂၀၁၅-၂၀၁۶ ဘောလုံးရာသီတွင် ဆောက်သမ်တန်အသင်းအား ပရီမီယာလီဂ် အဆင့်(۶)နေရာတွင် ရပ်တည်နိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် ကစားသမားများအနက် တစ်ဦးအပါအဝင်ဖြစ်သည်။

လက်ရှိတွင် ဆောက်သမ်တန်အသင်းမှ စပါးအသင်းသို့ ပြောင်းရွှေ့ရန် စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် ဝမ်ယာမာက "ပရီမီယာလီဂ်မှာ ကစားခွင့်ရခဲ့သည့် ပထမဆုံး ကင်ညာနိုင်ငံသား ကစားသမား တစ်ဦးဖြစ်လာရန် ခေါ်ယူခဲ့တဲ့ ဆောက်သမ်တန်အသင်းကို နှုတ်ဆက်ခဲ့ပါတယ်။ ဆောက်သမ်တန်အသင်းကို ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူး။ ကျွန်တော့်ရဲ့နှလုံးသားမှာလည်း ထာဝရအမှတ်ရနေမှာပါ" ဟု ၎င်း၏ ဝက်ဘ်ဆိုက်တွင် ပြောကြားခဲ့သည်။

စပါးအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် ပရီမီယာလီဂ် အမှတ်ပေးဇယား၏ အဆင့်(၃) နေရာတွင် ရပ်တည်နိုင်ခဲ့ခြင်းကြောင့် ၂၀၁۶-၂၀၁၇ ချန်ပီယံလီဂ်ပြိုင်ပွဲ၏ အုပ်စုအဆင့် ဝင်ခွင့်တစ်နေရာ အတွက် ရရှိထားခဲ့သည့်အသင်းဖြစ်ပြီး ဝမ်ယာမာအား ခေါ်ယူခဲ့ခြင်းသည် အပြောင်းအရွှေ့ကာလ၏ ပထမဆုံး ကစားသမားခေါ်ယူမှုလည်းဖြစ်လာခဲ့သည်။ ကွင်းလယ်ကစားသမား ဝမ်ယာမာသည် ၂၀၁၁ ခုနှစ်အတွင်းက ဘယ်လ်ဂျီယံကလပ်မှ စကော့တလန်သို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ဆဲတစ်သို့ မရောက်ရှိမီ ၂၀၀၇ ခုနှစ်က ဆွီဒင်သို့ ကနဦး ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ဘားအံမြို့တွင် အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် မီနီမာရသွန်ပြိုင်ပွဲကျင်းပ

ဘားအံ ဇွန် ၂၄

ကရင်ပြည်နယ် ဘားအံမြို့တွင် အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် (TSDP) အစီအစဉ်နှင့် အိုလံပစ်နေ့အထိမ်းအမှတ် အမျိုးသား အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၂၃ ရက် နံနက် ၅ နာရီတွင် ဘားအံမြို့ သီရိကွင်းမုခ်ဦးရှေ့၌ ကျင်းပခဲ့ရာ တာလွှတ်ပွဲသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်နေ အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

မီနီမာရသွန်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူများ၊ အားကစားဝါသနာရှင် စုစုပေါင်း ၁၀၀ ခန့်သည် ဘားအံမြို့ သီရိကွင်းမုခ်ဦးရှေ့မှ ပိုလ်ချုပ်လမ်းမကြီးအတိုင်း တောင်ကလေးကျေးရွာအထိ အသွားအပြန်ယှဉ်ပြိုင်ခဲ့ကြပြီး နံနက် ၈ နာရီတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အမျိုးသား မီနီမာရသွန်ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု ရရှိသူများ အားလည်းကောင်း၊ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု ရရှိသူများအားလည်းကောင်း ကရင်ပြည်နယ် ဝန်ကြီးများနှင့် အတွင်းရေးမှူးတို့က ဆုများအသီးသီးပေးအင်ချီးမြှင့်ခဲ့ပြီး ပန်းတိုင်အရောက် ပန်းဝင်နိုင်သော ဇွဲဆုရရှိသည့် အားကစားသမားများအား ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအေးလွင်က ဆုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ဆေးဘက်ဆိုင်ရာလူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်
သွားဘက်ဆိုင်ရာဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၇ ပညာသင်နှစ်အတွက် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ သွားဘက်ဆိုင်ရာဘွဲ့လွန် သင်တန်းများသို့ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသူ သွားဘက်ဆိုင်ရာဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(၁-၁) ဒီပလိုမာသင်တန်း

စဉ်	သင်တန်းအမည်	သင်တန်းကာလ
(က)	အထွေထွေသွားရောဂါကုဒီပလိုမာ Dip.D.Sc (General Dental Practice)	၁ နှစ်

(၁-၂) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံသင်တန်းများ

စဉ်	သင်တန်းအမည်	သင်တန်းကာလ
(က)	သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (သွားဘက်ဆိုင်ရာခန္ဓာဗေဒ နှင့် ဇီဝကမ္မဗေဒ)	၂ နှစ်
(ခ)	သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ)	၂ နှစ်
(ဂ)	သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (မေးရိုးနှင့်ခံတွင်းဆေးပညာ)	၂ နှစ်
(ဃ)	သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ(သွားရောဂါကုဆေးပညာ)	၂ နှစ်
(င)	သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ(သွားတုဆေးပညာ)	၂ နှစ်
(စ)	သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (ကာကွယ်ရေးနှင့်လူထုသွားကျန်းမာရေးပညာ)	၂ နှစ်
(ဆ)	သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (သွားဖုံးရောဂါကုပညာ)	၂ နှစ်
(ဇ)	သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (ကလေးသွားကျန်းမာရေးပညာ)	၂ နှစ်
(စျ)	သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (သွားညှိကုပညာ)	၂ နှစ်

(၁-၃) သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများ

စဉ်	သင်တန်းအမည်	သင်တန်းကာလ
(က)	သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့(မေးရိုးနှင့်ခံတွင်းဆေးပညာ)	၃ နှစ်
(ခ)	သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့ (ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ)	၃ နှစ်
(ဂ)	သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့(သွားတုဆေးပညာ)	၃ နှစ်
(ဃ)	သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့(သွားရောဂါကုဆေးပညာ)	၃ နှစ်
(င)	သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့ (ကာကွယ်ရေးနှင့်လူထုသွားကျန်းမာရေးပညာ)	၃ နှစ်
(စ)	သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့(သွားဖုံးရောဂါကုပညာ)	၃ နှစ်
(ဆ)	သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့(သွားညှိကုပညာ)	၃ နှစ်

(၁-၄) သွားဘက်ဆိုင်ရာဆေးလက်တွေ့အခြေခံပါရဂူဘွဲ့သင်တန်း

စဉ်	သင်တန်းအမည်	သင်တန်းကာလ
(က)	သွားဘက်ဆိုင်ရာဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ (သွားဘက်ဆိုင်ရာခန္ဓာဗေဒနှင့်ဇီဝကမ္မဗေဒ)	၃ နှစ်

၂။ လိုအပ်သောအရည်အချင်း

(က) ဒီပလိုမာသင်တန်း

(၁) သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရရှိပြီးသူ ပြင်ပသွားဘက်ဆိုင်ရာဆရာဝန်ဖြစ်ရမည်။

(၂) လက်ရှိတရားဝင်သွားဘက်ဆိုင်ရာဆရာဝန် မှတ်ပုံတင်(သခ)သက်တမ်း(၂)နှစ်ပြည့်ပြီး (သခ)သက်တမ်းတိုးကိုင်ဆောင် ထားသူဖြစ်ရမည်။

(၃) သတ်မှတ်ထားသောသင်တန်းကြေးများကို ပေးသွင်းနိုင်သူဖြစ်ရမည်။

(ခ) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံသင်တန်းများ

(၁) သွားဘက်ဆိုင်ရာဆေးပညာဘွဲ့(B.D.S)ရရှိပြီးသူဖြစ်ရမည်။

(၂) လျှောက်လွှာပိတ်သည့်ရက်တွင်ခွင့်ရက်မပါ လုပ်သက်(၁)နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။

(၃) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)နှစ်ထက်မကြီးသူဖြစ်ရမည်။

(ဂ) သွားဘက်ဆိုင်ရာဆေးပညာပါရဂူဘွဲ့သင်တန်းများ

(၁) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့(M.D.Sc)ရရှိထားသူဖြစ်ရမည်။

(၂) လျှောက်လွှာပိတ်သည့်ရက်တွင် သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံးလုပ်သက်(၁)နှစ် ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။ (မှတ်ချက်။ ပါရဂူဘွဲ့ သွားဘက်ဆိုင်ရာခန္ဓာဗေဒနှင့်ဇီဝကမ္မဗေဒ) ဘွဲ့လွန်သင်တန်းအတွက် သွားဘက်ဆိုင်ရာဆေးပညာ မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် လုပ်သက်ကန့်သတ်ချက်မရှိ လျှောက်ထားနိုင်ပါသည်။

(ဃ) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် လျှောက်လွှာ ပိတ်ရက်သည့်ရက်တွင် အခြေခံဝန်ထမ်းလောင်းသင်တန်း(ဇေယျ)(သို့မဟုတ်) အရာထမ်း အခြေခံသင်တန်း(သို့မဟုတ်)အကြိုဝန်ထမ်းလောင်းသင်တန်း(အကြိုဇေယျ) (သို့မဟုတ်) အထူးဝန်ထမ်းလောင်း(ဆရာဝန်)သင်တန်းတက်ရောက်ပြီးသူ ဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၂၉-၃-၂၀၁၆ ရက်(သောကြာနေ့)ဖြစ်ပါသည်။

၄။ ဒီပလိုမာသင်တန်းအတွက် လျှောက်လွှာများကို ပါမောက္ခချုပ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်သို့လိပ်မူ၍ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ပြီး၊ သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ကြိုတင်မိတ္တူတစ်စောင်ကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်ပါမောက္ခချုပ်ထံ မပျက်မကွက် ပေးပို့ရမည်။

၅။ ဝင်ခွင့်ရေးဖြေစစ်ဆေးမည့်ရက်မှာ-

(က) ပါရဂူဘွဲ့သင်တန်းများ - ၂၀-၉-၂၀၁၆ ရက်(အဂါနေ့)

(ခ) ဒီပလိုမာနှင့်မဟာသိပ္ပံသင်တန်းများ - ၂၀-၉-၂၀၁၆ ရက်(ဗုဒ္ဓဟူးနေ့) ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူ ဝန်ထမ်းသွားဘက်ဆိုင်ရာဆရာဝန်များသည် ဘွဲ့လွန်သင်တန်း ဝင်ခွင့်စာမေးပွဲကြေး ကျပ်-၁၀၀၀၀/-(တစ်ထောင်ကျပ်တိတိ)ကိုလည်းကောင်း၊ ပြင်ပသွားဘက်ဆိုင်ရာ ဆရာဝန်များသည် ဒီပလိုမာဝင်ခွင့်စာမေးပွဲကြေးကျပ် ၁၀၀၀၀၀/-(တစ်သောင်းကျပ်တိတိ)ကိုလည်းကောင်း၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ သယံဇာတကျွန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ်၊ MD-010219 သို့ ပေးသွင်းရမည်။ (မှတ်ချက်။ ။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ သယံဇာတကျွန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန် ငွေစာရင်းအမှတ်၊ MD-010219 သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန် Website:http://www.udmyangon-edu.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သို့မဟုတ်) ဘွဲ့လွန်ဌာနစိတ်၊ ဖုန်း(၀၁-၅၇၀၈၄၄၇၊ ၅၇၁၂၂၇)သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖခင်အမည်မှန်

လှိုင်မြို့နယ်၊ အလက(၇)၊ ဒုတိယတန်း(B)တွင် ပညာသင်ကြားနေသော မောင်ဟိန်းပြည့်စုံ၏ဖခင်အမည်မှန်မှာ ဦးမင်းကိုကို[၁၄/ဒဒရ(နိုင်)၂၀၇၄၉၅] ဖြစ်ပါကြောင်း။
ဦးမင်းကိုကို

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျော်ထွန်း၊ (၁၂/ရပသ(နိုင်)၀၉၇၁၈၆) သည် Pass Port-CDC ပျောက်ဆုံးသွားပါ၍ တွေ့ရှိကာအကြောင်းကြားပေးပါရန်၊
ဖုန်း-၀၉ ၅၁၆၉၉၀၁

ရွှေမဟာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

SMH SMH

သီရိလင်္ကာနိုင်ငံရှိဗုဒ္ဓမြတ်စွယ်တော်လှည့်လည်ပူဇော်ပွဲနှင့်ထိုင်းနိုင်ငံသို့(၉, ၈, ၂၀၁၆)မှ(၁၅, ၈, ၂၀၁၆) ရက်နေ့အထိသွားရောက်မည့်ခရီးစဉ်ကိုရွေမဟာဘုရားဖူးအဖွဲ့မှပို့ဆောင်ပေးပါတော့မည်။
သီရိလင်္ကာ(၁)နိုင်ငံခရီးစဉ်ဖြစ်စေ၊သီရိလင်္ကာနှင့်ထိုင်း(၂)နိုင်ငံခရီးစဉ်ဖြစ်စေနှစ်သက်ရာခရီးစဉ်ကိုရွေးချယ်ပြီး လိုက်ပါနိုင်ကြပါသည်။
(လူဦးရေကန့်သတ်ထားသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ကြပါပြီး)
ဆက်သွယ်ရန်-အမှတ်(၆၃)၊ဇေယျဝတီ(ဗဟို)လမ်းမကြီးစမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့
ဖုန်း -၀၁-၅၃ ၂၀၈၆၊ ၅၁၈၁၉၆၊ ၀၉-၅၁၈၈၃၇၊ ၀၉-၅၁၃၄၀၄၄၊ ၀၉-၄၃ ၂၀၀၆၄၆

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနရှိ တွန်းသင်္ဘော(Tug Boat)ပြင်ဆင်ရန်အတွက် 8mm သံပြား, 6mm သံပြား, 3"Angle, 2" Angle (6"x3") I-Beam များဝယ်ယူလိုပါသည်။ ပစ္စည်းများကိုစစ်တွေ့သင်္ဘောကျင်းသို့ အရောက်ပေးပို့ရပါမည်။

လျှောက်လွှာစတင်ရောင်းချမည့်ရက်	- ၂၉-၆-၂၀၁၆ရက်(ရုံးချိန်အတွင်း)
လျှောက်လွှာပိတ်ရက်	- ၇-၇-၂၀၁၆ရက်၊ ၁၆း၀၀နာရီ
တင်ဒါပေးသွင်းရမည့်နေရာ	- ပင်မအလုပ်ရုံ(တောင်)၊ မင်းကြီးလမ်း၊ ရွာမ-အင်းစိန်၊ ရန်ကုန်
တင်ဒါဖွင့်မည့်ရက်	- ၁၁-၇-၂၀၁၆၊ ၁၃း၀၀နာရီ
တင်ဒါဖွင့်မည့်နေရာ	- ရုံးအမှတ်(၁၁)၊ တံတားဦးစီးဌာန (ရုံးချုပ်)ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်
ဆက်သွယ်ရန်ဖုန်း	- ၀၉-၅၀၂၀၃၇၀၊ ၀၉-၂၅၄၂၂၂၀၀၉

ဝါတွင်းကာလ ကျိုက်ဒေးယျုံအထူးတရားစခန်းပွဲတော်

သန်လျင်မြို့၊ ပရိယတ္တိ၊ ပဋိပတ္တိစာတိုက်ကုန်း၊ မဏ္ဍလာရာမကျောင်းတိုက်၌ ဝါတွင်းကာလ အထူးတရားစခန်းပွဲတော်ကို (၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်နေ့) ၁၉-၇-၂၀၁၆ရက်မှ ၂၇-၇-၂၀၁၆ရက်အထိ (၁) ကြိမ်၊ (ဝါခေါင်လပြည့်နေ့) ၁၈-၈-၂၀၁၆ရက်မှ ၂၆-၈-၂၀၁၆ရက်အထိ (၁) ကြိမ်၊ (တော်သလင်းလပြည့်နေ့) ၁၆-၉-၂၀၁၆ရက်မှ ၂၄-၉-၂၀၁၆ရက်အထိ (၁) ကြိမ်၊ (သီတင်းကျွတ်လဆန်းစရက်) ၉-၁၀-၂၀၁၆ရက်မှ ၁၆-၁၀-၂၀၁၆ရက်အထိ (၁) ကြိမ် မဟာစည်အထူးတရားစခန်းပွဲကို ပြုလုပ်မည်ဖြစ်ပါသဖြင့် တရားဝင်ယောဂီများ တရားအားထုတ်နိုင်ပါသည်။
အထူးမှာကြားချက်။ ။ စကြိုလျှောက်ရှုမှတ်နိုင်ခြင်း၊ တကယ်အားထုတ်နိုင်မှ တရား စခန်းဝင်ကြပါရန်၊ တရားဝင်ယောဂီများ တရားစခန်းဖွင့်မည့်ရက်အတိုင်း ညနေ ၅း၀၀ နာရီအရောက် ကြွရောက်ကြပါရန်၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၊ စာတိုက်ကုန်း၊ မဏ္ဍလာ ရာမကျောင်းတိုက်၊ သန်လျင်မြို့။
ဖုန်း-၀၉-၃၉၃၂၄၈၉၀၁၊ ၀၉-၅၀၃၃၃၃၀၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သယံနိုးကျွန်းမြို့နယ်၊ မြေတိုင်းရပ် ကွက်အမှတ်-၂၉-သုဝဏ္ဏ(လုံးချင်း)၊ မြေကွက်အမှတ်-၁၀၀၊ မြေကွက်တည်နေရာအမှတ်(၁၀၀)၊ ခွန်နီ(၂)လမ်း၊ ၂၉-သုဝဏ္ဏ ရပ်ကွက်၊ သယံနိုးကျွန်းမြို့နယ် (ဦးလှဌေး) [၁၂/သယက(နိုင်)၀၃၀၅၁၁၄] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှဌေး ကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်နန်းမြခင် [၁/သယက(နိုင်)၀၃၀၅၀၃၂]မှ တစ်ဦးတည်းသော ဇနီး တော်စပ်ကြောင်း တိုက်ရိုက် တရားရုံးကျမ်းကျိန်လွှာ၊ သေစာရင်း၊ ထောက်ခံချက်၊ ကျမ်းကျိန်လွှာပူးတွဲတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်နိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၈(ပမိုကုန်း)၊ မြေကွက် အမှတ်-၁၈၊ ဧရိယာ(၀. ၈၄)ဧက၊ မြေကွက်တည်နေရာ အမှတ်-၈/၂၂၊ သီရိမင်္ဂလာလမ်းသွယ်(၁၅)၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ မအိုဇာ အမည်ပေါက် A ရွာမြေ လဝကရုံး၊ (၂၀-၁၁-၆၃)ရက်စွဲပါ စာအမှတ်(၂၆၉၀- ၂၆၉၃)/၂၂၀(၆၂-၆၃)အရ ၃(ခ)ပေးမြေအား အင်းစိန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၁၆/၁၅ဖြင့် ပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု၏ (၁၁-၁-၂၀၁၆)ရက်စွဲပါ တရားရုံး အမိန့်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်-၁၁/၁၆အရ ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် ၂၃-၂-၂၀၁၆ ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းများ ၂၉-၂-၂၀၁၆ ရက် ဘီလစ်ခန့်အပ်စာနှင့်အတူ အရောင်းအဝယ်အရပ်ကတိစာချုပ် အဆက်အစပ်များတင်ပြ၍ တရားရုံး(ဘီလစ်)ဒေါ်မိုးမိုးအေး[၁/အစန(နိုင်)၁၂၂၀၄၆]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

The VOICE weekly

အပတ်စဉ်
စနေနေ့တိုင်း
ထွက်ပြီ

သတင်း : 01- 242424, 389207, 09 9772 04248.
ကြော်ငြာ : 09 4211 07770, 09 517 6835.
ဖြန့်ချိရေး : 09 4211 18327
webiste : http://www.thevoicemyanmar.com

ပိုင်ရှင်ကိုယ်တိုင် ချောင်းသာတွင် ဟိုတယ်ဆောက်လုပ်ခွင့်ကျပြီး
မြေကွက်ရောင်းရန်ရှိသည်

ငွေရှိပြီး စီးပွားရေးလုပ်ချင်သူများအတွက် ဟိုတယ်ဆောက်လုပ်ခွင့်ကျပြီး၊ အုတ်တံတိုင်းကာရံပြီး၊ မြေပြင်ညီ၊ ဘန်ဂလို(၁)လုံးပါ၊ စကားဝါတောင်ခြေ၊ မျက်နှာ၁၀(607')၊ မြေဧရိယာ(5.5ဧက)အကျယ် မြေကွက်ရောင်းမည်။ ကျပ်သိန်း(၉၀၀၀)

ဆက်သွယ်ရန် ဖုန်း- 09-5178979,09-420301091
09-43022828, 09-43292929

အမည်ပြောင်း

အလက(၅)လှိုင်၊ Grade(5)တွင် ပညာသင်ကြားလျက်ရှိသော အဖ ဦးခွန်မောင်ခဲ[၁၃/တကန(နိုင်)၁၆၂၉၈၅]၏သမီး မနန်းဗုတ်မှ မနန်းသင်ဇာဦးသို့ ပြောင်းလဲခေါ်ဆိုပါရန်။ **မနန်းသင်ဇာဦး**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇-A၊ မြေကွက်အမှတ်-၂၆၅၊ တစ်စိတ်တစ်ဒေသ၊ ဧရိယာ(၀. ၅၄၀)ဧက အနက် (၀. ၂၅၈)ဧက၊ မြေကွက်တည်နေရာ-၆၊ နဲ့သာကုန်းလမ်း၊ နဲ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ နေ့သိန်းခင် အမည်ပေါက်၊ မြေပိုင်မြေအား ဒေါ်မိုးမိုးအေး(ဘီလစ်)[၁/အစန(နိုင်)၁၂၁၀၄၆]ကအင်းစိန်မြို့နယ်၊ တရားရုံးတရားမကြီးမှုအမှတ်-၁၈/၂၀၁၅ဖြင့် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု၏ ၁၅-၆-၂၀၁၅ ရက်စွဲပါ အနိုင်ဒီကရီ၊ တရားမဇာရီမှုအမှတ်-၃၄/၂၀၁၅ရအရ ဘီလစ်ခန့်အပ်ကြောင်း ၃၁-၈-၂၀၁၅ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းအမိန့်၊ တရားမဇာရီမှုအမှတ်-၃၄/၂၀၁၅ဖြင့် မြေတိုင်းရပ်ကွက်အမှတ် အမှန့်ပြင်ဆင် ပြောင်းလဲပေးသော ၂-၅-၂၀၁၆ရက်စွဲပါ အမိန့်တို့ တင်ပြ၍ ၃(က)အား လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၆၆)၊ မြေကွက်အမှတ်(၇၄၈)၊ မြေကွက်တည်နေရာအမှတ်(၇၄၈)၊ ဧရာဝဏ်လမ်း၊ ဒဂုံတောင်မြို့နယ်၊ ဦးသန်းလွင် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးသန်းလွင်[၅/ခဥန(နိုင်)၀၃၆၉၀၀]မှ ပါမစ်မြေတွဲ့ကျမှန့်တင်ပြ၍ ဂရန်သစ်လျှောက် ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် မြေပြင်တွင် (၁)ထပ် RC အဆောက်အအုံ(၁)လုံးရှိပြီး လူမနေ၊ ပိုင်ရှင်မှ သော့ဖွင့်ပြခြင်းဖြင့် တင်ပြ၍ဂရန် သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ် (၁၁၉)၊ မြေကွက်တည်နေရာအမှတ် (၁၁၉) သန္တာ(၁၁)လမ်း၊ (ဒေါ်ခင်ရီ အိုင် အက်စ် အန်-၀၆၆၉၇၅)၊ အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် မိခင် ဒေါ်ခင်ရီ ဖခင် ဦးလှမြင့်တို့ကွယ်လွန်သဖြင့် ဒေါ်မြင့်မြင့်စိုး[၁/လမန(နိုင်)၀၄၈၆၇၂]၊ ဒေါ်ခင်အေး [၁/ဥတမ(နိုင်)၀၈၇၁၆၁]၊ ဦးထွန်းဇေ[၁/ဥကမ(နိုင်)၁၃၀၇၁]တို့မှ သားသမီးများ တော်စပ်ကြောင်း ကျွမ်းကျိန်လွှာ၊ သေစာရင်းတို့ တင်ပြ၍ ဒေါ်မြင့်မြင့်စိုးနှင့် ဒေါ်ခင်အေး ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၆၁၀၀/၁၄)ဖြင့် ရရှိသူ ဦးထွန်းဇေ[၁/ဥကမ(နိုင်)၁၃၀၇၁]ပါ၀ါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါ၀ါမရပ်သိမ်းကြောင်း ကျွမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်+စွန့်လွှတ် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်ဤ ကြော်ငြာပါသည်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျှင်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး

ရွှေပြည်ကြီးမှာ ကြုံရတာ

သည်စာဟာ ၂၁-၆-၁၆ ကြေးမုံမှာ ဖော်ပြခဲ့တဲ့ ကျွန်တော့် "တကယ်ချစ်ရင် ဒါကို အရင်ဆုံးပြင်"ဆောင်ပါးရဲ့ အဆက်လို့ ဆိုကောင်းဆိုနိုင်ပါလိမ့်မယ်။ ကျွန်တော်ကတော့ သီးခြားသတ်သတ် တစ်ပုဒ်အနေနဲ့ ရေးတာဖြစ်ပေမယ့် အဲဒီစာနဲ့ တစ်နည်း တစ်ဖုံ နီးနွယ်နေလို့ပါပဲ။

နေပြည်တော်မှာ ဖြစ်ပါတယ်။ အဂ်ါနေ့က ဖော်ပြခဲ့တဲ့စာကို နေပြည်တော်မှာ ရေးခဲ့တာဖြစ်သလို အခုစာကိုလည်း နေပြည်တော်မှာပဲ ရေးနေတာပါ။ ကျွန်တော်က နေပြည်တော်မှာ အလုပ်နဲ့ ဆယ်ရက်ဆက်တိုက် နေနေရချိန်ပါ။

ကျွန်တော်နဲ့ အလုပ်လုပ်ရတဲ့သူတွေက အနောက်နိုင်ငံကြီးတစ်ခုက ကျွမ်းကျင်ပညာရှင်သုံးဦးဖြစ်ပါတယ်။ သူတို့ထဲမှာ နှစ်ယောက်က မြန်မာနိုင်ငံကို အခုမှ ပထမဆုံးရောက်ဖူးတာဖြစ်ပြီး ကျန်တစ်ယောက်ကတော့ လွန်ခဲ့တဲ့ သုံးနှစ်တာအတွင်း လေးကြိမ်လောက် ရောက်ဖူးထားသူဖြစ်ပါတယ်။ အလုပ်သဘောအရ ပတ်သက်နေရုံသာမကဘဲ နေ့လယ်စာ၊ ညစာများလည်း အတူစားဖြစ်ကြတာမို့ နေပြည်တော်ကို ရောက်နေကျ ကျွန်တော်ကပဲ သူတို့အတွက် သင့်နိုးရာရာ ဆိုင်တွေကို လှည့်ပတ်ခေါ်သွားဖြစ်ခဲ့ပါတယ်။

အဲ. . . မနေ့ကတော့ သူတို့ကို နေပြည်တော်က နာမည်ကြီး ယိုးဒယားစာရောင်းတဲ့ ဆိုင်ကြီးတစ်ဆိုင်ကို ခေါ်သွားမိတယ်။ ခါတိုင်းဆို သူတို့နဲ့ တစ်ပိုင်းတည်း ထိုင်နေကျပေမယ့် သည်တစ်ခါမှာတော့ ယဉ်မောင်းလည်းပါ၊ နောက်ထပ် မြန်မာတစ်ယောက်လည်း ပါနေတာမို့ ကျွန်တော်တို့ မြန်မာတွေက တစ်ပိုင်းသတ်သတ်၊ သူတို့ နိုင်ငံခြားသားတွေက တစ်ပိုင်းသတ်သတ်ခွဲထိုင်လိုက်ပြီး မှာယူစား သောက်ကြပါတော့တယ်။

ခဏနေတော့ အဲဒီနိုင်ငံခြားသားတွေရဲ့ ဝိုင်းက ရယ်မောရင်း လှမ်းခေါ်တာမို့ သွားလိုက်တဲ့အခါ ငိုအားထက် ရယ်အားသန်အဖြစ်ကို တွေ့ရပါတော့တယ်။ ဖြစ်ပုံ က သူတို့ စားပွဲပေါ်မှာ အလယ်က မီးသွေးမီးဖို အူတိုင်လေးပါတဲ့ သတ္တုအိုးသုံးအိုးနဲ့ ဟင်းချိုသုံးအိုး ရောက်နေပါတယ်။ ကျွန်တော်ချက်ချင်း သဘောပေါက်လိုက်တယ်။

သူတို့က အနောက်နိုင်ငံသားတွေ။ အဲတော့ နေ့လယ်စာကို သိပ်များများ စားစား မစားချင်ကြဘူး။ သူတို့ဝေလေ့အရ ဟင်းချို (ဆုပ်) တစ်ပန်းကန်နဲ့ ပေါင်မုန့်ပိစိလေး တစ်လုံးလောက်နဲ့ ကိစ္စဖြတ်လိုကြတာ။ ဆိုင်ရဲ့ အစားအသောက်စာရင်းထဲမှာ ဟင်းချိုလို့ ပြောထားတာတွေထဲကနေ ကိုယ့်စိတ်ကြိုက် တစ်ယောက်တစ်မျိုးစီ မှာလိုက်ကြပါလိမ့်မယ်။ အစားအသောက် စာရင်းမှာ ဟင်းချိုကို သိုးဆောင်းဘာသာစကားနဲ့ ဆုပ်]လို့ ရေးထားတာလည်း မလွဲပါဘူး။ အဲတော့ သူတို့လည်း မမှားဘူးပေါ့။

စားပွဲထိုးလူငယ်လေးတွေကလည်း သူတို့မှာတဲ့အတိုင်းပဲ အတည်ယူလိုက်ကြပါလိမ့်မယ်။ တကယ်သွားချတော့မှ ဟိုသုံးယောက် ပက်လက်လန်တော့တာပါ။ သူတို့ မျှော်လင့်ထားမှာက တစ်ယောက်စာ အရည်သောက် ပန်းကန်လုံးလေးနဲ့ ဆုပ်] တစ်ပန်းကန်စီ။ တကယ်လာချတာက လူ ငါးယောက် ခြောက်ယောက်စာ ဟင်းချိုအိုးကြီးတွေနဲ့ သုံးအိုး။ ကျွန်တော်တို့ မြန်မာသုံးယောက် ဝိုင်းကူသောက်ပေးရင်တောင် ဘယ်လိုမှမကုန်နိုင်မယ့် ပမာဏ။

အိမ်နီးချင်းနိုင်ငံမှာ ကြုံဖူးတာ

သူတို့ကတော့ ဘာမှ မဖြစ်ရှာကြပါဘူး။ သူတို့အမှား သူတို့ သဘောကျပြီး တဟဲဟဲ ရယ်နေကြပါတယ်။ ကျွန်တော်ကတော့ အတော်မအီမလည်ဖြစ်သွားသလို စားပွဲထိုးတွေ ချာပုံကိုလည်း ချက်ချင်းတွေးမိလိုက်ပါတယ်။ ဒါ့ကြောင့် ဆိုင်က မန်နေဂျာကို ဒါမျိုး နောက်မဖြစ်အောင် ရှောင်နိုင်တဲ့နည်းလမ်းများကို ပြောပြပေးခဲ့ပါသေးတယ်။

> **"ကနေ့ခေတ် ကုန်စျေးနှုန်း၊ လူနေမှုစရိတ်နဲ့ အခြေခံပညာကျောင်းဆရာ၊ ဆရာမတွေရနေတဲ့ လခကို ချိန်ထိုးလိုက်ရင် ကျောင်းမှာ စာကောင်းကောင်း မသင်ချင်တော့ဘဲ ကျူရှင်မှာ ကျောင်းသားရရေးကို ပိုဇောင်းပေးနေကြတဲ့ ဆရာ ဆရာမတွေကို ကျွန်တော်ဖြင့် အပြစ်မမြင်ရက်ပါဘူး။ ကျွန်တော်သာ သူတို့နေရာမှာဆိုရင်လည်း အှုမ တောင့်ဖို့ကို ပိုအလေးထားမိနေမှာပဲလေ။"**

အဓိကကတော့ ပညာရေးပါပဲဆိုတဲ့ စကားကိုလည်း ကျိတ်မနိုင်ခဲမရ ပြောဖြစ်သွားပါတယ်။ ကျွန်တော် ပြောနေတဲ့ ပညာရေးဆိုတာ အဆင့်မြင့် ပညာရေးမဟုတ်ပါဘူး။ အခြေခံပညာကို ဆိုလိုတာသာ ဖြစ်ပါတယ်။ တကယ်လို့သာ ဒါသင်၊ ဒါကျက်၊ သည်၏ မလွဲဖြေမှ အမှတ်ရတဲ့ ပညာရေးမျိုး မဟုတ်ခဲ့ရင် ဒါမျိုးကို ဟိုနိုင်ငံသားတွေ ကြုံဖို့ အင်မတန်မှ ခက်ခဲပါလိမ့်မယ်။

များများ မဟုတ်ပါဘူး၊ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းထိုင်းနိုင်ငံမှာ မကြာသေးခင် လပိုင်းကပဲ ကြုံထားရတာ တစ်ခုရှိပါတယ်။ အခုလို ဆိုင်ကြီး ကန္ဒားကြီးတောင် မဟုတ်ဘူး၊ လမ်းဘေးဆိုင်သေးလေးမှာပါ။ ကျွန်တော်က ကဏန်းနဲ့သုပ်တဲ့ သင်္ဘောသီးထောင်းကို မှာမိပါတယ်။ ကျွန်တော် ထိုင်းစကား မတတ်ပါဘူး။ အဲတော့ အင်္ဂလိပ်လိုပဲ ပြောရဆိုရပါတယ်။ စားပွဲထိုးက ကျွန်တော် ထိုင်းမဟုတ်မှန်းသိတဲ့အခါ အဲဒါကို မမှာပါနဲ့၊ အဲဒါက ထိုင်းမဟုတ်ရင် စားနိုင်မှာ မဟုတ်ပါဘူး၊ အရမ်းအနှံ့ပြင်းပါတယ်လို့ သူတတ်သလောက် မှတ်သလောက် အင်္ဂလိပ်စာရော၊ လက်ဟန်ခြေဟန်နဲ့ပါ အားတက်သရော ရှင်းပြပါတယ်။

အဲဒါ အခြေခံပညာရဲ့ အကျိုးကျေးဇူးပါပဲ။ ကျွန်တော်ပြောနေတဲ့ဇာတ်လမ်း နှစ်ပုဒ်ထဲက အဓိကဇာတ်ဆောင်တွေဟာ ကော်လာဖြူ ဝန်ထမ်းတွေ၊ အဆင့်မြင့် အရာရှိကြီးတွေ မဟုတ်ကြပါဘူး။ သာမန် စားသောက်ဆိုင်များဆီက စားပွဲထိုးလေးတွေသာဖြစ်ကြပါတယ်။ ဒါပေမယ့် နှစ်နိုင်ငံကြားမှာ အကွာကြီး ကွာနေတာကို စာဖတ်သူ လူကြီးမင်းများ သတိထားမိနိုင်ကြမယ် ထင်ပါတယ်။

ကျွန်ုပ်တို့၏ မူလတန်း သင်ကြားရေးပုံစံ

လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်လောက် ကျွန်တော့်သမီး မူလတန်း တက်နေချိန်က ဖြစ်ရပ်တစ်ခု ရှိပါတယ်။ ကျွန်တော့် အခြေအနေနဲ့ ကလေးတွေကို နိုင်ငံတကာ ကျောင်းမှာမထားနိုင်ပါဘူး။ ဒဲ့ကြောင့် မဟန်မှန်း သိသိကြီးနဲ့ပဲ မြန်မာ့ ရွှေပညာရေး စနစ်ကြီးထဲက ရွှေကျောင်းတွေမှာ ထားခဲ့ရပါတယ်။

တစ်ရက်မှာ သမီး စာအော်ကျက်နေသံကြားရတယ်။

"သင်တို့အိမ်တွင် မည်သည့်အပင်များရှိပါသနည်း။ ကျွန်မတို့အိမ်တွင် ဆီးပင်၊ မာလကာပင်၊ သရက်ပင်၊ ဝိန္ဓပင်များ ရှိပါသည်-"

ကျွန်တော်မနေနိုင်တော့တာနဲ့ သမီးကို ပြောမိတယ်။ "ဟဲ့" သမီးရဲ့ "ကျွန်မတို့သည် တိုက်ခန်းနှင့်နေပါသဖြင့် ကျွန်မတို့ အိမ်တွင် မြေကြီးမရှိပါ။ ထို့ကြောင့် မည်သည့်အပင်မျှ မရှိပါလို့ ဖြေရမှာလေ"လို့။

"အဲလိုဆို တစ်မှတ်မှ ရမှာ မဟုတ်ဘူး အဖေရဲ့-"လို့ သမီးက ချက်ချင်း ပြန်ဖြေပါတယ်။ ကျွန်တော် မကျေလည်တော့ပါဘူး။ နောက်တစ်ရက်မှာ ကျွန်တော် သမီးရဲ့ ကျောင်းကို လိုက်သွားပြီး သူ့ဆရာမနဲ့ သွားတွေ့ပြီး မေးမိပါတော့တယ်။ သူ့ဆရာမက ကျွန်တော့်ကိုစာရေးသူမှန်း သိနေသလို ကျွန်တော်နဲ့လည်း အထိုက်အလျောက် ရင်းနှီးသူပါ။ ကျွန်တော် သမီးကို အဖြေထုတ်ပေးသလို ဖြေလို့ မရဘူးလားလို့ မေးမိတဲ့အခါ "ကျွန်မက အမှတ်ပေးရတာ လွယ်အောင် လုပ်ထားတာ ဆရာရဲ့"လို့ သူ့ဆရာမက ပြန်ဖြေပါတယ်။

"ဆရာမအတွက် အမှတ်ပေးရတာတော့လွယ်မှာ မှန်ပါတယ် ခင်ဗျာ၊ ဒါပေမယ့် ကလေးတွေရဲ့ လွတ်လပ်တဲ့ အတွေးလေးတွေကို နင်းခြေ ဖျက်ဆီးရာ ရောက်သွားတာကို ဆရာမ မစဉ်းစားမိဘူးလားခင်ဗျာ"လို့ ကျွန်တော်က စောဒကတက်မိတဲ့အခါ ဆရာမပြန်ဖြေတဲ့ အဖြေက ကျွန်တော့်ကို ပက်လက်လန်မတတ် ဖြစ်သွား စေခဲ့ပါတယ်။

သူ့အဖြေကတော့- "အဲလောက်အထိ စဉ်းစားဖို့ လိုရော လိုလို့လား ဆရာရယ်-"ပါတဲ့ ခင်ဗျား။

အဖြေလိုချင်တယ်ဆိုရင်

အဂ်ါနေ့က ကြေးမုံမှာ ဖော်ပြခဲ့တဲ့ ကျွန်တော့်ဆောင်းပါးကို စာအုပ်မျက်နှာစာ လူမှုမီဒီယာမှာ လက်ဆင့်ကမ်းထားတာများထဲက တစ်ခုမှာ တစ်ယောက်က ရေးသွားတဲ့ မှတ်ချက်လေးတစ်ခုကို ဖတ်လိုက်ရတော့ ပြီးမိတယ်။ ကျွန်တော်က ပြဿနာတွေကိုသာ ပြောနေပြီး အဖြေကိုကျတော့ မထုတ်ပေးဘူးတဲ့။

ဟုတ်ကဲ့-ပညာရေးကို ပြင်တဲ့အခါ မူလတန်းက စပြီး ပြင်ဖို့ လိုပါလိမ့်မယ်။ နမူနာပြခဲ့တဲ့ သမီးရဲ့ ဆရာမလို ကိုယ် အဆင်ပြေလွယ်ကူ သက်သာရေးကိုသာ ဇောင်းပေးတတ်တဲ့ ဥာဉ်တွေ ပယောက်အောင် မူလတန်းဆရာ ဆရာမတွေကို အထူးလေ့ကျင့်သင်ကြားပေးကြရပါမယ်။ တစ်ဆက်တည်းမှာ ကလေးတွေရဲ့ ပညာရေးအုတ်မြစ် အခြေခံဖြစ်လေတဲ့ မူလတန်း သင်ကြားသူ ဆရာ ဆရာမများရဲ့ လခကိုလည်း စို့စို့ပို့ပို့ပေးမှ ဖြစ်ပါလိမ့်မယ်။ ဒါမှလည်း တကယ်အရည်အချင်းရှိ၊ တကယ်စေတနာပါတဲ့ ဆရာ ဆရာမတွေ မူလတန်း ဆရာအဖြစ်ရောက်ရှိလာကြပြီး စာသင်ခြင်းအလုပ်ကို ကိုယ်ဖိရင်ဖိ လုပ်လာကြတန်ကောင်းပါတယ်။

ကနေ့ခေတ် ကုန်စျေးနှုန်း၊ လူနေမှုစရိတ်နဲ့ အခြေခံပညာကျောင်း ဆရာ၊ ဆရာမတွေ ရနေတဲ့ လခကို ချိန်ထိုးလိုက်ရင် ကျောင်းမှာ စာကောင်းကောင်း မသင်ချင်တော့ဘဲ ကျူရှင်မှာ ကျောင်းသားရရေးကို ပိုဇောင်းပေးနေကြတဲ့ ဆရာ ဆရာမတွေကို ကျွန်တော်ဖြင့် အပြစ်မမြင်ရက်ပါဘူး။ ကျွန်တော်သာ သူတို့နေရာမှာဆိုရင်လည်း အှုမ တောင့်ဖို့ကို ပိုအလေးထားမိနေမှာပဲလေ။

အခြေခံပညာနဲ့ လုပ်သားအင်အားစု

ဒါသင်၊ ဒါကျက်၊ ဒါဖြေ၊ ဘာမှ ပြန်မမေးနဲ့၊ စောဒကမတက်နဲ့ဆိုတဲ့အခြေခံပညာအခံကြောင့် ဟိုစားပွဲထိုးလေးဟာ လူသုံးယောက်နဲ့ ဟင်းချိုသုံးအိုးတော်၏ မတော်၏ မစဉ်းစားတတ်တော့ပါဘူး။ စဉ်းစားတတ်တယ်ဆိုရင်တောင် ပြန်စောဒကတက်တဲ့ အလေ့ကမရှိတော့ မပြောရဲပါဘူး။ စောဒက တက်ချင်ရင်လည်း ဘာသာစကားအဆီးအတားက ရှိနေနိုင်ပြန်သေးပါတယ်။ သို့ပေမယ့် အဲဒီ့ဆိုင်ဟာ နိုင်ငံခြားသားတွေ ဥဒဟို ဝင်ထွက် စားသောက်နေတဲ့ ဆိုင်ဖြစ်တာမို့ သူမတတ်တောင် ပြောတတ်မယ့် တခြားမန်နေဂျာတွေ၊ ကြီးကြပ်ရေးမှူးတွေ ရှိနေမှာလည်း မလွဲပါဘူး။ အဲသလို လူတွေဆီအထိ သည်လိုမှာကြားတာ မသင့်လျော်တဲ့အကြောင်း ပြောပြရမယ်၊ ကိုယ့်ဆိုင်ကို လာရောက်အားပေးသူဘက်က စဉ်းစားပေးရမယ်ဆိုတာလည်း ခမျာများမှာ အခြေခံပညာက ပေးလိုက်တဲ့ အမွေကြောင့် အထုံပါမလာရှာတော့ပါဘူး။

သွားလေသူ စားသောက်ဆိုင်များရှင် ငယ်သူငယ်ချင်း ပြောဖူးတာတောင် သွားသတိရတယ်။ သူ့ဆိုင်တစ်ဆိုင်က ဝန်ထမ်းတွေ ဘယ်လို လုပ်ရင် ကောင်းမှာ၊ ဘယ်ညာကျင့်ကြံရင် ကောင်းမှာစသဖြင့် ကျွန်တော်က သူ့ကိုသွားအာချောင်မိတယ်။ သူ ငြိမ်နားထောင်နေပြီး ကျွန်တော့် စကားအဆုံးမှာ ပြန်ပြောတဲ့ စကားကြောင့် ကျွန်တော့်မှာ ဟိုဆရာမနဲ့တုန်းကလို ပန်လန်လက် ပက်လက်လန်မတတ် ဖြစ်ရပြန်တယ်။

သူ ပြန်ပြောတာက- "ဟေ့ကောင်ရ" မင်းပြောသလို စဉ်းစားတတ်တဲ့ ဉာဏ်လေး နည်းနည်းလောက် ရှိရင်ကို အဲဒီ့မောင်တွေ ငါ့ဆိုင်မှာ လာကို အလုပ်လုပ်နေတော့မှာ မဟုတ်ဘူးဟ "စက်ီာပူလောက်ရောက်နေကြမှာကွ" ပါတဲ့ ခင်ဗျား။

ဒါဟာ ကျွန်တော်တို့ နိုင်ငံရဲ့ စားသောက်ဆိုင်မှာသာမက ဝန်ထမ်းများနဲ့ ဖွဲ့စည်းထားရာ နယ်ပယ်တိုင်းမှာ ဖြစ်နေတာပါ။ စက်ရုံ အလုပ်ရုံတွေအတွက် ကျွန်တော်တို့ဆီမှာ လူသားအရင်းအမြစ်တွေ၊ တစ်နည်းပြောရင် လုပ်ခလစာ သက်သက်သာသာနဲ့ အလုပ်ခန့်ထားနိုင်သူတွေ အများအပြား ရှိပါတယ်။ ဒါပေမယ့် တကယ်လေ့လာကြည့်တဲ့အခါ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်တွေအတွက် အဓိက အဟန့်အတားက လူသားအရင်းအမြစ် ပေါကြွယ်လင့်ကစား ဦးနှောက်မပါတဲ့ လူသားတွေ ဖြစ်နေတာမို့ အကြပ်ရိုက်နေရပါတယ်လို့ လုပ်ငန်းရှင်တွေပြောတာလည်း နားနဲ့ဆတ်ဆတ် ကြားဖူးပါတယ်။

တစ်ရက်က ရုပ်ရှင်လောကသားလေးတစ်ယောက် ညည်းထားတာ ဖတ်လိုက်ရတယ်။ သူ့အဖေတို့ ခေတ်ကလို အရည်အချင်းရှိတဲ့ ဒါရိုက်တာတွေ မပေါ်ထွန်းနိုင်တော့ဘူး ထင်ပါရဲ့တဲ့။ ဒါလည်း အခြေခံပညာပါပဲ။ ဟိုခေတ်က ဒါရိုက်တာကြီးတွေဟာ မဟာပညာတတ်ကြီးတွေ မဟုတ်ပါဘူး။ ဆရာကြီး ရွှေဒုံးဘီအောင်၊ ဆရာဦးသုခ၊ ဝင်းဦး၊ မောင်တင်ဦး အစရှိတဲ့ ပုဂ္ဂိုလ်ကြီးတွေ ဆိုရင် ဘွဲ့ရတွေတောင်မှ မဟုတ်ကြဘူး။ သို့သော် သူတို့ရိုက်ခဲ့တဲ့ ဇာတ်ကားတွေကတော့ အများသိတော်မူတဲ့ အတိုင်းပါပဲ။

ခုခေတ်နဲ့ ဘာကွာလဲဆိုရင်- ကျွန်တော်ကတော့ အခြေခံပညာကိုသာ လက်ညှိုးထိုးနေမိဦးမှာပါပဲ။

နိုင်ငံတိုင်းမှာ လုပ်သားအင်အားစုက အုံနဲ့ကျင်းနဲ့ရှိပါတယ်။ အဲဒီ့ လုပ်သားအင်အားစုကို ဉာဏ်ရှိတဲ့ အင်အားစုဖြစ်လာအောင် အခြေခံပညာကသာ မွေးမြူပျိုးထောင်ပေးနိုင်ပါလိမ့်မယ်။ ဒါမှ နိုင်ငံရဲ့ လူမှုရေး၊ ကျွန်းမာရေး၊ စီးပွားရေးများ အချိုးညီညီ တိုးတက်လာမှာလည်း ဖြစ်ပါတယ်။ ဒဲ့ကြောင့် အခြေခံပညာရေးကို အရင်ဆုံး စတင်ပြုပြင်ယူ၊ အဲဒီ့နောက်မှာမှ အဆင့်မြင့်ပညာကိုဆက်လက်ဆည်းပူးလိုသူတွေအတွက် သင်ကြားပို့ချမှုပုံစံတွေ၊ အရည်အချင်း စစ်ဆေးပုံတွေကို တစ်ဆင့်ပြီး တစ်ဆင့် ပြင်ယူသွားသင့်တယ်လို့ မြင်မိရပါတယ်။

ပြုပြင်ရေးနည်းလမ်း ကောက်ကြောင်း အစလေးကို အထက်မှာ မရဲတရဲနဲ့ ချပြခဲ့ပြီးပါပြီ။ ကျွန်တာကတော့ ဟုတ်ကဲ့ခင်ဗျာ- တိုင်းပြည်ရဲ့ ကြမ္မာကိုသာ မရဲတရဲနဲ့ပဲ ရိုးမယ်ဖွဲ့လိုက်ပါရစေတော့လား။ အားလုံးအတွက် တွေးဆ ဆင်ခြင်စရာ တစ်စုံတစ်ရာတော့ ရသွားလိမ့်မယ်လို့ မျှော်လင့်နေမိကြောင်းပါခင်ဗျား။ ။

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ သုံးခွမြို့နယ်မန်နေဂျာ ရုံးက မင်းရဲကျော်စွာလမ်းမ၌ 400 Volt သံတိုင်များ၌ရှိသော Go ကြိုးများတွင် Egg insulaterကြွေသီးများတပ်ဆင်ခြင်း၊ Service ကြိုးကောင်း၊ မကောင်းစစ်ဆေးခြင်း၊ အသစ်လဲလှယ်ပေးခြင်းလုပ်ငန်းများကို ဇွန် ၂၂ ရက် နံနက်ပိုင်းက မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးတင်ဆန်း၊ လက်ထောက် အင်ဂျင်နီယာ ဦးကျော်သီဟနှင့် လိုင်းဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြသည်။

ကြည်စိုးလွင်(သုံးခွ)

သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်ပုံကုန်းကျေးရွာတွင် စက်ရေတွင်းတူးဖော်ပေး

သာစည် ဇွန် ၂၄

သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၆/၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ရက်(၁၀၀)စီမံချက်ဖြင့် သောက်သုံးရေရှားပါးသော ကျေးရွာများတွင်မြေအောက်စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိသည်။

ထိုသို့တူးဖော်ပေးသည့်ကျေးရွာများအနက် ကျောက်ပုံကန်းကျေးရွာလည်းပါရှိသည်။ ကျောက်ပုံကုန်းကျေးရွာသည် အိမ်ခြေ ၁၀၈ အိမ်၊ လူဦးရေ ၅၀၇ ဦးရှိသော ရွာတစ်ရွာဖြစ်သည်။ အဆိုပါကျေးရွာသည် နှစ်စဉ် နွေရာသီ၌ သောက်သုံးရေ အခက်အခဲနှင့် အမြဲကြုံတွေ့နေရသောကြောင့် မြို့နယ်ကျေးလက်ဒေဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ထိုကျေးရွာသို့သွားရောက်ပြီး ရွာ၏အရှေ့ဘက် ပေ ၃၀၀၀ ခန့်ဝေးသည့် နေရာတွင် တွင်းတိမ် ၁၀ တွင်းကို နိုင်ငံတော်၏ခွင့်ပြုငွေကျပ် ၄ ဒသမ ၅ သန်းအကုန်အကျခံ၍ မေ ၃ ရက်မှ စတင်တူးဖော်ပေးခဲ့ရာ အခုအခါ အဆိုပါ တွင်းတိမ် ၁၀ တွင်းမှ တစ်နာရီလျှင် ရေဂါလန် ၁၂၀၀ ထွက်ရှိနေကြောင်းနှင့် ထွက်ရှိရေမှာ ရေချိုဖြစ်ကြောင်းသိရသည်။

သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျောက်ပုံကုန်းကျေးရွာရှိ ကျေးလက်ပြည်သူများ သောက်သုံးရေကို လွယ်ကူအခက်အခဲမရှိ လွယ်ယူစွာရယူသုံးစွဲနိုင်ရေးအတွက် တွင်းတိမ် ၁၀ တွင်းနေရာတွင် ရေစက်ရုံ တည်ဆောက်ပြီး ထိုစက်တွင်းများနေရာမှ ပေ ၃၀၀၀ ကွာဝေးသည့် ရွာလယ်ရှိ ရေဂါလန် ၂၀၀၀ ဆံ့ ရေလှောင်အုတ်ကန်သို့ ရေပိုက်လိုင်းများ သွယ်တန်းကာ ကျေးရွာလူထုထံ ပို့လွှတ်ပေးခြင်း ဖြစ်ကြောင်းသိရသည်။

ယခုအခါ ကျောက်ပုံကုန်းကျေးရွာတွင် ကျေးလက် ပြည်သူများ သောက်သုံးရေ၊ သုံးစွဲရေတို့ကို အဆင်ပြေ ချောမွေ့လွယ်ကူစွာ ရရှိနေပြီဖြစ်၍ ကျေးရွာလူထုမှ ဝမ်းသာကြည်နူးပီတိဖြစ်နေကြောင်းသိရသည်။

မောင်ကို(သာစည်)

အထက(၇)အလုံ၌ ယာဉ်အန္တရာယ်ကင်းဝေးရေးဟောပြော

ရန်ကုန် ဇွန် ၂၄

ရန်ကုန်အနောက်ပိုင်းခရိုင် သစ်တောရပ်ကွက်၊ အထက(၇)ကျောင်း အလုံတွင် ကလေးသူငယ်များ ယာဉ်အန္တရာယ်ကင်းဝေးစွာသွားလာနိုင်ရေးအတွက် အမှတ် (၅၁)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(အလုံ)မှ တပ်ဖွဲ့စုမှူး ဒုရဲမှူးလှဘုန်းကျော်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းကို ဇွန် ၂၂ ရက် မွန်းတည့် ၁၂နာရီက ကျင်းပပြုလုပ်ခဲ့ရာ ကျောင်းသား ကျောင်းသူ စုစုပေါင်းအင်အား ၃၀၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။

(ရွှေတိုင်လွင်)

နှစ်စဉ်တိုးချဲ့စိုက်ပျိုးလာသည့် ချဉ်ပေါင်နှင့်ဂုန်လျှော် စိုက်ပျိုးထုတ်လုပ်မှုသရုပ်ပြ

ညောင်တုန်း ဇွန် ၂၄

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ကျုံတမာကျေးရွာအုပ်စု ဥယျာဉ်ပိုင်းကျေးရွာမှ တောင်သူကြီးဦးကျော်မြင့်၏ အကွက်အမှတ်(၄၄၆) (N.6) တွင် သိပ္ပံနည်းကျစိုက်ပျိုးထားသော N.K.1 ချဉ်ပေါင်နှင့် ဂုန်လျှော်မျိုးစံပြ သုံးဧက စိုက်ခင်းတွင် သရုပ်ပြဟောပြောပွဲကို ဇွန် ၂၂ ရက် နံနက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူးဦးရဲဝင်းကစက်မှုသီးနှံကုန်ကြမ်းတစ်ခုဖြစ်သည့် ဂုန်လျှော်၊ ချဉ်ပေါင်လျှော်သီးနှံ အားအထွက်တိုးနည်းစနစ်များဖြင့် တောင်သူများဝင်ငွေတိုးစေရေးအတွက် တစ်နှစ်ထက် တစ်နှစ်တိုးချဲ့စိုက်ပျိုးရန် ပိုးသတ်ဆေးသုံးစွဲမှု၊ မြေဩဇာသုံးစွဲမှုတို့ကို နည်းစနစ်မှန်ကန်စွာဖြင့် သိပ္ပံနည်းကျ မျိုးကောင်းမျိုးသန့်များကိုစိုက်ပျိုး ထုတ်လုပ်နိုင်ရေးတို့ကို ရှင်းလင်းပြောကြားပြီး မအူပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဒေါ်ခင်မြစိတ စိုက်ခင်းတွင် ပိုးမွှားအန္တရာယ်ကျရောက်ပါက ပိုးသတ်ဆေးစနစ်တကျပက်ဖျန်းခြင်း၊ စနစ်တကျမြေသြဇာကျွေးခြင်းတို့ကို ရှင်းလင်းပြောကြားသည်။

"ကျွန်တော် ဂုန်လျှော်ကိုစိုက်ပျိုးလာတာ ကြာပါပြီ။ နှစ်စဉ်နှစ်တိုင်းစိုက်ပျိုးခဲ့တာပါ။ ကျွန်တော်မြေ သုံးဧကရှိပါတယ်။ ဒွေအခါမှာပဲနှင့် အခြားကုန်စမ်းသီးနှံတွေကို စိုက်ပျိုးပါတယ်။ မိုးအခါမှာ ဂုန်လျှော်စိုက်ပါတယ်။ ဒီနှစ်မှာချဉ်ပေါင်လျှော်ကို စမ်းသပ်စံပြကွက်အဖြစ် နှစ်ဧကထည့်စိုက်ပါတယ်။ သီးလုံးဥဂုန်လျှော်ကိုတော့ တစ်ဧကစိုက်ပါတယ်။ ချဉ်ပေါင်လျှော်ကတော့ အပင်နုစဉ်အခါမှာ ခါးကျိုးခြင်း၊ မတ်ရပ်သေခြင်းနဲ့ အဝါပေါက်တွေ ဝင်လာတာဖြစ်တတ်ပါတယ်။ ဒါတွေကိုတော့ ဂရုစိုက်ရပါတယ်။ ပင်လုံးပင်တံနှင့် သန်မာမှုက အစ အောင်မြင်ဖြစ်ထွန်းမှုတွေကို တွေ့ရပါတယ်။ အထွက်နှုန်းကတော့ တစ်ဧကကို ပိဿာ ၄၅၀ မှ ၆၀၀ အထိထွက်ပါတယ်။ ဂုန်လျှော်ကတော့ တစ်ဧကကို ပိဿာချိန် ၃၅၀ မှ ၄၀၀ အထိထွက်ပါတယ်။ အထွက်နှုန်း ကွာခြားမှုတော့ နည်းနည်းကွာတာပေါ့။ အခုကျွန်တော်တို့ တောင်သူတွေ အနေနဲ့ နဂိုလိုဂုန်လျှော်ဝိုးတွေကို မစွန့်ပစ်ရတော့ပါဘူး။ အခွံနွှာပြီး အရိုးတွေကို သုံးထွာဆိုင် တစ်စီးကို ငွေကျပ် ၃၀၀ နှုန်းရောင်းရပါတယ်။ ဂုန်လျှော်စိုက်ရင် တစ်ပင်လုံးဝင်ငွေရပါတယ်။ လာမယ့်နှစ်တွေမှာလည်း ဆက်လက်စိုက်ပျိုးသွားမှာပါ။ ဂုန်လျှော်ပေါ်ချိန်မှာ စေ့ကောင်းရဖို့ မျှော်လင့်ပါတယ်"ဟု တောင်သူကြီးဦးကျော်မြင့်က ပြောသည်။

ညောင်တုန်းမြို့နယ်အနေဖြင့် ဂုန်လျှော်နှင့် ချဉ်ပေါင်လျှော်များကို စံပြစိုက်ပျိုးသောကျုံတမာကျေးရွာအုပ်စု၊ ထိပ်ဝကြီးကျေးရွာအုပ်စုနှင့် ပေစိကျွန်းကျေးရွာအုပ်စုတို့တွင် စိုက်ပျိုးကြပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဧကစုစုပေါင်း ၃၂ ဧက၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဧကစုစုပေါင်း ၈၆ ဧကနှင့် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဧကစုစုပေါင်း ၉၆ ဧက တဖြည်းဖြည်းတိုးချဲ့စိုက်ပျိုးလာသည်ကိုတွေ့ရှိရသည်။ ထွက်ရှိလာသောမိုးကြိုဂုန်လျှော်နှင့် ချဉ်ပေါင်လျှော်များအားလုံးကို သင်္ဂဇင်ဦးကုမ္ဍဏီက အတန်းအစားအလိုက်သတ်မှတ်ချက်နှင့်အညီ ဝယ်ယူသွားမည်ဖြစ်ကြောင်းသိရသည်။

ဝင်းမြင့်ကျော်(ညောင်တုန်း)

ပြည်သူများ စိတ်ဝင်စားမှုများပြားလာ

မင်းဘူး ဇွန် ၂၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရက်(၁၀၀)စီမံချက် ကာလအတွင်း ပြည်သူကိုရှေးရှုသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အရှိန်အဟုန်းတိုးမြှင့်ဆောင်ရွက်နေလျက်ရှိရာ စာကြည့်တိုက်အဆင့်မြှင့်တင်ရေးလုပ်ငန်းများအပြင် မြေစိုက်နံရံကပ်စာစောင်များပြည်သူ စိတ်ဝင်စားမှုဖြင့် လာရောက်ကြည့်ရှုနိုင်ရန်နှင့် အသိပညာဗဟုသုတတိုးပွားရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မင်းဘူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် နီးကပ်လျက်ရှိရာ ဇွန် ၂၂ရက် နံနက်ပိုင်းက မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရန် လာရောက်ကြသည့် ချောင်းဖြူကျေးရွာနေပြည်သူများမှ မြေစိုက်နံရံကပ်စာစောင်ပြသထားရှိမှုနှင့် ခရိုင်ပြည်သူ့စာကြည့်တိုက်အတွင်း စာအုပ်၊ စာစောင်များ ပြသထားရှိမှုများအား စိတ်ဝင်စားစွာ ကြည့်ရှုကြသည်ကို တွေ့ရသည်။

ချောင်းဖြူကျေးရွာ ဘဏ်ချေးငွေထုတ်ရန် လာရောက်သော ဦးစိုးနိုင်က "ကျွန်တော်တို့ရွာကားက ခုမနက် ၇နာရီကတည်းက ဘဏ်ရှေ့ရောက်နေတာ၊ ဘဏ်ရုံးက မနက် ၁၀ နာရီမှဖွင့်မှာဆိုတော့ အချိန်ရလို့ ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရုံးရှေ့က မြေစိုက်ဘုတ်ကြီးကို သွားကြည့်မိတယ်။ နိုင်ငံတော်သမ္မတရဲ့ ခရီးစဉ်ဆောင်ရွက်မှုတွေ တွေ့ရတော့ ဗဟုသုတ ရပါတယ်။ တစ်ဖက်က မူးယစ်ဆေးဝါးအကြောင်း ပြသထားတာကြည့်ရတယ်။ ကဗျာ၊ ဆောင်းပါး၊ ဓာတ်ပုံစုံလင်စွာကြည့်ရတယ်။ ရွာမှာဆို ဒါမျိုး ဘယ်ကြည့်ရမလဲ။ ခု အဲဒါတွေကြည့်ပြီး မူးယစ်ဆေးဝါးသာမက ကွမ်းစားခြင်း ဆိုးကျိုးတွေပါ မြင်တွေ့သိရတော့ ကွမ်းစားရမှာကို ကြောက်လာမိတယ်။ စာကြည့်တိုက်ထဲမှာလည်း စာအုပ်စာစောင်တွေအစ ဖတ်ရှုရလို့ ဘဏ်ဖွင့်ချိန်စောင့်နေရင်း အသိပညာဗဟုသုတတိုးပွားရရှိတော့ ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရုံးရဲ့ ဝန်ဆောင်မှုပေးနေတာ ကိုယ်တွေ့မျက်မြင်ပါပဲ" ဟုပြောသည်။

မြေစိုက်နံရံကပ်စာစောင်အား ၁၅ ရက်လျှင် တစ်ကြိမ် နိုင်ငံတော်အကြီးအကဲများ၏ ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ အချိန်အခါအရ နေ့ကြီးရက်ကြီးအထိမ်းအမှတ်စာစောင်များ၊ အသိပညာပေး စာစောင်များကို ပြောင်းလဲပြသပေးလျက်ရှိရာ ခရီးသွားပြည်သူများပါ စိတ်ဝင်စားစွာ နေ့စဉ်ကြည့်ရှုလျက်ရှိသည်ကို တွေ့ရသည်။

တင်ထွန်းဦး(မင်းဘူး)

ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်

သိန်နီ ဇွန် ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်နီမြို့၌ မိုးရာသီတွင် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပထမသုံးလပတ် ရက်(၁၀၀)အတွင်း Box Culvert လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဟော်ဟောင်းလမ်းရှိ Box Culvert တစ်စင်းအားဆောင်ရွက်ပြီးဖြစ်သည်။

ကျန်ရှိနေသေးသော Box Culvert နှစ်စင်းအား ဆက်လက်ဆောင်ရွက်လျက်ရှိရာဧပြီလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီရက်(၁၀၀) အတွင်း အမြန်ဆုံးပြီးစီးရန် မြို့နယ်စည်ပင်သာယာရေးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သီပေါကိုလက်)

မြေဌားဂရန်ထုတ်ပေးနိုင်သဖြင့် ကျေးရွာပြည်သူတို့ဝမ်းမြောက်ပျော်ရွှင်

ပုသိမ် ဇွန် ၂၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကွပ်ကဲမှုဖြင့် ပုသိမ်မြို့နယ် ရန်ကုန်-ပုသိမ် ကားလမ်း၀ဲ၊ ယာရှိ ကိုးဆူစံပြကျေးရွာ၌ လူနေအိမ်ခြံမြေကွက်များ ရက် ၁၀၀ အတွင်း မြေဌားဂရန်ထုတ်ပေးနိုင်ရေးအတွက် ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းနှင့် ဌာနဆိုင်ရာများသည် ဇွန် ၂၁ရက် နံနက် ၁၀နာရီက ကိုးဆူစံပြကျေးရွာ ရတနာပုံဘုန်းတော်ကြီးကျောင်း၌ ဒေသခံရွာသူ ရွာသားတို့နှင့် တွေ့ဆုံပွဲကျင်းပခဲ့သည်။

ရှေးဦးစွာ ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးမြသိန်းက ကိုးဆူစံပြကျေးရွာ၌ ရွာမြေရိယာ ၉ ဒသမ ၅၀ ဧကပေါ်ရှိ အိမ်ခြေ ၇စလုံးရှိသည့်အနက် အိမ်ခြေ မြေကွက် ၃၀ကိုသာ စည်းမျဉ်းစည်းကမ်းနှင့် ညီညွတ်မှုရှိသဖြင့် မြေဌားဂရန် ထုတ်ပေးမည်ဖြစ်ကြောင်း၊ ကျန်ရှိသော အိမ်ခြံမြေကွက် ၄၇ လုံးတွင် ၃၇လုံးမှာ ဥယျာဉ်လယ်မြေနှင့် ဆက်စပ်လျက်ရှိခြင်း၊ အိမ်ခြေလေးလုံးမှာ လမ်းမကြီးဥပဒေနှင့် ငြိစွန်းမှုရှိနေခြင်း၊ အိမ်မြေကွက်ငါးကွက်မှာ လူနေထိုင်မှုမရှိခြင်း၊ ကျန်မြေကွက် တစ်ကွက်မှာ သတ်မှတ်မြေဧရိယာမပြည့်စုံခြင်းတို့ကြောင့် မြေဌားဂရန်ထုတ်ပေးနိုင်ခြင်းမရှိခဲ့ပါ။ သို့သော် ဥယျာဉ်လယ်ယာမြေ၊ စားကျက်မြေများ ဆက်စပ်ရှိနေမှုကို လန ၃၀(က) ဖြင့် သက်ဆိုင်ရာသို့ လျှောက်ထားနိုင်ပါကြောင်း" ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက်ဒေသခံပြည်သူတို့၏ မေးမြန်းချက်ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးနိုင်နှင့်တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ကြသည်။

ယင်းနောက် ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်း၏ ကွပ်ကဲမှုဖြင့် ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းနှင့် ဌာနဆိုင်ရာများ လိုက်ပါလျက် ကိုးဆူစံပြကျေးရွာအတွင်း မြေဌားဂရန် ခွင့်ပြုချက်ရရှိ၍ တိုင်းတာထားသော အိမ်ခြံမြေကွက် ၃၀ တို့ကို ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များကို အချိန်အခါမလင့် ကူညီဆောင်ရွက်ပေးရန် အသင့်ရှိကြောင်းဟု ရင်းနှီးပွင့်လင်းစွာ မှာကြားခဲ့သဖြင့် ဒေသခံပြည်သူတို့ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

ပုသိမ်လုကြည်

မော်ဘီမြို့နယ်ကျေးရွာများ၌ ကော်မတီများ ဖွဲ့စည်း

မော်ဘီ ဇွန် ၂၄

ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဥမ္မာရွှေ၊ မြောက်ပိုင်းခရိုင် ကျေးလက်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးမြင့်၊ မော်ဘီမြို့နယ်ကျေးလက်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းဦးနှင့် ဝန်ထမ်းများအဖွဲ့သည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများမှ ယင်းတိုက်ပင်ကျေးရွာအုပ်စုရှိ သဲဖြူကျေးရွာနှင့် လိပ္ပတ်ကျေးရွာအုပ်စုရှိ လိပ္ပလ်ကျေးရွာတို့အား မြစိမ်းရောင်ရန်ပုံ ငွေကြီးကြေပ်မှုကော်မတီအဖွဲ့နှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့အား သွားရောက်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ထွေးထွေး(မော်ဘီ)

အစိုးရသစ်ရရှိစေမယ့်ဆုလာဘ်(သို့)မြှင့်တင်အားပေးဖော်ဆောင်ရမည့်ကာလတို စိုက်ပျိုးမွေးမြူရေးကဏ္ဍ

à သန်းပြိုးနိုင်(ကညင်ကျိုး)

အစိုးရသစ်ဖော်ဆောင်နေတဲ့ ပြောင်းလဲမှုတွေအထဲက ပြည်သူ့အတွက် ပထမရက် ၁၀၀ စီမံချက်တွေအပေါ် အခုလိုရက်ပေါင်း(၅၀)ပြည့်မြောက်လို့ လမ်းခရီးတစ်ဝက်ကိုရောက်လာချိန်မှာတော့ သူနဲ့အတူကပ်ငြိပါလာတဲ့ အကြောင်းတစ်ခုကတော့ ရက် ၁၀၀ အလွန်မှာဖြစ်ထွန်းပေါ်ပေါက်လာမယ့် စီးပွားရေးဖြစ်ထွန်းတိုးတက်မှုအလားအလာတွေအပေါ် ကောက်ချက်ဆွဲထောက်ပြပြောဆိုမှုတွေပဲဖြစ်ပါတယ်။ ဒီအချိန်မှာ နိုင်ငံသားအများစုအနေနဲ့လည်း စိတ်ဝင်တစားနဲ့ စောင့်ကြည့်နေကြတဲ့ အကြောင်းအရာကလည်း ဒီအချက်ပဲဖြစ်ပါတယ်။

ပြည်တွင်းကစီးပွားရေးသမားတွေ၊လုပ်ငန်းရှင်တွေ ပြည်ပကဝင်ရောက်ရင်းနှီးမြှုပ်နှံမယ့်သူတွေကလည်း ဒီအချက်ကိုပဲအဓိကထားစောင့်ကြည့်လေ့လာနေကြသလို ပြည်သူတွေအများစုကလည်းစီးပွားရေးကောင်းမွန်လာပြီး ကုန်စျေးနှုန်းတွေ ကျဆင်းလာရေး၊အလုပ်အကိုင်အခွင့်အလမ်းတွေလမ်းစပွင့်လာရေး မျှော်လင့်နေကြပါတယ်။ အစိုးရသစ်တက်လာပြီးတဲ့နောက်ပိုင်း မကြာမီပြည့်မြောက်တော့မယ့် သုံးလတာကာလမှာ အခြေခံလူတန်းစားတွေ၊ လက်လုပ်လက်စားအလုပ်သမားတွေ၊ လယ်သမား၊ တောင်ယာသမားအများစုနဲ့ တောနေလူတန်းစားမရှိဆင်းရဲသားတွေကလည်း ဆင်းရဲမွဲတေမှုလျော့ကျရေးအတွက် အစိုးရသစ်ကိုအားထားမျှော်လင့်နေကြတယ်ဆိုရင်လည်း မမှားပါဘူး။

ဒီအတွက်ပဲ အစိုးရသစ်အနေနဲ့ အခုဖော်ဆောင်နေတဲ့ ရက် ၁၀၀ စီမံချက်ရဲ့ လက်ကျန်ရက်တွေမှာဘယ်လိုကိစ္စတွေကိုအချိန်တိုအတွင်းထိထိရောက်ရောက် အကောင်ပေါ်အောင်လုပ်မလဲ။ ဘယ်လိုကိစ္စတွေကအဦးဆုံးစတင်ဆောင်ရွက်သင့်သလဲ။ အောင်မြင်နိုင်ခြေရှိမှုနဲ့ ပြည်သူလူထုအတွက် ထိရောက်တဲ့ စီးပွားရေးလုပ်ငန်းတွေကဘာဖြစ်မလဲ။ ကိုယ့်နိုင်ငံရဲ့ရေ၊ မြေအခြေအနေနဲ့ ကိုက်ညီတဲ့ဘယ်လိုလုပ်ငန်းတွေကို စစဦးဆုံးဆန်းစစ်လုပ်ဆောင်သင့်သလဲ။ အကျိုးအမြတ်လည်းအမှန်ရရှိပြီး ကာလတိုစီမံကိန်းလည်းဖြစ်မယ့် လုပ်ငန်းတွေကဘာဖြစ်မလဲဆိုတာကို အနုလုပ္ပဋိလုံအဖြေရှာဖို့လည်းလိုအပ်လာနေပါပြီ။ ဘာဖြစ်လို့ဒီလိုပြောရလဲဆိုတော့ အစိုးရသစ်ရဲ့ ပထမ ရက်၁၀၀ စီမံချက်သာယခုဆိုလျှင် တစ်ဝက်ကျိုးသွားပေမယ့် တကယ်ထိထိရောက်ရောက်ပြောင်းလဲတိုးတက်လာတဲ့ လုပ်ငန်းတွေ ပြည်သူလူထုတစ်ရပ်လုံးအတွက် သက်သာချောင်ချိမှု ဖြစ်စေမယ့်အရာတွေ မည်မည်ရရ မတွေ့ရှိရသေးတာကြောင့်ဖြစ်ပါတယ်။

ဒါဆိုရင် ဘယ်လိုလုပ်ငန်းမျိုးတွေကိုလုပ်မှ အကျိုးအမြတ်အမှန်ရရှိစေမှာလဲ။ ဘယ်လိုအကောင်အထည်ဖော်သင့်တာလဲဆိုတဲ့အဖြေအတွက်လည်း ကျွန်တော်တို့ ဆက်လက်ဆွေးနွေးအဖြေရှာကြဖို့ လိုလာပါပြီ။ အမှန်ဆိုရင် ကျွန်တော်တို့ နိုင်ငံက စိုက်ပျိုးမွေးမြူရေးကို အခြေခံတဲ့ နိုင်ငံတစ်ခုဖြစ်တာနဲ့အညီ ဒီလုပ်ငန်းတွေက ထုတ်ကုန်တွေများများစားစားကို ပြည်ပနိုင်ငံတွေဆီ တင်ပို့နိုင်အောင်ကြိုးစားပြီး နိုင်ငံခြားဝင်ငွေများများစားစားရအောင်ရှာဖွေကြရမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့နိုင်ငံဟာ အရှေ့တောင်အာရှမှာကုန်းမြေပိုင်ဆိုင်မှုနဲ့ ကမ်းရိုးတန်းအရှည်ပိုင်ဆိုင်မှုအများဆုံးနိုင်ငံပါ။ စိုက်ပျိုးမြေအများဆုံးရှိပြီး ရေချိုမြစ်တွေပေါများလှသလို တောင်တန်းဒေသတွေ၊ လွင်ပြင်ဒေသတွေနဲ့ မြစ်ဝကျွန်းပေါ်ဒေသရယ်လို့ မြေမျက်နှာသွင်ပြင် အမျိုးမျိုးကိုလည်း ပိုင်ဆိုင်ထားပါတယ်။ ရာသီဥတုအနေနဲ့လည်းနွေရာသီ၊ မိုးရာသီ၊ ဆောင်းရာသီရယ်လို့ သုံးရာသီအလိုက် အချိန်ကာလညီညီမျှမျှလည်း ဖြစ်ပေါ်ဖို့အတွက် ကမ္ဘာနဲ့နေလှည့်ပတ်မှုစက်ဝန်းမှာ သမမျှတစွာအခြေအနေပေးလျက်ရှိနေတာပါ။ သည်အတွက်ပဲ ဆိုလိုချင်တာကတော့ စိုက်ပျိုးမွေးမြူရေးကိစ္စတွေအပေါ် အဓိကထားစဉ်းစားပြီး ပြည်တွင်းထွက်ကုန်များများရရှိအောင် လုပ်ကြရမယ်လို့ ပြောလိုရင်းဖြစ်ပါတယ်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆိုတာ ကာလတိုသာ ဖြစ်ပါတယ်။ စပါး၊ ပြောင်း၊ နှမ်း၊ မြေပဲနဲ့ ပဲအမျိုးမျိုးဟာ လေးလမှ ငါးလသာ ကြာမြင့်ပါတယ်။ မွေးမြူရေးပိုင်းကိုလှည့်ပြောရရင်လည်း ငါးနဲ့ ပုစွန်ဆိုတာ ၄/၅ လသာကြာတဲ့ ကာလတိုလုပ်ငန်းတစ်ခုပါ။

အဆိုပါ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေဟာ ကာလတို စီမံကိန်းအတွင်း အမှန်သာ ထိထိရောက်ရောက် အကောင်အထည်ပေါ်အောင် လုပ်နိုင်ခဲ့မယ်၊ ထွက်ကုန်များများရအောင် စိုက်ပျိုးမွေးမြူထုတ်လုပ်နိုင်ခဲ့မယ် ဆိုရင် နိုင်ငံခြားဝင်ငွေ များများစားစားရရှိကြမှာပါ။ ဥပမာ အနေနဲ့တင်ပြရရင် ထိုင်းနဲ့ ဗီယက်နမ်ဆိုရင် အထက်ကပြောတဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးထုတ်ကုန်တွေကပဲ နိုင်ငံခြားဝင်ငွေအများဆုံးရှာဖွေကြတာပါ။ စိုက်ပျိုးရေးထုတ်ကုန်ဖြစ်တဲ့ ဆန်၊ စပါး၊ ပြောင်း၊ နှမ်း၊ မြေပဲနဲ့ပဲအမျိုးမျိုးနဲ့ ရေထွက်ထုတ်ကုန်ဖြစ်တဲ့ ငါးအမျိုးမျိုးနဲ့ ပုစွန်တွေဟာ ကမ္ဘာ့အရှေ့အလယ်ပိုင်းဒေသနဲ့ ဥရောပနိုင်ငံအများအပြားကို တင်ပို့လို့ရနိုင်တဲ့ အကောင်းဆုံးပစ္စည်းတွေပါ။ ဒီအတွက်ပဲ ကျွန်တော်တို့နိုင်ငံကနေ ထိုင်းနိုင်ငံကိုသွားရောက်လုပ်ကိုင်နေကြတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေကိုဟိုရောက်ရင် မင်းတို့ဘာတွေလုပ်ရသလဲလို့ မေးလိုက်ရင် သူတို့လည်းစိုက်ပျိုးရေးခြံတွေ၊ ဥယျာဉ်ခြံတွေ၊ ငါးဖမ်းလုပ်ငန်းတွေ၊ ငါး၊ ပုစွန် အအေးခန်းလုပ်ငန်းတွေမှာပဲအများစုလုပ်ကိုင်ကြရတာကို ကြားသိကြရမှာပါပဲ ဖြစ်ပါတယ်။

အမှန်ဆိုရင် ကျွန်တော်တို့ နိုင်ငံအထဲမှာစိုက်ပျိုးရေးအတွက် အခြေခံကျတဲ့ စိုက်ပျိုးမြေတွေ များစွာရှိနေပါတယ်။ ဒီစိုက်ပျိုးမြေတွေများစွာကိုအကျိုးရှိရှိအသုံးချပြီး အစိုးရအနေနဲ့ ခေတ်မီနည်းပညာတွေ၊ ခေတ်မီထွန်ယက်ရိတ်သိမ်းစက်တွေ၊ ခေတ်မီအခြောက်ခံ၊ အအေးခံစက်တွေနဲ့ နိုင်ငံတကာက အထွက်နှုန်းကောင်းပြီး သဘာဝရာသီဥတုဒဏ်ခံနိုင်တဲ့မျိုးတွေ၊ စိုက်ပျိုးပြုစုပျိုးထောင်တဲ့ နည်းပညာတွေကိုရယူပြီး လယ်သမားတွေ၊ တောင်သူတွေနဲ့ ပူးပေါင်းပညာပေးလို့ စိုက်ပျိုးစရိတ်ငွေတွေလည်း ထိုက်ထိုက်တန်တန်ရင်းနှီးမြှုပ်နှံပေးမယ်ဆိုရင် မအောင်မြင်လာစရာမရှိလောက်ပါဘူး။ သူများနိုင်ငံတွေတောင်မှ လုပ်နေနိုင်ကြသေးရင်ကျွန်တော်တို့ နိုင်ငံလို စိုက်ပျိုးမြေတွေပေါပြီး သဘာဝတောတောင်တွေ ပေါများတဲ့ နိုင်ငံမှာ ပိုမိုဖြစ်ထွန်းပြီး အထွက်နှုန်းတွေ တိုးတက်ကောင်းမွန်လာမှာ အသေအချာပဲဖြစ်မှာပါ။ ဒီလိုလုပ်ငန်းတွေဟာ သူနဲ့ဆိုင်တဲ့ ဌာနတွေမှာလည်း အခြေခံအရင်းအမြစ်အချက်အလက်တွေ၊ စီမံချက်တွေရှိနေပြီးဖြစ်မှာ အမှန်ပဲ ဖြစ်သလို ယခင်ကာလများဆီကနယ်မြို့လေးတွေ အထိ စိုက်ပျိုးမွေးမြူရေးပညာပေးစခန်းဆိုတဲ့ ဆိုင်းပုဒ်ကလေးတွေနဲ့ အခုထိမြေနေရာပိုင်ဆိုင်လို့ အဆောက်အအုံလက်ကျန်တွေ ရှိနေပါသေးတယ်။ မြေပြင်မှာထိထိရောက်ရောက် အမှန်တကယ်အကောင်အထည်ဖော်ဖို့သာ လိုနေတာပါ။

နောက်တစ်ချက်ကတော့ မွေးမြူရေးကဏ္ဍပါ။ မွေးမြူရေးကဏ္ဍဆိုပေမယ့်လည်း ကျွန်တော်အထူးကိစ္စတစ်ရပ်အနေနဲ့တင်ပြမှာကတော့ ငါးနဲ့ပုစွန်ပဲဖြစ်ပါတယ်။ ငါးကို ထုတ်လုပ်ကြတော့မယ်ဆိုရင် ဖမ်းဆီးရေးနဲ့ မွေးမြူရေးဆိုပြီး နှစ်ပိုင်းပါဝင်လာပါတယ်။ ပထမဦးဆုံးဖမ်းဆီးရေးအကြောင်းပြောရရင် ကျွန်တော်တို့နိုင်ငံမှာရေချိုငါးတွေ များများစားစားရှိနေပါတယ်။ ခြေကြီးလေးစင်းနဲ့ ချောင်းမြောင်းများစွာ၊ အင်းအိုင်တွေ များစွာအထဲမှာ၊နောက်တစ်မျိုးက ရှည်လျားလှတဲ့ ကမ်းရိုးတန်းရေတိမ်ပိုင်းတစ်လျှောက်မှာ ဖမ်းဆီးရေးလုပ်လို့ရနိုင်တာတွေ အများကြီးပါ။ ဒီလိုပေါများလှတဲ့ မြစ်၊ ချောင်း၊ အင်းအိုင်တွေ၊ ကမ်းနီးကမ်းဝေး ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ကနေရာတွေမှာ ငါးဖမ်းဆီးရေးလုပ်ငန်းတွေကို တွင်တွင်ကျယ်ကျယ်နဲ့လုပ်နိုင်ကြဖို့ဆိုရင် အစိုးရရဲ့အကူအညီအများကြီး လိုအပ်နေပါတယ်။ ပထမဦးဆုံးအနေနဲ့ ကုန်းတွင်းပိုင်းကရေချိုငါးတွေကို သားဖောက်လ ယခုလိုရာသီမှာ ဖမ်းဆီးစားသုံးမှုမရှိအောင်၊ မြစ်၊ ချောင်း၊ အင်းအိုင်တွေအတွင်းတရားမဝင်ငါးဖမ်းဆီးရေးတွေမဝင်ရောက်အောင်၊ စည်းကမ်းမဲ့ ငါးမိုင်းခွဲတာတွေ၊ ဘက်ထရီနဲ့ရှော့ခ်တိုက် ငါးဖမ်းဆီးတာတွေကိုလည်း တရားဥပဒေစိုးမိုးမှုရှိအောင် ဆောင်ရွက်ပြီးတားဆီးပေးကြရမှာပါ။ ဒါမှသာ ကုန်းတွင်းရေချိုငါးများများစားစား ပေါက်ပွားပေါများလာပြီး ပြည်တွင်းစားသုံးမှု ကုံလုံကြွယ်ဝလာမယ့်အပြင် နိုင်ငံခြားကိုလည်းပို့နိုင်လာမှာပါ။

နောက်တစ်မျိုးကတော့ ရှည်လျားလှတဲ့ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်က ကမ်းနီးကမ်းဝေး ပင်လယ်ငါးဖမ်းလုပ်ငန်းတွေဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကိုလည်း ရေချိုငါးအလားတူ အစိုးရဘက်ကနေ ငါးဖမ်းစက်လှေတွေ၊ ပိုက်တွေ၊ ကမ်းဝေးအတွက် နည်းပညာနဲ့ စက်အကူအညီတွေနဲ့ နောက်ရရှိလာမယ့်ငါးတွေကို ခေတ်မီနည်းနဲ့ သန့်စင်ထုပ်ပိုးရအောင် အအေးခန်းတွေ၊ စက်ရုံတွေအတွက် အကူအညီတွေ ကောင်းကောင်းပေးခဲ့ရင် ရေထွက်ငါးတွေ ပေါပေါများများရလို့ နိုင်ငံခြားကို အလုံးအရင်းနဲ့တင်ပို့နိုင်ပြီး ကိုယ့်နိုင်ငံသားတွေကလည်း အလုပ်အကိုင် ရရှိစေလာမှာပဲ ဖြစ်ပါတယ်။

ဒဲ့အပြင် ကျွန်ရှိနေတာကတော့ ငါး၊ ပုစွန်တွေကို မွေးမြူထုတ်လုပ်ကြတဲ့ အကြောင်းပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ် ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကုန်းတွင်းပိုင်းမှာ ဆောင်ရွက်နေကြတဲ့ အစိုးရဌာနပိုင်၊ ပုဂ္ဂလိကပိုင် ပုစွန်မွေးမြူရေးကန်တွေ၊ ငါးမွေးမြူရေးကန်တွေ အများအပြားရှိနေပါတယ်။ ဒီမွေးမြူရေးကန်တွေအပေါ်မှာလည်း အစိုးရအနေနဲ့ အမှန်အားပေးပြီး အခြားပြည်ပနိုင်ငံတွေက မျိုးကောင်းမျိုးသန့်တွေ၊ အစာကောင်းကောင်းသန့်သန့်တွေ၊ နည်းပညာနဲ့ငွေကြေးအထောက်အပံ့တွေများများပေးပြီး ထုတ်လုပ်စေခဲ့ရင် အချိန်တိုကာလတိုအတွင်း ထွက်ကုန်တွေများများ တိုးတက်လာပြီး ပြည်ပပို့ကုန်များလာမယ်။ နိုင်ငံခြားဝင်ငွေတွေတိုးတက်လာမယ်။အထက်ကစကားနဲ့ ထပ်ပြောရရင် ကိုယ့်နိုင်ငံအတွင်းက ကျွမ်းကျင်လုပ်သားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေပါ ပွင့်လန်းလာစေမှာအမှန်ပဲ ဖြစ်မှာပါ။

အချုပ်အားဖြင့်တင်ပြရရင် အစိုးရသစ်ရဲ့ ယနေ့လက်ရှိဖော်ဆောင်နေတဲ့ ပြည်သူ့အတွက် ပထမရက် ၁၀၀ ကနေ အစပြုလို့ ဒီလိုအခြေခံကျတဲ့ ကာလတိုစီမံကိန်းထဲမှာ အဓိကလည်းဖြစ် အခရာလည်းကျ၊ ကိုယ့်နိုင်ငံရဲ့ ရေ၊ မြေ၊ တောတောင်၊ ကမ်းရိုးတန်းဒေသ သဘာဝနဲ့လည်း ကိုက်ညီ၊ ကိုယ့်ပြည်တွင်းက နိုင်ငံသားတွေလည်း ကျွမ်းကျင်တဲ့ ဒီလိုစိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းကိုသာ အမှန်ဇောင်းပေးပြီးထိထိရောက်ရောက် အကောင်အထည်ဖော်ပေးခဲ့ရင် ကိုယ့်နိုင်ငံသားတွေလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုတိုးတက်ရရှိလာမယ်။ နိုင်ငံတကာကိုရောက်နေတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေလည်း ပြန်လည်အခြေချလာနိုင်မယ်။ နိုင်ငံခြားဝင်ငွေလည်းများများရရှိလို့ စီးပွားရေးအခွင့်အလမ်းတိုးတက်ကောင်းမွန်လာမယ်လို့ ထင်မြင်သုံးသပ်မိပါတယ်။

နောက်ဆုံးအချက်တစ်ချက်အနေနဲ့ ထပ်ဖြည့်ပြီးပြောရရင် နိုင်ငံအတွင်း ကျေးလက်တောရွာတွေမှာ နေထိုင်ကြတဲ့ ၇၅ ရာခိုင်နှုန်းသော တောင်သူလယ်သမား၊ စိုက်ပျိုးရေးမွေးမြူရေးသမားတို့ရဲ့ လူမှုစီးပွားဘဝတွေလည်း တိုးတက်ကောင်းမွန်လာလို့ တစ်ဦးချင်းဝင်ငွေတိုးတက်ရရှိကြကာ အစိုးရသစ်အပေါ်လည်း ယုံကြည်ကိုးစားစိတ်တွေ အမှန်ဖြစ်ထွန်းလာစေပြီး အစိုးရသစ်အနေနဲ့လည်း ပြည်သူကပေးတဲ့ ဆုလာဘ်တစ်ပါးကို အမှန်ပင်သိမ်းပိုက်ရရှိလာနိုင်မှာလည်းအမှန်ပင်ဖြစ်ပါကြောင်း စိတ်ကောင်းစေတနာဖြင့် အကြံပြုရေးသားတင်ပြလိုက်ရပါတယ်။ ။

အစိုးရသစ်ရဲ့ယနေ့လက်ရှိဖော်ဆောင်နေတဲ့ပြည်သူ့အတွက်ပထမရက်၁၀၀ကနေ အစပြုလို့ ဒီလိုအခြေခံကျတဲ့ကာလတိုစီမံကိန်းထဲမှာ အဓိကလည်းဖြစ်၊ အခရာလည်းကျ၊ ကိုယ့်နိုင်ငံရဲ့ ရေ၊ မြေ၊ တော၊ တောင်၊ ကမ်းရိုးတန်းဒေသ သဘာဝနဲ့လည်းကိုက်ညီ၊ ကိုယ့်ပြည်တွင်းက နိုင်ငံသားတွေလည်း ကျွမ်းကျင်တဲ့ ဒီလိုစိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းကိုသာ အမှန်ဇောင်းပေးပြီး

ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး

လင်းခေး ဇွန် ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေး ခရိုင် ခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဒိုးနိုင်၊ စခန်းမှူး ဒု-ရဲမှူး ဇော်ဝင်း (ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး) နှင့် အမှတ်(၁၁၄)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှ ရဲအုပ်တင်အောင်မိုးတို့သည် ဇွန် ၁၇ ရက် မွန်းလွဲ ၁နာရီခွဲက အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး လက်ကမ်းစာစောင်များကို ကျောင်းသား ကျောင်းသူများထံသို့ ဖြန့်ဝေပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

အဆိုပါ ဟောပြောပွဲသို့ လင်းခေးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်းအင်အား ၁၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

နိုင်းဇော်လတ်(လင်းခေး)

သံတောင်ဒေသထွက် ဒူးရင်းသီးများ ဈေးကွက်အတွင်း နေ့စဉ်ဝင်ရောက်နေ

ရေတာရည် ဇွန် ၂၄

မိုးဦးရာသီဖြစ်သော ယခုလ ဒုတိယအပတ်မှစတင်ကာ ကရင်ပြည်နယ် သံတောင်မြို့နယ်ထွက် ဒူးရင်းသီးများ ဈေးကွက်အတွင်းသို့ဝင်ရောက်လျက်ရှိရာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသများသို့ ဆက်တိုက်တင်ပို့ရောင်းချနေရကြောင်း ဒူးရင်းသီးအရောင်းအဝယ်လုပ်နေသော အမျိုးသမီးတစ်ဦးက ပြောပြ၍သိရသည်

တောင်ပေါ်ဒေသမှထွက်ရှိသည့် ဒူးရင်းသီးများအား ပဲခူးတိုင်းဒေသကြီး ရန်ကုန်-မန္တလေးကားလမ်းတစ်လျှောက်ရှိ မြို့ကြီး၊ မြို့ငယ်များမှ ဈေးနှင့် လူစည်ကားရာနေရာများ၊ ကားဂိတ်များ၊ ရထားဘူတာရုံများတွင် ရောင်းချလျက်ရှိကာ မိသားစုစားသုံးခြင်းအပြင် လက်ဆောင်ပေးရန်အတွက်ပါ ဝယ်ယူမှုများရှိကြောင်း သိရသည်။

"ကျွန်မတို့က တောင်ပေါ်ကနေ ဝယ်လိုအား အပေါ်မူတည်ပြီးမှာရတာ။ လက်ရှိတော့ နေပြည်တော်၊ မန္တလေး၊ လားရှိုး၊ အောင်ပန်းမြို့တွေ အထိ နေ့တိုင်းလိုလိုတင်ပို့ပေးနေရတယ်"ဟု ဆွာမြို့ ထောက်ကြန့်ကွင်းကျေးရွာရှိ အဝယ်ဒိုင်ဖွင့်လှစ်ထားသူ အမျိုးသမီးက ပြောသည်။

တောင်ပေါ်ဒေသမှ ဆိုင်ကယ်နောက်တွင် ခွခြင်းဖြင့်သယ်ဆောင်သည့်အခါ တစ်ခြင်းလျှင် အလုံးအကြီး၊ အသေးအပေါ် မူတည်ကာ အလုံးရေ ၃၀ မှ ၅၀ အထိတင်ဆောင်ပြီး လာရောက်ရောင်းချခြင်းဖြစ်သည်ဟုဆိုသည်။ အမှာရှိသည့်မြို့များသို့ တင်ပို့ရောင်းချရာတွင် ရထားဖြင့်သာ တင်ပို့ပေးရခြင်းဖြစ်ကာ တစ်ခေါက်လျှင် ခြင်းအလုံးရေ ၃၀ အထိ တင်ပို့ပေးရပြီး လက်ရှိပေါက်ဈေးအရ အရွယ်အစားအပေါ်မူတည်၍ ကျပ်တစ်ထောင်မှ နှစ်ထောင်ကျော်ဖြင့် ပြန်လည် ရောင်းချပေးလျက်ရှိကြောင်းသိရသည်။

ကိုလွင်(ဆွာ)

လေယာဉ်ခရီးသည် ကြိုပို့ပြည်သူများ လေယာဉ်ကွင်းရုံးဝင်းအတွင်း ကားများထိုး၍ နားနေနိုင်ပြီ

ကလေး၊ ဇွန် ၂၄

ကလေးမြို့လေဆိပ်တွင် လေယာဉ်ခရီးသည် ကြိုပို့ပြုလုပ်သူပြည်သူများ အဆင်ပြေစေရန် ကားရပ်နားသည့်နေရာ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

လေယာဉ်ကွင်းရုံးဝင်းအတွင်း၌ ကြိုပို့ဆောင်ရွက်သူ ဧည့်ကြိုပြည်သူများစိတ်အေးချမ်းသာစွာ အနားယူနိုင်ကြရန်အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်ကာလအတွင်း အကောင်အထည်ဖော်သည့်အနေဖြင့် ဇွန် ၁ ရက်မှစ၍ နေရာသတ်မှတ်ဆောင်ရွက်ထားခြင်းဖြစ်သည်။

ကလေးမြို့လေယာဉ်ကွင်းသည် တစ်မူထူးခြားစွာ မြို့လယ်ခေါင်တွင်တည်ရှိပြီး ယခင်က ခရီးသွားပြည်သူများ၏ ဧည့်ကြိုပို့ပြည်သူများသည် နားနေစရာနေရာမရှိဘဲ ဗိုလ်ချုပ်လမ်းဘေး လေယာဉ်ကွင်းရုံးခြံစည်းရိုးနံဘေးတွင် ကားများထိုး၍ မတ်တတ်ရပ်ကာ စောင့်ကြိုနေကြရသဖြင့် ဗိုလ်ချုပ်လမ်းဘေး၌ ထိုးထားသည့်မော်တော်ယာဉ်များနှင့် ဧည့်ကြိုပို့သူများဖြင့် ပြည့်ကျပ်နေလျက်ရှိပြီး လမ်းသွားလမ်းလာ ပြည်သူများအတွက် ယာဉ်အန္တရာယ် စိုးရိမ်နေရသည့်အပြင် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းနှင့်လည်း အလွန်နီးကပ်နေပါသဖြင့် ကျောင်းသွားကျောင်းပြန်ချိန်နှင့် လေယာဉ်ခရီးစဉ်တိုက်ဆိုင်သည့် အချိန်များတွင် ကား၊ မော်တော်ဆိုင်ကယ်အန္တရာယ်များ ဖြင့်လည်း မလွတ်ကင်းဘဲ ဖြစ်ခဲ့သည်။

ယခုအခါ အဆိုပါယာဉ်အန္တရာယ်များ ကင်းရှင်းနိုင်ရေးနှင့် လေယာဉ်ခရီးသည် ကြိုပို့ပြည်သူများစိတ်ချမ်းမြေ့စေရန်အတွက် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီ၊ လွတ်တော် ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖများ၏ ပူးပေါင်းညှိနှိုင်းမှုများကြောင့် ခရီးသွားပြည်သူများ၊ ဧည့်ကြိုပို့ပြည်သူများသည် ဗိုလ်ချုပ်လမ်းဘေးတွင် မတ်တတ်ရပ်စောင့်နေရခြင်းမှ လေယာဉ်ကွင်းရုံးဝင်းအတွင်းသို့ဝင်ရောက်၍ ကားထိုးခြင်း၊ နားနေခြင်းများကို လေယာဉ်ချိန်အတွင်း လွတ်လပ်စွာဆောင်ရွက်နိုင်ကြပြီဖြစ်သည့်အတွက် ယခင်နှင့်မတူဘဲ ယခုအချိန်တွင် လေယာဉ်ခရီးသည်ကြိုပို့ပြည်သူများသည် လွတ်လပ်ခြင်း၊ စိတ်အေးချမ်းသာခြင်း၊ ပျော်ရွှင်ကြည်နူးခြင်းတို့ကို လက်တွေ့ခံစားကြရပြီဖြစ်သည်။

ယခုအစိုးရသစ်၏ ပြောင်းလဲချိန်တန်ပြီဟူသော ကြွေးကြော်သံနှင့်အညီ အစိုးရသစ်က တာဝန်ထမ်းဆောင်ချိန်မှစ၍ ဝန်ကြီးဌာန၊ ဦးစီးဌာနအသီးသီးတို့သည် အစိုးရသစ်၏ ပထမရက်ပေါင်း ၁၀၀ စီမံချက်ကာလအတွင်း ပြည်သူများအတွက် အကျိုးပြုမည့်၊ ထင်သာမြင်သာဖြစ်မည့်လုပ်ငန်း စီမံကိန်းရေးဆွဲလျက် စတင်အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကလေးမြို့ပြည်သူများ သိရှိတွေ့မြင်ခံစားနေကြရပြီဖြစ်သည်။

ကျိုးနက်

ရိခေါဒါရ်မြို့တွင်းသန့်ရှင်းသာယာလှပရေး အမှိုက်စွန့်ပစ်ခြင်းစနစ်တကျဆောင်ရွက်

ရိခေါဒါရ် ဇွန် ၂၄

ချင်းပြည်နယ် ရိခေါဒါရ်မြို့ရှိ စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်ပြည်သူများပူးပေါင်း၍ မြို့တွင်းသန့်ရှင်းသာယာလှပရေးအတွက် ရပ်ကွက်အတွင်းရှိ အမှိုက်သရိုက်များစွန့်ပစ်ခြင်းကို အပတ်စဉ် စနစ်တကျဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"အရင်က မြို့တွင်းအမှိုက်စွန့်ပစ်မှု စနစ်တကျမရှိတော့ ရပ်ကွက်ပြည်သူတွေအနေနဲ့ အမှိုက်စွန့်တဲ့နေရာမှာ အခက်အခဲကြုံတွေ့နေပါတယ်။ အဲဒီတော့ ကြုံရာနေရာတကာမှာ အမှိုက်တွေစွန့်ပစ်လိုက်တော့ မြို့အင်္ဂါရပ်နဲ့ မညီဘဲ မြို့တွင်းအင်္ဂါရပ်အလှအပကို ပျက်စီးစေတာရယ်၊ ဒီမြို့ဟာ အိန္ဒိယ-မြန်မာနယ်စပ်မြို့လေးဆိုတော့ နိုင်ငံရဲ့မျက်နှာစာတစ်ခုဖြစ်တာရယ်တို့ကြောင့် မြို့သန့်ရှင်းသာယာလှပရေးကို အထူးအလေးထားဆောင်ရွက်ဖို့လိုပါတယ်။

နယ်စပ်ချောင်းဖြစ်တဲ့ တီအိုချောင်းအတွင်းမှာရော၊ ချောင်းနံဘေးမှာရော အမှိုက်တွေပုံလာတော့ ကြည့်မကောင်းတော့ပါဘူး။ မြို့ရဲ့အလှကိုပျက်စေတာကြောင့် သက်ဆိုင်ရာဌာနတွေ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တွေနဲ့ ရပ်ကွက်နေပြည်သူတွေပူးပေါင်းပြီး အခုလိုမျိုး အမှိုက်စွန့်ပစ်ခြင်းကို စနစ်တကျဆောင်ရွက်သွားတာဖြစ်ပါတယ်" ဟုရိခေါဒါရ်မြို့ စည်ပင်သာယာရေးမှူး ဦးဟောက်ခုပ်ကပြောသည်။

အဆိုပါရပ်ကွက်အတွင်း အမှိုက်စွန့်ပစ်ခြင်းကို တစ်ပတ်လျှင်နှစ်ကြိမ် ဆောင်ရွက်ပြီး ရပ်ကွက်နှင့်အလှမ်းဝေးသည့်နေရာတစ်ခုကို အမှိုက်စွန့်ပစ်သည့်နေရာအဖြစ် ယာယီသတ်မှတ်ကာ စည်ပင်သာယာရေးဌာနပိုင်ယာဉ်တစ်စီးဖြင့် အပတ်စဉ်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်မှုကြောင့် အမှိုက်စွန့်ပစ်မည့်နေရာအခက်အခဲကြုံတွေ့နေရသည့် ပြည်သူများ၏ ပြဿနာကို ဖြေရှင်းပေးနိုင်သည့်အပြင် မြို့တွင်းသန့်ရှင်းသာယာလှပရေးကိုလည်း မျှားစွာအထောက်အကူဖြစ်စေကြောင်း ဒေသခံများက သုံးသပ်သည်။

နိုဟေဆာ

ရထားပို့ဆောင်ရေးဥပဒေ အင်းတော်မြို့နယ်တွင် အသိပညာပေးဟောပြော

အင်းတော် ဇွန် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နားရခေါင်ကျေးရွာ အခြေခံမူလတန်းကျောင်းတွင် ဇွန် ၂၂ ရက်မွန်းတည့် ၁၂ နာရီက ရထားပို့ဆောင်ရေး ဥပဒေအသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲသို့ နားရခေါင်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူများ တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲတွင် နဘားမီးရထားရဲတပ်ဖွဲ့မှ ဒုရဲအုပ်အောင်ကျော်မိုးက ရထားပို့ဆောင်ရေးလုပ်ငန်းများ၊ ရထားလမ်းကူးနေရာများ၌ ထိခိုက်ဒဏ်ရာရရှိခြင်း၊ သေဆုံးခြင်းများ မဖြစ်ပေါ်စေရေးအတွက် ခြေကျင်ဖြတ်ကူးသူများ၊ ယာဉ်အမျိုးမျိုးမောင်းနှင်သူများ သတိပြုလိုက်နာနိုင်ကြရန် ရထားဥပဒေများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသူများအား မီးရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေနှင့် အရေးကြုံလျှင်ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်များပါဝင်သည့် လက်ကမ်းစာစောင်များဖြန့်ဝေခဲ့သည်။

ကိုမင်း(အင်းတော်)

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးဆောင်ရွက်

စေတုတ္တရာ ဇွန် ၂၄

မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးနှင့် လျှပ်စစ်ဓာတ်အားပြည့်ဝစွာအသုံးပြုနိုင်ရေးအတွက် ဇွန် ၂၁ ရက် နံနက်ပိုင်းမှစ၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးမင်းနိုင်ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက စတင်ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြို့နယ်လျှပ်စစ်ဝန်ထမ်းများမှ လူစည်ကားရာနေရာများဖြစ်သော ကားဂိတ်၊ လက်ဖက်ရည်ဆိုင်များနှင့် စည်ပင်သာယာမြို့မစျေးအတွင်းရှိပြည်သူတို့အား လျှပ်စစ်အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေပေးခြင်း၊ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် ဓာတ်အားလိုင်းများနှင့် ဆက်နွယ်နေသော သစ်ကိုင်း၊ ချဲန္ဒယ်များအား ရှင်းလင်းခြင်းတို့ကို အပတ်စဉ်စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

တင်ထွန်း(မင်းဘူး)

တိုင်းရင်းဆေးပညာဖြင့် အောက်ခြေပြည်သူလူထုအထိ ကွင်းဆင်းကာ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အခမဲ့ ဆောင်ရွက်

မန္တလေး ဇွန် ၂၄

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်တွင် တိုင်းရင်းဆေးပညာဖြင့် အောက်ခြေပြည်သူလူထုအထိ ကွင်းဆင်းကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၃ ရက် နံနက် ၁၀ နာရီက ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ ကိုးလုံးတကာဘုရား၊ ကမ္ဘာကျော်ဓမ္မာရုံတွင် ကျန်းမာရေးကုသခြင်းလုပ်ငန်းများနှင့် ပညာပေးဟောပြောခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဒီလိုကွင်းဆင်းကုတာက ကျွန်မတို့ရဲ့ ရက် ၁၀၀ စီမံချက်ထဲမှာပါတဲ့ လုပ်ငန်းပါ။ မြို့နယ်အတွင်းမှာရှိတဲ့ ရပ်ကွက်တွေကို အလှည့်ကျ ကွင်းဆင်းဆောင်ရွက်သွားမယ့်အပြင် အခြေခံပညာကျောင်းတွေကိုလည်း ကွင်းဆင်းဆောင်ရွက်ပေးသွားမှာပါ။ ကျွန်မတို့အနေနဲ့ တိုင်းရင်းဆေးပညာနဲ့ ကုသပေးလို့ရတဲ့ ရောဂါအားလုံးကို ကုသပေးပါတယ်" ဟု မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သန္တာဝင်းက ပြောသည်။

တိုင်းရင်းဆေးပညာဦးစီးဌာနသည် ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ကွင်းဆင်းကုသခြင်းအပြင် ပြည်သူများ ကျန်းမာရေးအသိပညာရရှိစေရန်နှင့် တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများကိုလည်း ဟောပြောခဲ့ကြောင်း သိရသည်။

တိုင်းရင်းဆေးပညာဖြင့် ပြည်သူလူထုထံအရောက် အခမဲ့ကွင်းဆင်းကုသခြင်းကို "အဖွားက နောက်ကျောတက်တာနဲ့ တင်ပါးတစ်ခြမ်းက ကိုက်နေတာကို လာပြီးပြတာပါ။ ပျောက်သွားမယ်လို့ ယုံကြည်ပါတယ်။ အခုလို ကွင်းဆင်းပြီး အခမဲ့ကုပေးတော့ ပြည်သူလည်း အကုန်အကျသက်သာတာပေါ့။ ကျေးဇူးလည်းတင်ပါတယ်။ နောက်ပြီး အပတ်စဉ်လည်း အခုလို ကွင်းဆင်းပြီး ကုပေးစေချင်တယ်" ဟု အသက် ၇၁ နှစ်အရွယ်ရှိ ကိုးလုံးတကာရပ်ကွက်နေ အဖွားဒေါ်ဦးက ပြောသည်။

ဘိုဘိုဟန်

မင်းတပ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အိတ်ဖွင့်တင်ဒါ စိစစ်ရွေးချယ်ရေးအခမ်းအနားကျင်းပ

မင်းတပ် ဇွန် ၂၄

မင်းတပ်မြို့နယ် ကန်ပက်လက်မြို့နယ်နှင့်မတူပီမြို့နယ်တို့တွင် ငွေကျပ် ၅ သန်းနှင့်သန်း ၅၀ ကြား ဆောင်ရွက်မည့်လုပ်ငန်းများ တင်ဒါစိစစ်ရွေးချယ်ရေးအခမ်းအနားကို မင်းတပ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဇွန် ၂၃ ရက်က ပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးငွေးဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးခိုင်ထွန်းက တင်ဒါစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး တင်ဒါစိစစ်ရွေးချယ်ခြင်းကို ဆောင်ရွက်ကြသည်။

ယင်းတင်ဒါစိစစ်ရွေးချယ်မှုတွင် မင်းတပ်မြို့နယ် အုပ်ချုပ်ရေးမှူး၊ မင်းတပ်ခရိုင်အတွင်းရှိ ဆောက်လုပ်ရေး ဦးစီးဌာန၊ လယ်/ဆည်ဦးစီးဌာနနှင့် စည်ပင်သာယာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများပါဝင်သည်။

ဆောင်ရွက်မည့် လုပ်ငန်းစုစုပေါင်း ရှစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ကုမ္ပဏီပေါင်း ၁၃ ခု ရှိကြောင်း သိရသည်။

လိန်းဟုန်းမာန်(ပြန်/ဆက်)

ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးသစ်ပင်စိုက်ပျိုး

ရေကြည် ဇွန် ၂၄

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ရေကြည်မြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ အသုတ်သစ်တောဘိုနယ် ယိုးဒယားတက် အခြေခံပညာအထက်တန်းကျောင်း၌ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အသိပညာပေးဟောပြောပွဲနှင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၂ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ရေကြည်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန့်ဇင်က ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးရခြင်း၏ အကျိုးကျေးဇူးများအကြောင်းကို ကျောင်းသား၊ ကျောင်းသူများအား ရှင်းလင်းဟောပြောခဲ့သည်။

ဟောပြောပွဲသို့ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၃၅၅ ဦးတက်ရောက်ခဲ့ကြပြီး သစ်တောဦးစီးဌာနမှ ပျိုးထောင်ထားသော ကျွန်း၊ ယူကလစ်၊ ပျဉ်းကတိုး၊ မဟော်ဂနီ ပျိုးပင်ပေါင်း ၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ဝင်းကြီ(ဖြန်/ဆက်)

ပိုးသတ်ဆေးဥပဒေနှင့် မြေသြဇာဥပဒေ သိရှိလိုက်နာဆောင်ရွက်နိုင်ရေး ပညာပေးရှင်းလင်း

ခင်ဦး ဇွန် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပြုလုပ်သော ပိုးသတ်ဆေးဥပဒေနှင့် မြေသြဇာဥပဒေ သိရှိလိုက်နာဆောင်ရွက်နိုင်ရေး ပညာပေးရှင်းလင်းပွဲကို ဇွန် ၂၃ ရက် နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတွင်ပြုလုပ်ရာ ပိုးသတ်ဆေးနှင့် မြေသြဇာရောင်းချသူ လုပ်ငန်းရှင်များနှင့် တောင်သူများ စုစုပေါင်း ၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးအောင်က ပညာပေးရှင်းလင်းပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး မြေအသုံးချရေးတာဝန်ခံ ဒေါ်ချိုချိုမာက မြေသြဇာဥပဒေနှင့် မြေဆီလွှာဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ရီရီသိန်းက ပိုးသတ်ဆေးဥပဒေနှင့် သီးနှံပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ခင်ဦးစိုးဝေ

ရေးမြို့နယ်၌ တရားဝင်ရေလုပ်သားကတ်များကို ဥပဒေနှင့် အညီ ဇွန်လနောက်ဆုံးပတ်တွင် ဆောင်ရွက်ပေးသွားမည်

ရေး ဇွန် ၂၄

မွန်ပြည်နယ် ရေးမြို့နယ်ဒေသအတွင်း ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းကို အဓိကစီးပွားအဖြစ်လုပ်ကိုင်နေလျက်ရှိရာ လာမည့်ပင်လယ်ငါးဖမ်းရာသီမှာ ရေလုပ်သားများအား ဥပဒေနဲ့အညီဖြစ်ရန် ဇွန်လနောက်ဆုံးပတ် ရေလုပ်သားကတ်များကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ တရားဝင်စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ယခင်က ရေလုပ်သားများကိုယ်တိုင် ဥပဒေနဲ့အညီ ငါးလုပ်ငန်းဦးစီးဌာနတွင် အရင်လာလျှောက်ရပါတယ်။ ရေလုပ်သားကတ်ရမှ လုပ်ငန်းရှင်တွေဆီမှာသွားပြီး ထပ်မံလျှောက်မှသာလျှင် လုပ်ပိုင်ခွင့် ရမယ်။

"ဒါကြောင့် ရေလုပ်သားကတ်တွေကို ရေလုပ်သားများကိုယ်တိုင်က လာရောက်ပြုလုပ်ခြင်း အားနည်းနေတာကြောင့် လုပ်ငန်းရှင်တွေဆီမှာ ရှိနေတဲ့ ရေလုပ်သားများကို ကျေးရွာတွေအထိ ကွင်းဆင်းပြီး ရေလုပ်သားကတ်များပြုလုပ်ပေးသွားမှာဖြစ်ပါတယ်" ဟု မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်မင်းဦးက ပြောသည်။

ရေလုပ်သားကတ်မရှိစဉ်က ရေလုပ်သားနှင့် လုပ်ငန်းရှင်များအကြားမှာ အငြင်းပွားမှုပြဿနာများကပိုမိုဖြစ်ပေါ်စေပြီး ရေလုပ်သားကတ်ထုတ်ပေးပြီးနောက်မှာ လုပ်ငန်းရှင်နှင့် ရေလုပ်သားများ၏ အငြင်းပွားမှုများ လျှော့နည်းလာမည့်အပြင် ရေလုပ်သားများ၏ ရပိုင်ခွင့်များကိုလည်း ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ဦးစီးမှူးဦးဇော်မင်းဦးက ဆက်ပြောသည်။

ရေးမြို့နယ်တွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘုန္တစ် စာရင်းမှတ်တမ်းများအရ တရားဝင်ခွင့်ပြုလုပ်ပိုင်ခွင့်ရထားသော ပင်လယ်ပြင်ကမ်းနီးငါးဖမ်းစက်လှေ ၃၇၀ နှင့် ကမ်းဝေးစက်လှေမှာ ၂၀၀ ရှိပြီး ပင်လယ်ပြင်အတွင်း ငါးဖမ်းရာသီမှ ဝင်ရောက်လုပ်ကိုင်နေကြသော ရေလုပ်သား တရားဝင်ဦးရေမှာ ၅၁၀ ရှိကြောင်း သိရသည်။

ထွန်ထွန်(ရေး)

မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ် ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့ စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရန်ကုန် ဇွန် ၂၄

မြန်မာနိုင်ငံတွင်ပထမဦးဆုံးအကြိမ် ကျင်းပမည့် ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့(World Bamboo Day) အခမ်းအနားအား ရန်ကုန်မြို့ ခြောက်မိုင်ခွဲရှိ International Business Center ၌ စက်တင်ဘာ ၁၈ ရက်တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ကမ္ဘာ့ဝါး အထိမ်းအမှတ်နေ့(World Bamboo Day) အခမ်းအနားအား မြန်မာနိုင်ငံကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်းကြိမ် ဝါးနှင့်ပတ်သက်သည့် လုပ်ငန်းရှင်များ၊ ပညာရှင်များ၊ တက္ကသိုလ်မှ ပါမောက္ခများ၊ ဝါးနှင့်စပ်လျဉ်း၍ အားပေးနေကြသောနိုင်ငံတကာအဖွဲ့အစည်းများနှင့် Business innovative facility အဖွဲ့အစည်းတို့မှ စုပေါင်းပြုလုပ်ကြခြင်းဖြစ်ပြီး မြန်မာနိုင်ငံကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်းမှ ဦးဆောင်ကျင်းပခြင်းလည်းဖြစ်သည်။

မြန်မာနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့(World Bamboo Day)အခမ်းအနား၌ နံနက်ပိုင်းတွင် ဝါးနှင့်ပတ်သက်သည့် ပြည်တွင်းစာတမ်း နှစ်စောင်၊ နိုင်ငံတကာစာတမ်းသုံးစောင်အားဖတ်ကြားပေးသွားမည်ဖြစ်ပြီး ညနေပိုင်းတွင်ပညာရှင်များက ဝါးနှင့်စပ်လျဉ်းသည့် အသိပညာရပ်များအား ဆွေးနွေးပေးကြမည်ဖြစ်ကာ စာအုပ်စာတမ်းများအား ပြသရောင်းချခြင်း၊ လက်ကမ်းစာစောင်များအားဝေငှခြင်း၊ ဗီဒီယိုပုံစာတမ်းများ အားပြသခြင်းများ ပြုလုပ်သွားမည်ဖြစ်ပြီး ဝါး၏အသုံးဝင်ပုံများအားလာရောက်လေ့လာကြသူများအတွက် ပညာရှင်များမှ ဆွေးနွေးပြောကြားသွားကြမည်ဖြစ်သည်။

"ဒီလိုပညာရှင်များကဆွေးနွေးပေးတဲ့အတွက်ကြောင့်လာရောက်ကြတဲ့သူတွေအတွက် ပညာရှင်ရဲ့အမြင်များ၊ လုပ်ငန်းရှင်များရဲ့ အမြင်များ၊ ဌာနဆိုင်ရာအမြင်များ၊ အန်ဂျီအိုများနဲ့ CSO များရဲ့ အမြင်များကိုရရှိကြမှာဖြစ်ပြီး လုပ်သင့်တဲ့အဖြေတစ်ခုကိုသူတို့အနေနဲ့ရရှိကြမှာပါ၊ ရလဒ်ကိုလည်း ကျွန်တော်တို့က Report လုပ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနကို တင်ပြသွားပါမယ်"ဟု မြန်မာနိုင်ငံကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌဦးကျော်သူက ရှင်းပြသည်။

ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့(World Bamboo Day) အခမ်းအနားအား ကမ္ဘာ့ဝါးအဖွဲ့အစည်း(World Bamboo Organization)မှ နိုင်ငံတစ်နိုင်ငံစီအလှည့်ကျလုပ်ဆောင်ရန် ဆောင်ရွက်ပေးနေကြောင်း၊ ယခုနှစ်တွင်လည်း ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့(World Bamboo Day) အခမ်းအနားအား အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့၌ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၌ ကျင်းပသော ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့(World Bamboo Day) မှာလည်း မြန်မာနိုင်ငံကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်းမှ လုပ်ဆောင်သင့်ဟုယူဆ၍ ကျင်းပရခြင်းဖြစ်ကြောင်း၊ ထို့အပြင် ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့(World Bamboo Day)အခမ်းအနားအား မြန်မာနိုင်ငံ၌ နှစ်စဉ်ကျင်းပရန်စီစဉ်ထားကြောင်း မြန်မာနိုင်ငံကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်းမှ သိရသည်။

(စိုးဝင်း–MLA)

ဟင်္သာတ – ညောင်တုန်းမီးရထားလမ်းတွင်ပါဝင်သွားသည့် တောင်သူများ၏ မြေယာလျော်ကြေးပေးအပ်

ဧလွန် ဇွန် ၂၄

ဧရာဝတီတိုင်းဒေသကြီး ဧလွန်မြို့နယ် ဟင်္သာတ-ညောင်တုန်း မီးရထားလမ်းတွင် ပါဝင်သွားသည့် တောင်သူများ၏ မြေယာလျော်ကြေးပေးအပ်ပွဲအခမ်းအနားကို ဧလွန်မြို့မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီးဝင်းသာသနာ့ဗိမာန်တော်ကြီးအတွင်း၌ ဇွန် ၂၁ နံနက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်း၊ ဧရာဝတီတိုင်းဒေသကြီးအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးလှကျော်၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေး၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဂျိုမိုး မြတ်မြတ်သူ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမန်းဂျော်နီတို့က ရထားလမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသော တောင်သူများ၏ မြေယာလျော်ကြေးပေးအပ်နိုင်မှုအခြေနေများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကိုးခုမှ လုပ်ကိုင်လျက်ရှိသောတောင်သူများ၏ လယ်မြေ၊ ဥယျာဉ်ခြံမြေ၊ သီးနှံများ၊ မတ်ပဲ၊ ကွမ်းနှင့် ဝါပင်များပါမကျန် လျော်ကြေးပေးထားသည်များကို အသီးသီးရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ဧရာဝတီတိုင်းဝန်ကြီးချုပ် ဦးမန်းဂျော်နီက တောင်သူများအား မြေယာလျော်ကြေးများ ပေးအပ်ခဲ့သည်။

ယင်းအခမ်းအနားတွင် ရပ်ကွက်ကျေးရွာအုပ်စု ကိုးခုမှ တောင်သူ ၂၁၇ ဦး၏ လယ်မြေ ၂၂၀ ဒသမ ၉၀ ဧက၊ ဥယျာဉ်ခြံမြေ ၉ ဒသမ ၀၅ ဧကနှင့် သစ်အိမ်နှစ်လုံးတို့အတွက် လျော်ကြေးငွေ ကျပ်သိန်းပေါင်း ၇၂၇၀ ဒသမ ၄၈ အား တောင်သူများအားလုံး နေ့ချင်းပြီးပေးချေခဲ့ကြောင်း သိရသည်။

ငွေသန်း

❒

ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်နှင့် ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေး

ဘားအံ ဇွန် ၂၄

ကရင်ပြည်နယ် ဘားအံမြို့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၂၃ ရက် နံနက် ၉ နာရီက ကရင်ပြည်နယ်လွှတ်တော်ရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကျင်ဖေ၊ ဦးအောင်မြင်၊ ဒေါက်တာစိုးမိုးတို့က ဘတ်ဂျက်ရေးဆွဲခြင်းနှင့် ဘတ်ဂျတ်ဆန်းစစ်လေ့လာသုံးသပ်ခြင်း၊ ပြည်နယ်လွှတ်တော်ဥပဒေပြုခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းခြင်း၊ အုပ်ချုပ်ရေးအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဆက်စပ်ဆောင်ရွက်ခြင်း၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် လွှတ်တော်အဖွဲ့အစည်းများအကြောင်း ကောက်နုတ်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ဆွေးနွေးပွဲကို ဇွန် ၂၃ ရက်မှ ဇွန် ၂၅ ရက်ထိ သုံးရက်ကြာ ကျင်းပမည်ဖြစ်သည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးသွားသောလမ်းပိုင်းများအား ကွင်းဆင်းစစ်ဆေး

အောင်လံ ဇွန် ၂၄

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အောင်လံ-ကျောက်ပန်းတောင်း-သဿ္ဃာလလမ်းနှင့် ခရိုင်ချင်းဆက်လမ်း အမှတ်(၁)လမ်းပေါ်ရှိ ပျက်စီးသွားသော လမ်းတံတားအခြေအနေများအား ဇွန် ၂၂ ရက် နံနက် ၈ နာရီမှ စတင်၍ တိုင်းကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်ဆွေနှင့်အဖွဲ့က ကွင်းဆင်းကြည့်ရှုခဲ့ရာ အောင်လံမြို့နယ် ကျေးလက်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးကြည်က လမ်းများပျက်စီးမှုအခြေအနေတို့ကို လိုက်လံပြသ ရှင်းလင်းတင်ပြခဲ့သည် ။

ယင်းသို့ ကွင်းဆင်းစစ်ဆေးကြည့်ရှုရာတွင် ပြလို့-ပြလို့မြင့်-အင်းရွာကြီးလမ်းပေါ်ရှိ စီရွာအနီး မြေသားလမ်းပျက်စီးနေမှုကိုလည်းကောင်း၊ အောင်လံမြို့ အရှေ့ဘက်အထွက် ကတ္တရာလမ်း ရေတိုက်စားပျက်စီးနေမှုကိုလည်းကောင်း၊ အောင်လံ-ကျောက်ပန်းတောင်း-သဿ္ဃာလလမ်းပေါ်ရှိ ဘဲသွေးချောင်းတံတားနှင့် ရွာမထုံးကျေးရွာအနီး ရေတိုက်စားပျက်စီးနေမှုကိုလည်းကောင်း၊ ခရိုင်ချင်းဆက်လမ်းအမှတ်(၁) လမ်းပေါ်ရှိ တန်ဇောင်းချောင်းတံတားနှင့် တံခွန်တိုင်ကျေးရွာအနီး ကတ္တရာလမ်းရေတိုက်စားပျက်စီးမှုကိုလည်းကောင်း၊ ကြိုးကြာကုန်းကျေးရွာအနီး ကတ္တရာလမ်းပျက်စီးနေမှုကိုလည်းကောင်း စစ်ဆေးကြည့်ရှု၍ ပျက်စီးမှုအခြေအနေများကို မိုင်ဖာလုံဂရပ်ဖ်များ၊ တည်နေရာပြမြေပုံများဖြင့် စနစ်တကျ တွက်ချက်တင်ပြရန် မှာကြားခဲ့သည်။ **သိန်းလွင်(ပြန်/ဆက်)**

ကျွန်းလှမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီရွေးချယ်ဖွဲ့စည်း

ကျွန်းလှ ဇွန် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းကြီးကြပ်မှုကော်မတီ ရွေးချယ်ဖွဲ့စည်းခြင်းကို ဇွန် ၂၂ ရက်က ဆွဲလှဲကျေးရွာနှင့် ကန်ပေါက်ကျေးရွာတို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝင်း၊ ကန့်ဘလူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်တို့က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးကျော်လှိုင်ဝင်းက မြစိမ်းရောင်ကျေးရွာကော်မတီရွေးချယ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသူများက မေးမြန်းကြရာ တာဝန်ရှိသူတို့က ရှင်းလင်းပြီး ကော်မတီခုနစ်ဦးကို မဲစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ ရွေးချယ်ဖွဲ့စည်းခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ကျန်ရှိသည့် တင်ဝတ်ကြီး၊ ကုလားကုန်း၊ သရက်ပင်နှင့် ဆားတွင်းကျေးရွာတို့ကိုလည်း မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီ ရွေးချယ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းညီ(ကျွန်းလှ)

ကမ်းနီကျေးရွာတွင် နယ်လှည့်စာကြည့်တိုက်ဖြင့် အသိပညာပေးလုပ်ငန်းဆောင်ရွက်

ကျိုက်ထို ဇွန် ၂၄

ကျိုက်ထိုမြို့နယ် ကမ်းနီကျေးရွာမှ ကျေးလက်နေပြည်သူများ အသိပညာဖွံ့ဖြိုးပြီး စာဖတ်သည့်အလေ့အကျင့်ကောင်းများ ဖြစ်လာစေရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သန်းမော်နှင့် ဝန်ထမ်းများက နယ်လှည့်စာကြည့်တိုက်ဖြင့် အသိပညာပေးလုပ်ငန်းကို ဇွန် ၂၂ ရက် နံနက် ၁၀ နာရီတွင် ရွာဦးဓမ္မာရုံ၌ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နယ်လှည့်စာကြည့်တိုက်ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းမော်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် ကွမ်းစားခြင်း၏ဆိုးကျိုးအကြောင်းကို အသိပညာပေး ဟောပြောခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းမော်က ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်မောင်ဦးနှင့် ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံကာ ကျေးရွာစာကြည့်တိုက် ရှင်သန်ခိုင်မာရေးကိစ္စရပ်များကို ဆွေးနွေး၍ တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများအား လစဉ်ထုတ်စာပေရေချမ်းစင် စာစဉ်များကို ဝေငှပေးခဲ့သည်။

ယင်းနောက် မူးယစ်ဆေးဝါးအန္တရာယ်နှင့် ကွမ်းစားခြင်း၏ဆိုးကျိုးများကို ပြသထားသည့် နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြသည်။ **ဝင်းမောင်(ကျိုက်ထို)**

ကိုယ့်အားကိုယ်ကိုးမြေသားလမ်းထပ်မံတိုးချဲ့

အုတ်ဖို ဇွန် ၂၄

အုတ်ဖိုမြို့နယ် ကိုင်းကြီးကျေးရွာအုပ်စု ကြိုးကြာကွင်းကျေးရွာနှင့် သရက်နှစ်ဖျားလိန်ကျေးရွာဆက်သွယ်သောလမ်းအား ယခင်သုံးနှစ်ခန့်က ကိုယ့်အားကိုယ်ကိုးဖောက်လုပ်ခဲ့ရာ ကျဉ်းမြောင်းနေသဖြင့် ယခုအခါ ဒေသခံပြည်သူများနှင့် ရပ်ဝေးရပ်နီးမှ စေတနာရှင်များစုပေါင်းကာ မေ ၅ ရက်မှစတင်၍ တိုးချဲ့ဖောက်လုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းမှာ ယခင်က အကျယ် ၁၀ ပေသာရှိရာ ယာဉ်များသွားလာရှောင်တိမ်းရန်ခက်ခဲသဖြင့် ယခုအခါ ၁၈ ပေအထိ တိုးချဲ့နိုင်ခဲ့ပြီး လမ်းအရှည် တစ်မိုင်ကျော်ရှိကြောင်း သိရသည်။

ထပ်မံတိုးချဲ့မှုအတွက် အလျားငွေရရှိမှုမှာ ငွေကျပ် ၂၁၂၅၀၀ ဖြစ်ပြီး စုစုပေါင်း ကုန်ကျငွေကျပ် ၂၀၇၃၁၀၀ ကုန်ကျခဲ့ကြောင်း သိရသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ဂ၀လမ်းအဖြစ် ချထားပေးမည်ဆိုပါက အဆိုပါလမ်းအား အမီပြုသွားလာနေကြသည့် ကျေးရွာများမှ ဒေသခံများ၏ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း ကြိုးကြာကွင်းကျေးရွာမှ လမ်းကော်မတီဝင် ဦးကိုမင်းက ပြောသည်။

မြို့နယ်(ပြန်/ဆက်)

ကော့သောင်းရေကြောင်းရဲတပ်ဖွဲ့မှ အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

ကော့သောင်း ဇွန် ၂၄

ရေကြောင်းရဲတပ်ဖွဲ့ (ကော့သောင်း) မှ ရေကြောင်းသွားလာပြည်သူများနှင့် ရေယာဉ်ငယ်များ ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးအကျိုးပြုလုပ်ငန်းများ စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်လျက်နေကြောင်း သိရသည်။

မြန်မာ-ထိုင်း နယ်စပ်ဖြစ်သည့် ကော့သောင်းမြို့သည် ပင်လယ်ဝန်းရံလျက် ရေလုပ်ငန်းဖြင့်အသက်မွေးမြူသူများ၊ နေ့စဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံအပြန်အလှန် ကူးတို့လေ(ပဲ့ချိတ်) စက်တပ်လှေငယ်များဖြင့် နယ်စပ်ပင်လယ်ပြင်ဖြတ်ကျော် ကူးသန်းရောင်းဝယ်သွားလာနေကြသည့် မြို့နေပြည်သူများ အသက်အန္တရာယ်ကင်းရှင်းရေး ရေယာဉ်မောင်းနှင်သူများအပါအဝင် ခရီးသွားပြည်သူများ အသက်ကယ်အင်္ကျီ (Life Jacket) များဝတ်ဆင်ကြရေး ကူးတို့ဆိပ်များ၌ အဆိုပါနေ့က ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်းဖြစ်သည်။

ယင်းအပြင် မြန်မာ့ပင်လယ်ပြင်အတွင်း အသက်မွေးမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ဒေသခံပြည်သူများ ယခုနှစ်မိုးရာသီကာလတွင် ကျရောက်လာနိုင်သည့် သဘာဝဘေးနှင့် မမျှော်မှန်းနိုင်သည့် ဘေးအန္တရာယ်များကြောင့် ရေလုပ်သားပြည်သူများ၏ အသက်အန္တရာယ်နှင့် အသက်မွေးမှုလုပ်ငန်းသုံးပစ္စည်းများ ပျက်စီးဆုံးရှုံးမှုလျော့နည်းကျဆင်းရေးနှင့် ရေကြောင်းခရီးသွားပြည်သူများအား ပင်လယ်ပြင်အတွင်း ဘေးအန္တရာယ်ရင်ဆိုင်ကြုံတွေ့ရပါက အချိန်နှင့်တစ်ပြေးညီ ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးနိုင်ရေး ရေကြောင်းရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့စု (ကော့သောင်း) မှ တပ်ဖွဲ့စုရေယာဉ်များဖြင့် အက်ဒမန်ပင်လယ်ပြင်နယ်နိမိတ်အပိုင်းအခြားအလိုက် မြန်မာ့ပင်လယ်ပြင် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံပိုင်နက် ရေနယ်နိမိတ်နှင့် ပင်လယ်သယံဇာတ ကာကွယ်ရေး၊ ရေကြောင်းသွားလာ ဒေသပြည်သူများ၊ ရေလုပ်သားများ၏ ဘေးအန္တရာယ်ကင်းဝေးစေရေးအကျိုးအလို့ငှာ ကင်းလှည့်ဆောင်ရွက်နေကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း–ပြန်/ဆက်)

အခွန်အများဆုံးပေးဆောင်သူ အခွန်ထမ်းများအား ဂုဏ်ပြု

မုံရွာ ဇွန် ၂၄

ပြည်တွင်းအခွန်များဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ၂၀၁၄-၂၀၁၅ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးပေးဆောင်သူ အခွန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၂ ရက်မွန်းလွဲ ၂ နာရီက မုံရွာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးခန်းမတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး ဦးကျော်ဇေယျက အခွန်အများဆုံးပေးဆောင်သူ အခွန်ထမ်းများအား ဂုဏ်ပြုစုကားပြောကြားခဲ့ပြီး တိုင်းဒေသကြီးအခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်ညိုက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဝင်ငွေခွန်အများဆုံးနှင့် အဆင့် ၄၄၆ ဖြင့် ကုန်သွယ်လုပ်ငန်းခွန်အများဆုံး ထမ်းဆောင်ခဲ့သော (မြန်မာကုမ္ပဏီ) ကို သလ္လာမွန် ကုမ္ပဏီကလည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း တစ်နိုင်ငံလုံးတွင်အဆင့် ၈၃၂ ဖြင့် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့သော (မြန်မာကုမ္ပဏီ) ကိုသီဟထွန်းကုမ္ပဏီကလည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း တစ်နိုင်ငံလုံးအဆင့် ၉၉၆ ဖြင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်ခဲ့သော (မြန်မာကုမ္ပဏီ) ကို ဦးဝင်းမော်ကလည်းကောင်း အသီးသီးရရှိခဲ့ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

ကျောင်းကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးရက်သတ္တပတ် ပညာရေးနှင့်သစ်တောဦးစီးဌာန စုပေါင်းသစ်ပင်စိုက်ပျိုး

ဟသံတာ ဇွန် ၂၄

ကျောင်းကျန်းမာရေးနှင့်ဖွံ့ဖြိုးရေး ရက်သတ္တပတ် ပညာရေးနှင့်သစ်တောဦးစီးဌာန ပူးပေါင်းဖော်ဆောင်ရွက်သော သစ်ပင်စိုက်ပျိုးခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဟောပြောပွဲကို ဇွန် ၂၁ ရက်က ဟသံတမြို့နယ်ရှိ အိုးဖိုကုန်း အ. မ. က ကျောင်း၊ ဘုရားကုန်း အ. ထ. က(ခွဲ)ကျောင်းနှင့် ကင်မွန်းချောင်း အ. ထ. က(ခွဲ) ကျောင်းတို့တွင် ပြုလုပ်ခဲ့ပြီး မြို့နယ်သစ်တောဦးစီးဌာနမှူးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်းကို ဟောပြောခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတော်သို့ ဧရာဝတီတိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်နှင့် ဌာနဆိုင်ရာများတက်ရောက်ပြီး အဆိုပါကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးလှခိုင်နှင့် ဝန်ထမ်းများက ယူကလစ်၊ မဟော်ဂနီ၊ ကျွန်းပင် စုစုပေါင်းအပင် ၅၀၀ ကျော်အား တပျော်တပါး စိုက်ပျိုးခဲ့ကြသည်။ **ကျော်ကျော်(ဟသံတာ–ပြန်/ဆက်)**

STRATEGY FIRST INSTITUTE

တက္ကသိုလ်ဝင်တန်း / IGCSE အောင်မြင်သူများနှင့် တက္ကသိုလ်တက်နေသူများအတွက် UK ပထမနှစ်နှင့်ညီမျှသော

First Semester တွင် သင်ကြားမည့်ဘာသာရပ်များ

1. Business Mathematics - Monday: 9:00 am to 12:00 pm | Daw Thida Han - B. Econ (Hons), M. Econ (Stats) (YIE)
3. Essentials of Management - Wednesday: 9:00 am to 12:00 pm | Daw Kyawt Khin Khin Khant, Master of Business Administration (International Business Management, Payap University)
4. Communications for Business - Thursday: 9:00 am to 12:00 pm | Ms. Carine Le Port (M. Com, Queensland)
5. Introduction to Finance - Friday: 9:00 am to 12:00 pm | Daw Htay Htay Myint, B. Com (Hons), M.Com (YIE)
6. Principles of Marketing - Saturday: 9:00 am to 12:00 pm | U Aung Chit Khin, Principal/Founder, MBA (Nottingham), PG Dip M, Dip M (CIM, UK)

Second Semester တွင် သင်ကြားမည့်ဘာသာရပ်များ

7. Fundamentals of Economics | 7. eBusiness |
8. Understanding Business Organisations
9. Essentials of Management | 10. IT Skills

■ ဝင်ခွင့်သတ်မှတ်ချက်

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
တက္ကသိုလ်ဝင်တန်းတွင် အင်္ဂလိပ်စာ အမှတ် (၆၀) မပြည့်ပါက IELTS band (5.5) ကို ရရှိရန် ဖြေဆိုရပါမည်။

NCC education
Awarding Great British Qualifications

Level 4 Diploma in BUSINESS
equivalent to UK Universities' First Year

UKမှ စီးပွားရေးဘွဲ့ရယူရန် အချိန်ပြည့် ဒီပလိုမာများ

■ သင်တန်းကြေးနှင့် Scholarship များ

L4DB ဘာသာရပ်အားလုံးအတွက် တစ်နှစ်စာ Tuition Fees: 2,980,000 Ks | L4DB NCC Fees - 320 GBP
သင်တန်းကြေးများကို AYA Bank ၏ Credit Card ဖြင့်လည်း ပေးသွင်းနိုင်မည်ဖြစ်သည်။ AYA Bank ၏ Credit Card ဖြင့် ပေးသွင်းပါက ၁၀ ရာခိုင်နှုန်းကိုလည်း လျှော့ပေးသွားမည်ဖြစ်သည်။

ဂုဏ်ထူးအလိုက် ၇၅% အထိရနိုင်မည့် Scholarship အစီအစဉ်

ဂုဏ်ထူးရဘာသာရပ် အရေအတွက်အလိုက် Scholarship သတ်မှတ်ပြီး သင်တန်းကြေးများ လျှော့ပေးသွားပါမည်။
အင်္ဂလိပ်စာ အမှတ် ၆၀ အထက် - ၁၀% Scholarship
Eco ဂုဏ်ထူး - ၂၀% Scholarship (အင်္ဂလိပ်စာ ၆၀+ ၃၀%)
ဂုဏ်ထူး ၁ ဘာသာ - ၁၀% Scholarship (အင်္ဂလိပ်စာ ၆၀+ ၂၀%)
ဂုဏ်ထူး ၂ ဘာသာ - ၂၀% Scholarship (အင်္ဂလိပ်စာ ၆၀+ ၃၀%)
ဂုဏ်ထူး ၃ ဘာသာ - ၃၀% Scholarship (အင်္ဂလိပ်စာ ၆၀+ ၄၀%)
ဂုဏ်ထူး ၄ ဘာသာ - ၄၀% Scholarship (အင်္ဂလိပ်စာ ၆၀+ ၅၀%)
ဂုဏ်ထူး ၆ ဘာသာ - ၇၅% Scholarship
သင်တန်းကြေးပေါ်တွင် Scholarship ပေးခြင်းဖြစ်သောကြောင့် စာမေးပွဲကြေး ပေါင် ၃၂၀ အပြည့်ပေးသွင်းဖို့ လိုအပ်ပါမည်။

၂၀၁۶၊ ဇွန်လ (၂၇) ရက် အတန်းများဖွင့်မည်။ ကျောင်းအပ်လက်စံနေပါပြီ။

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp, Yangon
#289, Pyay Road (Near Myaynigone City Mart) San Chaung Township, Yangon, Myanmar

CALL NOW: 09250 717166 - 67 - 68

PT (Singapore)

Peace Treasure

နိုင်ငံခြားသားသီးသန့် အိမ်၊ မြေ၊ မြေ အကျိုးဆောင်

သံရုံးနှင့်ဆက်စပ်အဖွဲ့အစည်းများ၊NGOရုံးများနှင့်နိုင်ငံခြားသား
client၊expats များနေထိုင်ရန်သင့်တော်သော လုံးချင်းအိမ်၊ ကွန်ဒို၊ တိုက်ခန်းများ
PT Property Service Agency မှ ငှားရမ်းရန် အမြန်ဆုံးလိုအပ်လျက်ရှိပါသည်။

Call us: 01 8604335, 09 254044001, Hot Line: 09 961020999, 09 777717663

USA Education Seminar

အမေရိကန်နိုင်ငံ(USA)ရှိ ထိပ်တန်းတက္ကသိုလ်များတွင် အချိန်တိုအတွင်း ဘွဲ့ရရှိနိုင်မည့် အခွင့်လမ်းများအကြောင်း ဟောပြောဆွေးနွေးမည်ဖြစ်ပါ၍ တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ၊ အောင်မြင်ပြီးသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးနိုင်ပါသည်။

- ➤ ပညာသင်ဆုရရှိခွင့် (Scholarships)
- ➤ ပညာသင်ကြားရင်း အချိန်ပိုင်းအလုပ်လုပ်နိုင်ခွင့် (Part time Jobs)
- ➤ သင်ကြားလိုသည့် ဘာသာရပ်အလိုက် တက္ကသိုလ်ရွေးချယ်နိုင်ခြင်း (Any University)
- ➤ (၁၀)တန်းအောင်မြင်ပြီးနောက်(၄)နှစ်အတွင်း တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်မည့် အခွင့်အရေး (Degree in 4 years)

In Science, Engineering, IT, Business, Finance, Marketing & More

Washington ရှိ တက္ကသိုလ်မှ ဥက္ကဋ္ဌ နှင့် တိုက်ရိုက်တွေ့ဆုံမေးမြန်းနိုင်သည့် အခွင့်အရေး

Yangon
Date/Time : 2.7.2016, 2:00pm
Place : Novotel Yangon Max, 459 Pyay Road, Yangon.

Mandalay
Date/Time : 3.7.2016, 3:00pm
Place : Sedona Hotel, Mandalay.

Call: 09-450 634 402 – 3 – 4 Sponsored City College Yangon

Academic International

Diamond Condo, Tower (A), Hledan, Pyay Road, Yangon.

Diana Sampson
(Shoreline College)
(Int'l Director)

City College Yangon

သင်၏တက္ကသိုလ်ဝင်တန်းစာမေးပွဲ
အောင်မြင်မှုကို ဝမ်းမြောက်ဂုဏ်ယူပါသည်။

HND (UK) Diploma in Engineering

- Civil Engineering
- Mechanical Engineering
- Electrical and Electronic Engineering

(Foundation)

- USA/ Singapore/ YTU/ YU မှ အတွေ့အကြုံရှိ ပါရဂူဆရာ/ ဆရာမများဖြင့် သင်ကြားပေးခြင်း။
- ခေတ်မီကောင်းမွန်သောစာသင်ခန်းနှင့် ပြည့်စုံသောသင်ထောက်ကူပစ္စည်းများထားရှိပေးခြင်း။
- IELTS /4 skills သင်ကြားပေးခြင်း။ ■ အချက်အချာကျသော နေရာတွင် တည်ရှိခြင်း။
- HND Diploma အောင်မြင်ပြီးပါက B.E ဘွဲ့ ရရှိရန် ၁နှစ်သာလိုတော့မည် (Singapore/ US/ UK/ Aust/ Japan)

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများအတွက် Scholarship အခွင့်အရေး

၁ဘာသာဂုဏ်ထူး(၁၀%)၊ ၂ဘာသာဂုဏ်ထူး(၂၀%)၊ ၃ဘာသာဂုဏ်ထူး(၃၀%)၊
၄ဘာသာဂုဏ်ထူး(၄၀%)၊ ၅ဘာသာဂုဏ်ထူး(၅၀%)၊ ၆ဘာသာဂုဏ်ထူး(၈၀%)
Limited Scholarships, Join Early.

တက္ကသိုလ်ဝင်တန်းမအောင်မြင်ခဲ့သည်ရှိသော်လည်း သင့်တွင်ဒုတိယအခွင့်အရေး(IGCSE)ဆိုတာရှိနေပါတယ်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သင်လိုချင်သောမေဂျာ(Major)ကို တက်ရောက်ရန်အတွက် အမှတ်မပြည့်မီခဲ့သည်ရှိသော် သင်စိတ်အားမငယ်ပါနင့်၊ သင့်တွင်ဒုတိယအခွင့်အရေး(HND)အဖြစ်ရှိနေပါတယ်။ သင်လိုချင်သောအသက်မွေးဝမ်းကျောင်း ဆိုင်ရာ အင်ဂျင်နီယာဘွဲ့ရရှိရန်အတွက် ကျွန်ုပ်တို့ကို ဆက်သွယ်လိုက်ပါ။

July intake, Admission Open Now!

တက္ကသိုလ်ဝင်တန်း ➡ Foundation (5months) ➡ HND (2years) ➡ BE (1year)
GTU/ YTU/ IGCSE ➡ HND (2years) ➡ BE (1year)

Call: 09 450 634 402, 3, 4
facebook.com/ citycollegeyangon
Diamond Condo, Tower(A), Hledan, Pyay Road, Yangon.
www.citycollegeyangon.com

အာရှနဂါး

Asia Dragon ကျိုက်ထီးရိုး
ရောင်းသော/ငွေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

GOLDEN STAR

ကျိုက်ထီးရိုး(ပေါ့)
ရောင်းသော (ပေါ့)
ငွေဆောင် (ပေါ့)
Ph: 209200, 544383, 430480

မြိတ်သုခ

ခရီးစဉ် အပျိုးပျိုးနှင့်
လချုပ်/နှစ်ချုပ် ကားပျိုးစုံ
ငှားရန်ရှိပါသည်။
ယာဉ်ဝိုင်ရှင်များဆက်သွယ်ပါ။
09-5144756

ပုလဲရတုမဂ်လာဆုတောင်း

ဖေဖေ ဒုတိယပိုလ်မျှားကြီးစောလွင်(ငြိမ်း)နှင့် မေမေ ဒေါ်စိုးစိုးမင်းတို့၏ ၂၅-၆-၂၀၁၆ ရက်တွင် ကျရောက်သော နှစ်(၃၀)ပြည့် ပုလဲရတုမဂ်လာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သားသမီးများ၊ ချစ်မြေးလေးနှင့်အတူ ကျန်းမာချမ်းသာခြင်းများစွာဖြင့် ဘဝခရီးကို ပျော်ရွှင်စွာ ဆက်လက်လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သမီးကြီး - ပိုလ်ကြီးကျော်ကိုလတ်-
မဥမ္မာစောလွင်(ပုံပုံ)
ချစ်သမီးလတ် - မနီလာစောလွင်(တုံတုံ)
ချစ်သမီးငယ် - မအေမီစောလွင်(စုံစုံ)
ချစ်မြေးလေး - ဝေဖူးသဒ္ဓါကို(ဒ္ဒုဒ္ဒု)

သတိုးအောင်ရေယျ COMPUTER SALE & SERVICE

Giant SALE
မိုးရာသီ ထူးရှယ် Discount

C8240	CF-N8	6910P	K-31
Core2Duo-2.2GHz	Core2Duo 2.53GHz	Core2Duo 2.2GHz	Core2Duo 2.9GHz
RAM-1GB, HDD-80GB	RAM-2GB, HDD-250GB	RAM-2GB, HDD-80GB	RAM-2GB, HDD-160GB
Intel HD Graphic	Intel HD Graphic	Intel HD Graphic	Intel HD Graphic
DVD-ROM, WiFi	WiFi, Battery 2 Hours	DVD-Combo, WiFi	DVD-Combo, WiFi
95,000Ks	115,000Ks	139,000Ks	155,000Ks

2540P	P770/B	RX-31	P243 (95%NEW)
Intel Core i5-2.2GHz	Intel Core i5-1.33GHz	Intel Core i5-2.5GHz	Intel Core i5-2.4GHz
RAM-2GB, HDD-160GB	RAM-2GB, HDD-250GB	RAM-4GB, HDD-160GB	RAM-4GB, HDD-500GB
Intel HD Graphic	Intel HD Graphic	Intel HD Graphic	Intel HD Graphic
DVD-R/W(Ext), WiFi	WiFi	DVD-R/W(Ext), WiFi	DVD-R/W, WiFi
215,000Ks	179,000Ks	270,000Ks	325,000Ks

DesktopTower Casing	DesktopMini Casing	Casing (3rd Gen)
Core2Duo-2.8 GHz	Intel Core i5-2.5 GHz	Intel Core i5-2.8 GHz
RAM-2GB, HDD-250GB	RAM-2GB, HDD-250GB	RAM-4GB, HDD-500GB
Intel HD Graphic	Intel HD Graphic	Nvidia Graphic-1GB
DVD-Combo, +LCD19"	DVD-R/W,	DVD-R/W, +LCD-19"
125,000Ks	185,000Ks	319,000Ks

All item 1-Year WARRANTY

ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHINICAL CAR PARKING





TPW
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

Asia Language & Business Academy
edexcel Approved Centre-95872

Secondary Year-7 to Year-10 & 11 (Edexcel International GCSEs)

3-A, Shin Saw Pu Road, Sanchaung Township, Yangon.
Tel +95-9-73154742,
+95-1-376236, 376314, 384055, 256021
www.albaedu.com, albasecondaryedu2015@gmail.com

Apply Now!
New Academic Year - July 11

VICTORY
ENGLISH LEARNING CENTER
ကို ပွင့်လှစ်ပေးလိုက်ပါပြီ...။

Basic 4 Skills Level -1

No	Start Date	Day	Time	Duration	Fees
1.	2 . 7 . 2016	Sat & Sun	4 : 00 ~ 6 : 00 PM	3 months	45000/-ks

Pre-intermediate Level -2

1.	2 . 7 . 2016	Sat & Sun	6 : 00 ~ 8 : 00 PM	3 months	45000/-ks

Special Grammar (Grade - 6 , 7 & 8)

No	Start Date	Day	Time	Duration	Fees
1.	4 . 7 . 2016	Mon,Tue & Wed	8 : 30 ~ 10 : 00 AM	2 months	40000/-ks

Special Grammar (Grade - 9)

1.	4 . 7 . 2016	Mon,Tue & Wed	1 : 30 ~ 3 : 30 PM	2 months	40000/-ks

POLAR FROST® Pain Relieving Cold Gel

Polar Frost Pain Relieving Gel သည် ကျီးပေါင်းဖြစ်ခြင်း၊ အကြောတက်ခြင်း၊ ခွေးနာခြင်း၊ ခါးနာခြင်း၊ အရိုး၊ အကြော နှင့် ပတ်သက်သော ရောဂါများ။ အသစ်အဖြစ်ရောင်ခြင်း၊ အားကစားသမားများ ထိခိုက်ဒဏ်ရာ ရခြင်းတို့ကို သက်သာပျောက်ကင်းစေပါသည်။

5g နှင့် 500ml pump
ဈေးများတို့ ဖုန်း - ၀၉-၅၁၀၀၃၄
တွင် ရောင်းချပေးပါသည်။

MM Reg No. 1809AA6180
MADE IN FINLAND

• City Mart ဆိုင်ခွဲများ ၊ ဗိန်ဝေဟာဆိုင်ခွဲများ ၊ CAPITAL hypermarket ၊ Gandamar Wholesale ၊ RUBY MART ၊ ဦးမြသန်းထေးဆိုင်(ရွှေမင်းလာရေး) ၀၉-၅၁၀၀၃၄

DO DO KO KO
Computer & Electronics Sales Centre

ခေတ်စသည်ကာ

ကျောင်းသား၊ ကျောင်းသူများအတွက် Laptop တစ်လုံးကို ၉၉၀၀၀ ကျပ်ဖြင့် ရောင်းချပေးနေပါသည်။

13" (12V) - 35,000-Ks
20" LCD - 50,000-Ks
32" LCD - 120,000-Ks

2 Door (small) 60000/-
2 Door (medium) 70000/-
3/4 Door 180000/-

CF -W5
* Core 2 Duo 1.1 GHz
* 1GB
* HDD 80GB
* 256MB VGA
* DVD Rom, Wifi

ရန်ကုန် (ကျောက်တံတား) အမှတ်(၂၄၄)၊ ဆိပ်ကမ်းသာလမ်း(အလယ်)။ ဖုန်း- ၃၈၈၆၅၅၊ ၃၈၉၀၆၆၊ ၀၉၅၁၃၄၉၃၂
ရန်ကုန် (ကျောက်တံတား) အမှတ်(၂၁၂)၊ ဆိပ်ကမ်းသာလမ်း(အလယ်)။ ဖုန်း- ၂၄၉၃၃၃ ၊ ၀၉၅၁၃၄၉၃၂
(တောင်ဥက္ကလာ) အမှတ်(၉၆၀)၊ သံသုမာလမ်း (စီမံကိန်းကားမှတ်တိုင်အနီး)) ဖုန်း- ၀၉-၂၄၃၃၃၃၃၃ ၊ ၀၉-၅၃၁၀၉၉
(တောင်ဥက္ကလာ) အမှတ်(၁၄၄)၊ ပါရမီလမ်း။ ၄ရပ်ကွက် (ကေတုမာလာကျေ) ဖုန်း- ၀၉-၃၃၈၈၉၆၆၆၊ ၀၉-၉၆၀၂၄၉၉၆
မန္တလေး အမှတ်(၂၁၀)၊ (၃၁)လမ်း၊ ၈ရပ်ဆင့်လမ်းကြား၊ ချမ်းအေးသာဓမ္မိုဒယ်။ ဖုန်း- ၀၂-၃၁၈၆၆

ကန့် ကွက် နှိုင် ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်း၊ စံပယ်မြို့အဝိဝ်ရာ၊ တိုက်အမှတ် (A) (6 - လွှာ/D)ဟုခေါ်တွင်သော(1500sqft)အကျယ်အဝန်းရှိကွန်ဒိုတိုက်ခန်းအပါအဝင်ယင်းတိုက်ခန်းနှင့်ဆက်စပ်တွယ်ကပ်လျက်ရှိသည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို High Top Construction Group Co.,Ltd ထံမှ ကြိုတင်စနစ်ဖြင့်ဝယ်ယူထားသူ ဒေါ်စန္ဒာမင်း(၁၃/ကလန(နိုင်)၀၁၃၂၁၁၀)မှ တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသည့်အတွက် ဒေါ်စန္ဒာမင်းထံမှကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ပိုင်လုံသောအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်းလူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတိမှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးပြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

တရားလွှတ်တော်ရှေ့နေများ — လွှဲအပ်ညွှန်ကြားချက်အရ -

ဦးသန်းညွှန့်(စဉ်-၃၅၅၅) LL.B,C.P.T,C.J.T
ဦးအောင်နိုင်ဦး(စဉ်-၄၂၇၂) LL.B
ဦးမျိုးညွှန့်(စဉ်-၅၁၄၂) LL.B,D.B.L
ဒေါက်တာဆွေဇင်ဝေ(စဉ်-၉၃၀၁) LL.B,I.L.M,M.Res.Ph.D
ဒေါ်လှိုင်ယဉ်မွန် (စဉ်-၄၀၈၄) LL.B
ဒေါ်အေးသူစာ (စဉ်-၃၀၂၆) LL.B,D.B.L,D.I.L
ဒေါ်ထွေးစုလှိုင် (စဉ်-၃၄၅၁) LL.B,D.B.L,D.I.L

" နှိုင်း ခွန် နောင် " ကုမ္ပဏီ(အိမ်၊ ခြံ၊ မြေ)နှင့် ဥပဒေအကြံပေးလုပ်ငန်း
ရုံးချုပ် - အမှတ်(၁)၊ ပင်ရှေ့ညောင်လမ်း၊ (H.BC ကျောင်းအနီး)၊ တာမွေ့ပြိုနယ်၊ ရန်ကုန်။
ဖုန်း - ၀၁ - ၆၆၁၁၉၃၊ ၆၄၁၁၄၀၊ ၀၉ ၂၅၄ ၂၉၃ ၂၉၃ ၉၉၈

ဆီးဝမ်းမုန်၍ အကြောပြေအဆီကျ
ခန္ဓာကိုယ်ကျစ်လျစ်လှပစေတဲ့ ...
ဆရာမ ဒေါ်အေးကြင်
တောရှောက်သီး အဆိတ်ကျဆေး

အဝလွန်သူများ၊ အဆိတ်ဝိုက်ချပ်လိုသူများ၊ သွေးအတွင်းရှိအဆီပိုများ ဖယ်ရှားလိုသူများ ဤဆေးကို နေ့စဉ်မှန်မှန်သုံးပါက ခန္ဓာကိုယ်သွယ်လျ အဆိတ်ကျ၍ ကျစ်လျစ်လှပ အရေးအစားကျပြီး သွေးသားသန့်စင် အရွယ်တင်လျက်အသားအရေ ဖိုပြည်စေ၍ အကြောဟက်ညောင်းညာကင်းဝေး ဝမ်းမှန်ကျန်းမာစေတဲ့ဆေး...

ဖုန်း- ၀၉-၅၁၀၀၃၄ (ဆေးရုံ - အမှတ်(၆၆၆)၊ သုဝဏ္ဏလမ်းမကြီး(၀)ရပ်ကွက်၊ ပန်ကြက်ဥယျာဉ်လာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ မိုင်ခဲ့ကြေး၊ ၀၉၇၃ ၂၁၁၀၆၁)

ဖခင် အမည်မှန် — ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အထက(၂)မရမ်းကုန်း၊ နဝမတန်း(C)တွင် ပညာသင်ကြားနေသော မောင်ရွှေမိုးအောင်ခှဲ့ "တော်ဝင်နဝရတ်"ကိုယ်ပိုင်အထက်တန်းကျောင်း ဆဋ္ဌမတန်းတွင် ပညာသင်ကြားနေသော မောင်ဝေယံမိုးအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးမျိုးသိရိ(၁၂/မရက(နိုင်)၀၅၉၆၀၃)ဖြစ်ပါသည်။

KO YE`
အိမ်၊ခြံ၊မြေ အကျိုးဆောင်
ဒဂုံရှေပိုင်း၊ တောင်ပိုင်း၊
မြောက်ပိုင်း၊ ဆိပ်ကမ်း၊
ပြိုနယ်များရှိမြေကွက်များ
ဝယ်လိုပါသည်။
09 73111472
09 421120927

ပုံရှာမောင်
အိမ်ပြောင်း/အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
လျှပ်စီးဓာတ်အိမ်နန်းဆုခန်းအပြင်ဆွဲ
ခြင်းများအတွက် DYNA 15', 16'
ကားများနှင့် အရွှင်သားတစ်ဦးစီ ပေးသည်။
09 5024774
09 73179228
09 49155515
09 49225338

ငါးကန်
အထူးဝန်ဆောင်မှု
ရောင်းလိုသူ၊ ဝယ်လိုသူ၊
ငှားလိုသူများ ဆက်သွယ်ပါ။
ဖုန်း 09 7878 333 44
09 7878 333 55

လုံးချင်းအိမ်ငှားမည်

မြယမုံ (sony)အိမ်ရာ၊ ၂ထပ်ခွဲ RC တိုက် Master bedroom-၅ ခန်း၊ Air con (၁၀)လုံး၊ ရေပူ/အေးစနစ်၊ ပရိဘောဂအပါအဝင်၊ အဆင့်မြင့်ပြင်ဆင်ပြီး။

ဖုန်း-၀၉-၅၀၅၀၇၃၃

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဒေါ်ကျင်ဥ(၁၂/လမတ(နိုင်)၀၂၂၇၆၂)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ ခင်ပွန်းဦးစိန်ဌေး(၁၂/လမတ(နိုင်)၀၂၇၀၆၀)သည် (၁-၁၀-၂၀၁၅)ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီး ဇနီးဖြစ်သူ ဒေါ်ကျင်ဥ တစ်ဦးတည်းကသာ ကျန်ရစ်ခဲ့သည့် ရွှေပြောင်းနိုင်သောပစ္စည်း၊ မရွှေပြောင်းနိုင်သောပစ္စည်းများကို အမွေဆက်ခံပိုင်ဆိုင်ပါသည်။ ဦးစိန်ဌေးနှင့် ဒေါ်ကျင်ဥတို့တွင် သားသမီး(၆)ယောက်ထွန်းကားခဲ့ပါသည်။ သားသမီး(၆)ယောက်မှ ကျွန်ုပ်မိတ်ဆွေအမွေဆက်ခံပိုင်ဆိုင်သည့်ပစ္စည်းများကိုအများဆန္ဒမပါဘဲတစ်ဦးတစ်ယောက်မှရောင်းချခြင်း ငှားရမ်းခြင်း တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းများမပြုလုပ်ရန်နှင့် ပြုလုပ်သူ၏တာဝန်သာဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးသန်းညွှန့်(၅၅၂၇) တရားလွှတ်တော်ရှေ့နေ
ဖုံးပွင့်ဝေ
ဦးနိုင်ထွင့်လင်း(၃၅၅၄) အထက်တန်းရှေ့နေ

စာချုပ်စာတမ်းရန်ဆောင်မှုနှင့်ဝိုးမှားရေးအိမ်ထောင်ရေးဆိုင်ရာဥပဒေအကြံပေး
(၉၉ဒဂုထပ်(ယာ)ဘုရလမ်း(အောက်)၊ ကျောက်တံတားရန်ကုန်။ ဖုန်း-၀၉-၃၁၁၁၆၄၄

ကန့် ကွက် နှိုင် ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်း၊ စံပယ်မြို့ဆိပ်ရာ၊ တိုက်အမှတ် (A) (6 - လွှာ/D)ဟုခေါ်တွင်သော(1500sqft)အကျယ်အဝန်းရှိကွန်ဒိုတိုက်ခန်းအပါအဝင်ယင်းတိုက်ခန်းနှင့်ဆက်စပ်တွယ်ကပ်လျက်ရှိသည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို High Top Construction Group Co.,Ltd ထံမှ ကြိုတင်စနစ်ဖြင့်ဝယ်ယူထားသူ ဒေါ်စန္ဒာမင်း(၁၃/ကလန(နိုင်)၀၁၃၂၁၁၀)မှ တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသည့်အတွက် ဒေါ်စန္ဒာမင်းထံမှကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ပိုင်လုံသောအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်းလူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတိမှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးပြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

တရားလွှတ်တော်ရှေ့နေများ — လွှဲအပ်ညွှန်ကြားချက်အရ -

ဦးသန်းညွှန့်(စဉ်-၃၅၅၅) LL.B,C.P.T,C.J.T
ဦးအောင်နိုင်ဦး(စဉ်-၄၂၇၂) LL.B
ဦးမျိုးညွှန့်(စဉ်-၅၁၄၂) LL.B,D.B.L
ဒေါက်တာဆွေဇင်ဝေ(စဉ်-၉၃၀၁) LL.B,I.L.M,M.Res.Ph.D

အထက်တန်းရှေ့နေများ

ဒေါ်လှိုင်ယဉ်မွန် (စဉ်-၄၀၈၄) LL.B
ဒေါ်အေးသူစာ (စဉ်-၃၀၂၆) LL.B,D.B.L,D.I.L
ဒေါ်ထွေးစုလှိုင် (စဉ်-၃၄၅၁) LL.B,D.B.L,D.I.L

" နှိုင်း ခွန် နောင် " ကုမ္ပဏီ(အိမ်၊ ခြံ၊ မြေ)နှင့် ဥပဒေအကြံပေးလုပ်ငန်း
ရုံးချုပ် - အမှတ်(၁)၊ ပင်ရှေ့ညောင်လမ်း၊ (H.BC ကျောင်းအနီး)၊ တာမွေ့ပြိုနယ်၊ ရန်ကုန်။
ဖုန်း - ၀၁ - ၆၆၁၁၉၃၊ ၆၄၁၁၄၀၊ ၀၉ ၂၅၄ ၂၉၃ ၂၉၃ ၉၉၈

တံဆိပ်အမည်အမှတ်အသားသတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁) ရပ်ကွက်၊ မြင်သာ (၅) လမ်း၊ အမှတ် (၁၂၉/၂) တွင် တည်ထောင်မှုင့်လှစ်ထားသော ATM TEXTILE COMPANY LIMITED သည် အောက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားကို ကုမ္ပဏီမူပိုင်အဖြစ်သုံးစွဲရန် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၇၇၇၀/၂၀၁၆) ဖြင့် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

2 Angel

အထက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားများဖြင့် အမျိုးသမီးဝတ် အထည်အမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ တရားဝင်ချုပ်လုပ်မြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားများတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ ATM TEXTILE COMPANY LIMITED ၏ ခွင့်ပြုချက်မရှိဘဲ အခြားမည်သူ တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ တုပခြင်း၊ ပုံတူပုံမှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ သံတူကြောင်းကွဲပြုလုပ်ခြင်း၊ တံဆိပ်အမှတ်အသားအား ပြုပြင်ပြီး အခြားအမည်များတပ်၍ ဖြန့်ဖြူးခြင်းတို့ကို လုံးဝမပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ တုပပြုလုပ်ဖြန့်ဖြူးရောင်းချခဲ့ပါက ATM TEXTILE COMPANY LIMITED၏ လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာမှုအရပ်ရပ်တို့အပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ATM TEXTILE COMPANY LIMITED ၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ဝင်းမာတင့် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၂၂၄)
အမှတ် (၇၇)။ ဓမ္မာရုံလမ်း၊ မြေနီကုန်း/မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ ၂၅၄၀၄၅၂၃၅ ၊ ၀၉၉၆၀၁၁၂၈၀၀

ဦးဇော်ရိန်း (ကန့်တပ်)
ဂဏန်း၊ ရူပ
အမျိုးအစား ပုံစံတူသော
ပဏ္ဍာများကို မျိုး ၀၇ ၀ မျိုးအဖြစ်
အုပ်စုခွဲခြား၍ ပဏ္ဍာအမျိုးအစား
ခေါင်းစဉ်ခွဲများဖြင့် စီစဉ်ပေးထားသည်။
Physics & Answers

ဒေါက်တာ ဇော်ဘွား
ပညာချွန်
ဂဏန်းတိုက်
အမှတ် (၂၂၀)၊ မြေညီ၊ (၃၉) လမ်းအထက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
Ph: 01 253 143, 09 730 29336

MATHEMATICS
OLD QUESTIONS & ANSWERS
EXCELLENT CHOICE
2007 TO 2016
ဆရာ ဦးစိုးမြင့် B.Sc(Maths)
အခန်း၊ တစ်ခုချင်းစီ အားလိုက်
မတွေ့ကြုံဖြေးသည့် မေးခွန်းများကို
ထားရှိတွေ့ကိုမြေးထားပေါ်သည်။
Old Questions & Answers

ဂဏန်း၊ ရူပ
ဝင်တန်း၊ တက္ကသိုလ်ဝင်တန်း မေးခွန်းဟောင်းများ နှင့် စံပြအဖြေများ ၂၀၀၂ ခုနှစ် မှ ၂၀၁၆ ခုနှစ်ထိ

MMC Myanmar Metropolitan College
Where learning comes alive
September
တန်းခွဲသစ်များအတွက်
လက်ခံနေပါပြီ
July
တန်းခွဲသစ်များအတွက်
လက်ခံနေပါပြီ
Dual (Swiss/U.S.)MBA
MBA
Full scholarship available
Planning a
New Business Venture
Diploma in Business Concepts
athe AWARDS FOR TRAINING AND HIGHER EDUCATION
Diploma in Strategic Management
Diploma in Administrative Management
UBIS
POTOMAC
IELTS English for International Opportunity
"Problem-based, Project-based,
Game-based Teaching"
Hotline : 09 26333 4223/4/5/6 , 09 4500 63108/9
MMC City Campus : 47/48 Bahosi Building,Lammadaw Tsp, Yangon
www.yourmmc.com info@yourmmc.com

ကိုကိုကြီးပြို့အင်
မြေကွက်ရောင်းမည်
ပြည်လမ်းမကြီးအနီး ဈိုက်ပျိုးပြီး
နေရိပ်မောက်(၁၅၀)ပင်ပါ ဥယျာဉ်ပြည်မြေ
(၂.၆)ဂေ ပုံစံ(၇) ဈေး(၃၅၀)သိန်း
၀၉-၉၃၄၉၈၈၅၂ ၀၉-၉၃၄၉၄၄၅၀

ENGLISH
Conversation Practice
ကောင်းပြောရုံပဲဆိုရင် Sayar.Yang
(တရုတ်)စာမတတ်လည်းမပြောလိုရတယ်။
ပြောလိုပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
ဆောင်းပြောသင်ကြားပေးသည်။
Great Wall
ဇကေးရပ်ကွက်
TAMWE - 540714, 09 5183636
09 49 285182

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
တောင်ဥယျာဉ်လာပဲပြို့နယ်၊ မြေတိုင်းရပ်ကွက်
အမှတ်-၇၃ မြေကွက်အမှတ်-၄၂၅/ခ မြေကွက်
ကျယ်နေမှု၊ အမှတ်-၄၂၅/ခသုတမ်းပေါ်မှ ဂ
ရပ်ကွက်ကောင်ဥယျာလမ်းမပြို့နယ်ညီးကော့ကျွန်စံ
-၁၃/ကခန(နိုင်)၀၇၃၉၁၀၊ ဒေါ်နီနီဝေါ်မှန်
၁/ထနန(နိုင်)၀၁၃၇၅၆)အမည်ပေါက်နစ်(၆)
ဝန်ခံမြေအား အမည်ပေါက်တစ်ပြိုမြစ်သူ့ခင်ပွန်း
ညီးကော့ကျွန်စိန်ကမ်ကလန်သမြင့်တစ်ညီးထည်းသော
ဝန်ခံပြုခဲ့သူ ဒေါ်ခမ်စိန်(၁၃/လရန(နိုင်)၀၆၇၂)
မှ ကျန်အမည်ပေါက်တစ်ညီးမြစ်သူ ဒေါ်နီနီကော်မှ
(၁/တနန(နိုင်)၀၁၃၇၅၆)နှင့်ပူးတွဲပြီးသေတစ်ရပ်
ရောင်းကန်ကန်လွှာတို့တင်ပြုခဲ့ပါပြီ။ ယင်းကြောင်းစာချုပ်
ရှင့်ဖွဲ့လွှတ်စာချုပ် ချုပ်ဆိုမှု မြေပုံကူးလွှောက်
ထားလျာရာဘဏ္ဍသင်ခ်ာ်ပါ်ပါ်ပေးသောအထောက်အထား
ကူးမြေပုံဘိုးကြောင်ပါသည်ရေးမှု(၇)မှတ်အတွင်း
ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက
သုပ်ငန်းလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ရေး
ဖြည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။
ပြိုပြစ်မိပါကိန်းနှင့် မြေစိပ်ခန့်ခြံမှုဌာန
ရန်ကုန်ပြို့တော်ရည်ပင်သာယာရေးကော်မတီ

ပညာအရည်အချင်းနှင့်လုပ်ငန်းကျွမ်းကျင်မှုရှိပြီးမလို
လစာ(၁၅)သိန်း ဝန်းကျင်ခန့်ဖြင့်
ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်လိုသူများအတွက်
အခိုးရတရားဝင်ကိုရီယားအလုပ်အကိုင်
E . P . S (TOPIK)
အလုပ်သမားဘာမေးခွဲတော်ခြင်ရဲ့ဖြင့် အလုပ်လျှောက်ထားနိုင်ပါပြီ။
၂၀၁၈ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း Skill Tesk အပါအဝင်
ထူးချွန်ကျောင်းသား၊ ထောင်ကျော်မှေးထုတ်ပေးခဲ့သော သင်တန်းကျောင်း
"တစ်ကြိမ်တည်းနှင့် အောင်ဖို့လိုပါသည်"
ကိုထွေး— ကိုရီယားဘာသာ သင်တန်းကျောင်း
အမှတ်(၂၃၅)ဒုတယ်၊ (၃၇)လမ်း (အထက်)ကျောက်တံတား။
PH : 01 38 97 40, 09 4500 20 337, 09 777 433 668

Since 1986 KMD Institute
UNIVERSITY of GREENWICH
SQA
NCC education
ISO
IAS-ANZ

တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူများ အတွက် UK နိုင်ငံ၏ ကွန်ပျူတာသိပ္ပံဘွဲ့ နှင့် ဒီပလိုမာများကို
အစိုးရတက္ကသိုလ်များနှင့် တစ်ပြိုင်နက်တည်း တက်ရောက်ကာ ပညာတော်သင်ဆုများ ရရှိနိုင်မည့် အထူးအခွင့်အရေး

L4DC
Level 4 Diploma in Computing
• ၂၀၁၅-၂၀၁၆ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ထူးချွန်စွာအောင်မြင်သူများ အတွက် ပညာတော်သင်ဆု အများဆုံး ၁၀၀% မှ အနည်းဆုံး ၂၀% ထိ ရရှိနိုင်မည်ဖြစ်ပါသည်။

HND
Higher National Diploma
• ၂၀၁၅-၂၀၁၆ တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်သော ကျောင်းသားတိုင်း အတွက် ပညာတော်သင်ဆု ၃၀% ခံစားရရှိနိုင်မည်ဖြစ်ပါသည်။

KMD Institute တွင် CB ဘဏ်မှ MPU Credit Card ဖြင့် သင်တန်းကြေး အရစ်ကျ ပေးသွင်းနိုင် ရန်စီစဉ်ပေးထားပါသည်။

L4DC	HND
4 July 2016 (Mon-Fri) 7:00AM-11:00 AM	26 June 2016 (Sat - Sun) 10:00 AM - 2:00 PM
12 July 2016 (Mon- Fri) 11:00 AM - 2:30 PM	

Level-4 Computing Diploma (NCC) → Level-5 Computing Diploma (NCC)
HND Foundation (SQA) → HND Diploma (Software Development) (SQA)
→ B.Sc(Hons)BIT (Final Year)

Hotline 09770867903
KMD (Myaynigone) :
331, Pyay Road, Myaynigone, Sanchaung Township, Yangon.
01- 381776, 381035, 502233, 527436, 220555, 700895
နယ်မှ လာရောက်မည့် ကျောင်းသား/သူများ
အတွက်
အဆောင်စီစဉ်ပေးထားပါသည်။

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ဆန်းသစ်ခေတ်မီ လိုသူတွေအတွက် Gold Founder

GOLD FOUNDER

